# မန္တလေးသို့ အပြန်

ရာပြည့်



Return to Mandalay

ROSANNA LEY

# အခန်း (၁)

''ရုံးခန်းဘက်ကို လာနိုင်မလား အီဗာရေ…''

တစ်ဖက်အခန်းမှ လှမ်းပြောလာသော အလုပ်ရှင် သူဌေးမ ဂျက်ကီဒ ရိုင်းဒင်း၏ အသံက အမြဲပင် ယုံကြည်မှု အပြည့်ရှိနေပြီး မဆိုစလောက် တင်းမာသယောင် ရှိသည်။

ဝိတိုရိယခေတ် မှန်တင်ခုံဟောင်းတစ်ခု၏ အံဆွဲငယ်မှ စပရိန်တစ်ခု ကို ခါးကိုင်းလျက် ပြုပြင်နေသော အီဗာက ခေါ်သံကြားသည် နှင့် ခါးဆ န့်မတ်တတ်ရပ်လိုက်ပြီး နောက်ကျောကို လက်ဖနောင့်ဖြင့် ပွတ်ကာအ ညောင်းဖြေလိုက်သည်။ ဤအလုပ်မှာ သူ့အတွက် ရေရာလှသော အလု ပ်တစ်ခု မဟုတ်သဖြင့် လက်ရှိအလုပ်နေရာတွင် အချိန်မည်မျှ မြဲမြံနေမ ည်ကို သူကိုယ်တိုင်ပင် မသိတတ်နိုင်အောင် ရှိသည်။

''လာပါပြီ…''

အီဗာ စကားပြန်ရင်းပင် မြန်မြန်ပြန်လာမည်ဟု ကတိပြုခဲ့သည့် အ လား သစ်ကြားပင်သားဖြင့် ပြုလုပ်ထားသည့် မှန်တင်ခုံမျက်နှာပြင်ကို လက်ချောင်း ထိပ်ဖျားလေးများ ဖြင့် ခေါက်ပြီး ရုံးခန်းသို့ ထွက်သွားခဲ့သ ည်။

ရုံးခန်းထဲတွင် ဂျက်ကီဒရိုင်းဒင်းက လေသာဆောင် ပြတင်းပေါက်မှ တစ်ဆင့် အောက်ဘက်ရှိ လမ်းမကို ငေးစိုက်ကြည့်ရင်း

မတ်တတ်ရပ်လျက် ရှိသည် ။ အောက်တိုဘာ နှောင်းပိုင်းကာလ၏ ကြာသပတေးနေ့၊ နေ့လယ်ခင်း တစ်ရပ်ဖြစ်သော်လည်း ဘရစ္စတိုးလ်မြို့လယ်ကောင်မှာ ထုံးစံအတိုင်း စည်ကားမြဲ စည်ကားဆဲပင် ရှိသည် ။ ဘရစ္စတိုးလ် ရှေးဟောင်းပစ္စည်းအရောင်းပြခန်းသည် ငှားရမ်းခ ချိုသာသောလမ်းသွယ်တစ်ခုအတွင်း တည်ရှိသည် ဖြစ်သော်လည်း လမ်းသွားလမ်းလာတို့ ၏ အာရုံကို ဆွဲဆောင်နိုင်မည့် အခြားသော အရောင်းဆိုင်များကလည်း အပြိုင်းအရိုင်းပင်။ စပျစ်သီးဆွတ်သည့် ရာသီကလည်း အဝင်၊ လုပ်ငန်းလည်ပတ်မှုကလည်း မြန်ဆန်သွက်လက် လာသည် ဖြစ်၍ အီဗာ၏ အလုပ်ရှင်အနေဖြင့် ပျော်ရွှင်နေသင့်သည် ဖြစ်သော်လည်း သူ့ကိုကြည့်ရသည် က မရွှင်ပျလှ။ မျက်နှာပြင်ပေါ်တွင် လိမ်းနေကျအတိုင်း မိတ်ကပ် အဖွေးသား ရှိနေသော်လည်း အပြာရောင်မျက်လုံးများ တွင် မူ အီဗာ ယခင်က မမြင်ဘူးသော ဆုံးရှုံးမှုတစ်စုံတစ်ရာအတွက် ကြေကွဲရိပ်တို့ လွှမ်းနေသည် ကို မြင်ရသည် ။ ယခုမနက် ရုံးခန်းထဲတွင် ကြားခဲ့ရသော စကားသံများ နှင့် များ ဆက်စပ်နေမလားဟု အီဗာက တွေးနေမိသည် ။

''ဝင်ခဲ့လေ…''

ဂျက်ကီက ပြောရင်းပင် အီဗာဘက်သို့ လှည့်လာသည် ။ ဝမ်းနည်းကြေကွဲမှု အရိပ်အယောင်များ မတွေ့ရ တော့။ အီဗာ၏ စိတ်တွင် မူ ဂျက်ကီ၏ စိစစ်သည့် အကြည့်ကို ခံစားသိရှိနေသည် ။ သူ့အလုပ်ရှင်က ထိုသို့သော လူစားမျိုး။ အရပ်က ငါးပေသာသာခန့်မြင့်ပြီး ရွှေရောင်ဆံပင်ကို အကောင်းဆုံး ပြုပြင်ပုံသွင်းထားသည် ။ အနားကို သူရောက်လာလျှင်ပင် အီဗာတစ်ယောက် ကို့ရိုးကားရား ဖြစ်ကုန်တော့သည် ။ သူကတော့မူ ထိုသို့ဖြစ်လေ့ရှိဟန် မတူပေ။ အီဗာက ဂျင်းဘောင်းဘီပေါ်မှ လွှစာမှုန့်အချို့ကို လက်ဖြင့် သပ်ချလိုက်သည် ။ လက်များကလည်း လွှစာမှု

န့် များ ကပ်နေပြီး လက်မတစ်ဖက်တွင် သစ်သားစ တစ်စ စူးဝင်နေသလို ခံစားရသည် ။ အလုပ်သဘာဝအရ လက်သည်းတိုတို ညှပ်ထားကာ ဂျင်းဘောင်းဘီနှင့် တီရှပ်အကျႌကိုသာ ဝတ်ဆင်လေ့ရှိပြီး ကွန်ဗားစ်ဖိနပ်ဟောင်း တစ်ရံ စီးနင်းထားသည် ။ သူ၏ အနက်ရောင်ဆံပင်တို့ ကို အလုပ်လုပ်ရာတွင် အနှောင့်အယှက်မဖြစ်စေရန် နောက်ကျော ဘက်၌ စည်းနှောင်ထားသည် ။ သူ့အတွေးများကိုပင် သိမြင်နေတတ်သော ဂျက်ကီနှင့် မည်မျှ တူနေပြီနည်းဟု အီဗာက စိတ်ကူးယဥ်နေမိနိုင်ပါသည် ။ သူ၏ အလှဆုံးအချိန် မဟုတ်သော်လည်း ဤနေရာမှာ လုပ်ငန်းခွင်သာ ဖြစ်၍ အီဗာက အလုပ်ထဲတွင် နှစ်မြှုပ်လုပ်ကိုင်ရင်းသာ ပျော်ရွှင်နေရပေသည် ။

ဂျက်ကီက သူ့ကို ဝင်ထိုင်ရန် ဖိတ်ခေါ်ခြင်း မပြုသလို ပြုံးရယ်ပြခြင်းလည်း မရှိ။ ဂျက်ကီ၏ အပြင်ပန်း သဏ္ဌာန်ကို လှစ်ဟကြည့်ရန် ပြီးခဲ့သည့် လအနည်းငယ်အတွင်းက အီဗာ အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးသည် ။ သူ့အခန်းတွင်းသို့ ချောင်းကြည့်ရန် ကြိုးစားခဲ့ဖူးသော်လည်း အီဗာ မစွန့်စားရဲခဲ့။ တစ်ကြိမ်တလေမျှပင် ချောင်းမကြည့်ခဲ့ရဘူးသေးပါ။

''အလုပ်ကိစ္စတစ်ခုအတွက် မင်းကို ခရီးတစ်ခေါက် ထွက်စေချင်တယ်''

ဂျက်ကီက နိဒါန်းမပျိုးဘဲ ပြောလာသည် ။

''အဝေးကြီးကိုလား''

အီဗာက သံယောင်လိုက်မိသည် ။

''ဘယ်လို အလုပ်ကိစ္စလဲ''

ဟု လည်း တစ်ဆက်တည်း မေး လိုက်လေသည် ။

ဘရစ္စတိုးလ် ရှေးဟောင်းပစ္စည်းအရောင်းပြခန်းတွင် အီဗာ အလုပ် ဝင်ခဲ့သည် မှာ ခြောက်လအတွင်းခန့် ရှိပြီဖြစ်သည် ။ အလုပ်ကုမ္ပဏီက အာရှဒေသမှ ရှေးဟောင်း ပစ္စည်းရောင်းဝယ်သူများ နှင့် အဓိက ဆက် ဆံရသည် ဖြစ်၍ အီဗာအတွက် ဆွဲဆောင်နိုင်စွမ်းရှိသော အလုပ်ဖြစ်ပါ သည် ။ ကလေးအရွယ်ကပင် သစ်သားထည်ပစ္စည်းများ နှင့် ခေတ်ဟော င်းရာဇဝင်တို့ ကို နှစ်သက်စွဲလမ်းစေရန် ပျိုးထောင်ပေးခဲ့သည့် အဘိုးဖြ စ်သူကို ကျေးဇူးတင်မိရသည် ။ ဘိုးဘိုး ပျိုးထောင်ပေးခဲ့သော စိတ်ဓာ တ်တို့ က ယခုအချိန်အထိ အီဗာ၏ သွေးထဲတွင် လှည့်ပတ်စီးဆင်းနေ ဆဲ ဖြစ်သည် ။ အီဗာ အသက် ၆ နှစ် အရွယ်တွင် ဖခင်ဖြစ်သူ ကွယ်လွန် ခဲ့ပြီးနောက် တစ်စစီ ပြိုကွဲသွားရသော ဒေါ်ဆက်မြို့မှ မိသားစု နေအိမ် ကို အသက် ၁၉ နှစ်အရွယ်တွင် အီဗာ စွန့်ခွာခဲ့သည် ။ ထို့နောက် ဘရစ္စ တိုးလ် တက္ကသိုလ်တွင် ရှေးဟောင်း ပရိဘောဂများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း အတတ်ပညာကို အလှဆင်ဖန်တီးမှု အ နုပညာဖြင့် သင်ယူခဲ့သည် ။ အထူးပြုဘာသာရပ်မှာ အာရှလက်မှုအနုပ ညာ ဘာသာရပ် ဖြစ်သည် ။ ဤနေရာတွင် လည်း ဘိုးအေဖြစ်သူကိုပင် ကျေးဇူးစကား ဆိုရမည်။ ဆယ့်ခြောက်နှစ်မျှ ကြာမြင့်ခဲ့ပြီ ဖြစ်သည့် တို င် ဘိုးဘိုး၏ ကျေးဇူးများကား အများ အပြား တင်ရှိနေဆဲ။ ဘိုးဘိုးကို ကျေးဇူးစကားဆိုရန် အီဗာက သူ့ကိုယ်သူ အမြဲသတိပေးလေ့ ရှိသည် ။

ဂျက်ကီက အီဗာ့အမေးကို အဖြေပြန်မပေး။ ဂျက်ကီ ၏ စီးပွားရေး လုပ်ငန်းတွင် သာမက ဘဝတစ်လျှောက်လုံးပါ လက်တွဲဖော်ဖြစ်သူ လီ ယွန်ကလည်း ယခုမနက်က ရုံးခန်းထဲတွင် မေးမြန်းခဲ့သည် တို့ ကို ပြန် လည်ဖြေကြားခြင်း မရှိခဲ့။ 'ဘာတွေ စိတ်ပူနေတာလဲ၊ ဘာတွေဖြစ်နေ တာလဲ ပြောစမ်းပါ'ဟု ဂျက်ကီက ရုံးခန်းထဲတွင် ယခုမနက်ကပင် လီယွ န်ကို မေးသံကြားခဲ့ရသည် ။ 'ပြောမပြရင် ကျွန်မ ထွက်သွားလိုက်တော့

မယ်' ဂျက်ကီက ဖိအားပေးသည့် တိုင် လီယွန်က မဖြေခဲ့သဖြင့် ရှေးဟောင်း ဂျပန်စားတစ်လက်၏ ဓားအိမ်ကို ပြုပြင်နေသော အီဗာအနီးမှ ဖြတ်ကျော်ကာ ဂျက်ကီက ဒေါက်ချွန်ဖိနပ်သံ တစ်ဒေါက်ဒေါက်ဖြင့် အခန်းထဲက ထွက်သွားတော့သည် ။ အီဗာက သူတို့ နှစ်ဦးစကားသံကို မကြားယောင်ပြုနေ ခဲ့သည် ။

ယခုတော့ ဂျက်ကီကိုယ်တိုင် အီဗာကို ပြောပြနေပြီ ဖြစ်သည် ။

''မင်းသိတဲ့ အတိုင်းပဲ၊ အခုအချိန်မှာ တို့ တွေရဲ့ အာရှဒေသဘက်က ရှေးဟောင်းပစ္စည်းတွေ အဝယ်လိုက်နေတာ''

''ဟုတ်ကဲ့''

ဤအချက်ကိုဖြင့် အီဗာကလည်း သတိပြုမိပါ သည် ။ ကုမ္ပဏီက အဆိုပါလုပ်ငန်းဘက်တွင် လုပ်ငန်းတိုးချဲ့ လျက်ရှိပြီး ဝိတိုရိယခေတ်သစ်ကြားပင်သား မှန်တင်ခုံဟောင်းသည် လည်း မကြာခင် အရောင်းအဝယ်စကား ပြောလာရဖွယ် ရှိသည် ။ နိုင်ငံအများ အပြားတို့ က ယခင်က ထက်ပို၍ စီးပွားရေးတံခါး ဖွင့်ဟလာကြပြီး အရှေ့ဖျား ဒေသနိုင်ငံများက ယင်းတို့ ၏ ကိုလိုနီခေတ်လက်ရာ ပရိဘောဂဟောင်းများ ၊ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ၊ လက်မှုအနုပညာပစ္စည်းများ အပေါ် နိုင်ငံတကာက စိတ်ဝင်စားမှု တိုးပွားလာသည့် အလျောက် လုပ်ငန်းလုပ်ကိုင်ရာတွင် အားသာချက်များ ရရှိနေကြပေသည် ။

ဘရစ္စတိုးလ် ရှေးဟောင်းပစ္စည်းအရောင်းပြခန်းတွင် အနည်းအကျဉ်း မြင်တွေ့ရနိုင်သည့် ယင်းတို့ ၏ ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်များကဲ့သို့သော ပစ္စည်းများမှာ အချိန် ကာလကြာမြင့်သည် နှင့် အမျှ ပျက်စီးတတ်သည် ဖြစ်ရာ ယင်းတို့ ကို ဒေသခံကျောက်ဆစ်ပန်းပုသမားတို့ ဖြင့် အသစ် ပြန်လည် ပြုလုပ်ထားမည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ ဘရစ္စ

တိုးလ် ရေးဟောင်းပစ္စည်း အရောင်းပြခန်းကလည်း အရှေ့ဖျားဒေသမှ ကုန်သည် များ နှင့် အကျိုးအမြတ် ကောင်းကောင်း ရနိုင်မည့် လုပ်ငန်းတွဲဘက်ဆောင်ရွက်မှုများ ထူထောင်ရန် အချိန်ဆိုင်းမနေခဲ့ပါ။

''ဒါပေမဲ့ ပြဿနာတွေတော့ ရှိတယ်''

ရွှေရောင်ဆံပင်များကို နောက်ပြန်စည်းရင်း ဂျက်ကီက စကားဆက်လာသည် ။

''ပစ္စည်းတွေ အများကြီးက တော်တော်လေး ပျက်စီးပြီး ရောက်လာမှာ အစောပိုင်းမှာ ပေါ့''

''ဒါက မဖြစ်အောင်လုပ်လို့ ရတယ်လေ''

အီဗာကိုယ်တိုင်လည်း ထိုစကားကို သဘောတူပါသည် ။ ပစ္စည်းများ ပျက်စီးလာလျှင် သူကိုယ်တိုင်ပင် ပြင်ရမည်ပင်ဖြစ်သည် ။ တက္ကသိုလ်ပညာ ဆည်းပူးစဉ် ကတည်းက ရရှိထားသည့် အတတ်ပညာကို သေချာပေါက် အသုံးချနိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် အရောင်းပြခန်း သို့ အလုပ် ဝင်ရောက်လာခြင်းဖြစ်သည် ။ သို့ရာတွင် သူ လုပ်ရသည် တို့ က သူ၏ မျှော်လင့်ချက်တို့ ကို ဖြည့်ဆည်းနိုင် ခြင်း မရှိသေးချေ။ အီဗာသည် ယခင်က တစ်ပတ်ရစ် ပရိဘောဂဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်ခဲ့ဖူးသည် ။ ဝင့်ကြွားလွန်းသော ဆိုင်ရှင်အမျိုးသား၏ အပြုံးများ အောက်တွင် အီဗာ၏ စိတ်ညွှတ်မိလုဖြစ်ခဲ့ရသည် အထိပင်။ ထို့နောက် တွင် တော့ ပြတိုက်တစ်ခု၏ အရောင်းဆိုင်တွင် အလုပ်ရပြန် သည် ။ ထိုပြတိုက်တွင် လီယန်နာနှင့် သူငယ်ချင်းဖြစ်ခဲ့ ရသည် ။ အီဗာသည် မင်္ဂလာဝတ်စုံ အငှားဌာနတစ်ခုတွင် လည်း စက်ချုပ်သမားအဖြစ် တစ်နှစ်ခန့် အလုပ်လုပ်ခဲ့ဖူးသည် ။ ယခုတစ်ကြိမ်အလုပ်တွင် မူ သူမျှော်လင့်ထားသကဲ့သို့ သူ လျှောက်လှမ်းလိုသောလမ်းအတိုင်း လျှောက်လှမ်းခွင့် ရခဲ့ပြီဖြစ်သ

ည် ။

သို့ရာတွင် အရောင်းပြခန်း၌ လက်တွေ့အလုပ် လုပ်ရသည့် အခါ အခြားစိတ်ပျက်ဖွယ်ရာတို့ ကို ကြုံတွေ့ရ ပြန်သည် ။ အီဗာ အများ ဆုံး လုပ်ရသည် တို့ မှာ ပစ္စည်းပျက်စီးမှုတို့ ကို လက်ဖြစ်ပြုပြင်ရခြင်း၊ သန့်ရှင်းရေး ပြုလုပ်ပေးရခြင်းနှင့် အထုပ်အပိုးများ ဖွင့်ဖောက်စစ်ဆေးခြင်းတို့ အပြင် ဈေးဝယ်ဖောက်သည် များ နှင့် ပြောဆိုဆက်ဆံရသည် တို့ လည်း ပါဝင်လေသည် ။ ကုမ္ပဏီအနေဖြင့် အမြတ်အစွန်းကောင်းကောင်း ရရှိသော လုပ်ငန်းတွဲဘက် လုပ်ဆောင်မှုကောင်းများ ရရှိကောင်း ရရှိမည်ဖြစ်သော် လည်း အရောင်းပြခန်းမှာ ဝန်ထမ်းအင်အား နည်းပါးလှသည် ။ ဂျက်ကီနှင့် လီယွန်ပြီးလျှင် လစ်ဒီယာ တစ်ယောက်သာ ကျန်တော့သည် ။ လစ်ဒီယာက အရောင်းပြခန်းတွင် အချိန်ပိုင်းသာ အလုပ်လုပ်သည် ဖြစ်၍ ကျန်အလုပ်များကို အီဗာကပင် လုပ်ရတော့လေသည် ။

''ဒါကို မဖြစ်အောင် တားနိုင်မယ့်နည်းလမ်း ရှိရင်တော့ ဟုတ်တာပေါ့ အီဗာ''

''ကျွန်မတို့ လူတွေက သင်္ဘောမတင်ခင် အထုပ်တွေကို မစစ်နိုင်ဘူးလား''

အီဗာက ခပ်အေးအေးပင် မေးလိုက်သည် ။ ကုမ္ပဏီ နှင့် ဆက်ဆံနေသော နိုင်ငံအများ အပြားမှ ကုန်သည် တို့ က ပစ္စည်းများကို ကောင်းစွာ ထုပ်ပိုးပေးပို့လေ့ မရှိကြ။ သတင်းစာစက္ကူနှင့် ပတ်၍ ပို့သည် များ ပင် ရှိကြသည် ။ ကွဲရှပျက်စီး လွယ်သော ရှေးဟောင်းပစ္စည်းတို့ ၏ တန်ဖိုးကို တန်ဖိုးထားရကောင်းမှန်း သိပုံမရပေ။

''ပြီးတော့...''

အီဗာ၏ ရှေ့ဆက်ရန်ဟန်ပြင်နေသည့် အကြံပေးစကားကို ဂျက်ကီ

က လက်ဖှေ့ယမ်းကာ ဟန့်တား လိုက်ပြီး…

''တို့ ရဲ့ အဆက်အသွယ်က တို့ တွေ စိတ်ဝင်စားနိုင်လောက်တဲ့ ခါတိုင်းနဲ့ မတူတဲ့ ပစ္စည်းတွေ ပို့လာမှာ ''

ဟု ဆိုလိုက်သည် ။

''ဘယ်လို ခါတိုင်းနဲ့ မတူတာတွေပါလိမ့်''

အီဗာ၏ စိတ်ဝင်စားမှုက ဘွားခနဲပေါ်လာသည် ။

''ဆင်းတုတွေ၊ သစ်သားထည်ပရိဘောဂတွေ၊ ၁၈ ရာစု၊ ၁၉ ရာစုလောက်က ပစ္စည်းတွေပေါ့၊ တချို့ဆို အဲဒီထက် စောရင်တောင် စောနိုင်တယ်၊ ထူးခြားတယ်၊ ရှေးကျတယ်၊ တို့ တွေ ရှာနေတဲ့ ပစ္စည်းမျိုးတွေပဲ''

ဂျက်ကီ၏ မျက်ဝန်းအစုံက စိတ်အားထက်သန်မှု အပြည့်ဖြင့် စက္ကန့်ပိုင်းမျှ ဝင်းလက်သွားခဲ့သည် ။

''ဒါပေမဲ့…''

ဂျက်ကီ့အသံ ခဏမျှ တိတ်ဆိတ်သွားပြီးမှ …

''အဲဒီက တို့ ရဲ့ အဆက်အသွယ်ကို အပြည့်အဝ ယုံကြည်လို့ မရဘူး''

ဟု ပြောလာသည် ။ အီဗာ၏ တုံ့ပြန်မှုကို အကဲခတ်သည့် အလား ဂျက်ကီက တစ်ချက်လှမ်းကြည့်လာသည် ။

အီဗာက ပခုံးနှစ်ဖက်သာ တွန့်ပြလိုက်သည် ။ မည်သည့်အတွက်ကြောင့် မယုံကြည်ရသည် ကို မေးနေရန် မလိုပါ။ ပထမဆုံးအနေဖြင့် ဂျက်ကီဒရိုင်းဒင်းနှင့် ခြောက်လခန့် လက်တွဲအလုပ်လုပ်ပြီးနောက် သူ၏ အလုပ်ရှင်သည် မည်သူ့ကိုမဆို ယုံကြည်ခဲလှကြောင်း သိထားနှင့် ပြီး ဖြစ်နေခြင်းပင်။ လီယွန်ကိုပင် ယုံကြည်ချင်မှ ယုံကြည်မည့် သူ

ဖြစ်သည် ။ ဒုတိယအချက်အဖြစ် စဉ်းစားမိသည် က အရှေ့ဖျားဒေသအတွင်းမှ အဆက် အသွယ်များ စွာတို့ သည် ယင်းတို့ ၏ အစီအစဉ်ဖြင့်သာ အလုပ်လုပ်လေ့ရှိသည် ကို အီဗာ သတိပြုမိထားသည် ။ ပြည်ပမှ ဝယ်သူများ အပေါ် မည်သည့် အတွက်ကြောင့် ယင်းတို့ က သစ္စာစောင့်သိကြရမည်နည်း။ သူတို့ ၏ မိသားစု များ အပြင် ဆင်းရဲတွင်းထဲတွင် ကြာမြင့်စွာ နေထိုင်နေကြသောသူ များ စွာရှိနေသည် ။ သူတို့ ၏ နိုင်ငံများ အတွက် မည်သည့် အတွက်ကြောင့် ပထမဦးစားပေး မစဉ်းစားဘဲ နေကြရမည်နည်း။

''မူရင်းထုတ်လုပ်တဲ့ နေရာ စစ်မှန်ပုံကတော့ မှန်တယ်ဆိုတာထက်တောင် ပိုနေသေးတယ် အီဗာ၊ ဒါပေမဲ့ မှန်ကန်ကြောင်းသက်သေတော့ လိုတာပေ့ါလေ''

''ကျွန်မ သိပြီ''

မျှော်လင့်ချက်တို့ ဆူပွက်လာသံကို အီဗာစိတ်ထဲက သိလိုက်သည် ။

ယခုလို အခွင့်အရေးအတွက်ပင် သည် ကုမ္ပဏီသို့ သူဝင်လာခဲ့သည် မဟုတ်ပါလား။ ရှေးဟောင်းပစ္စည်း စစ်မှန်ကြောင်း သက်သေပြုခြင်း၊ မူလအနေအထားအတိုင်း ပြန်လည်ရရှိစေရန် ပြုပြင်ထိန်းသိမ်းခြင်း၊ နောက်ခံသမိုင်း ကြောင်း ပြန်လည်ဖော်ထုတ်ခြင်း စသည် တို့ မှာ အီဗာ လုပ်ချင်သောအလုပ်များ ပင်။ ခရီးသွားခြင်းသည် လည်း အပါအဝင် ဖြစ်သည် ။ ဤသည် က မျှော်လင့်မထားသော အပိုဆုလည်း ဖြစ်သည် ။ အရောင်းပြခန်းတွင် လအနည်းငယ်မျှ လုပ်ကိုင်ပြီးသည် နှင့် သူအလိုရှိသည့် အတိုင်း အတိအကျဖြစ်လာခဲ့ရချေပြီ။

''မင်းလုပ်နိုင်ပါတယ်၊ လုပ်နိုင်တယ်မဟုတ်လား''

''လုပ်နိုင်ပါတယ်''

ဒီအလုပ်က သူလေ့ကျင့်သင်ကြားထားသော အလုပ်ဖြစ်သည် ။

ထို့အပြင် ဤခရီးစဉ်က သူ၏ ကျွမ်းကျင်မှုတို့ ကို သက်သေပြနိုင်ရန် အခွင့်အရေးပေးမည့် ခရီးစဉ်လည်း ဖြစ်သည် ။

ဂျက်ကီက မျက်မှောင်ကြုတ် ပြန်သည် ။

''မင်းဘာသာ သွားရမှာ ကို ပြဿနာမရှိပါဘူးနော်''

''လုံးဝ မရှိပါဘူး''

အီဗာက တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အလုပ်လုပ်ရသည် ကို ပိုနှစ်သက်သူဖြစ်သည် ။ ပြီးတော့ ဤခရီးစဉ်က စွန့်စားခန်းတစ်ရပ်လည်း ဖြစ်လာပေဦးမည်။

''ကျွန်မကို တစ်ဖက်က အဆက်အသွယ်နဲ့ စကားပြောစေချင်မယ်လို့ ထင်တယ်''

''ဟုတ်တယ်''

ဂျက်ကီက နားလည်၍ မရနိုင်သော အကြည့်မျိုးဖြင့် လှမ်းကြည့်ရင်း ပြန်ဖြေသည် ။

''ဒီလူနဲ့ တို့ တွေရဲ့ ဆက်ဆံရေးပိုကောင်းလာအောင် လုပ်ပေးရမယ်'
'

ဂျက်ကီက စကားလုံးများကို သတိထား ရွေးချယ် ပြောကြားနေဟန်ရှိသည် ။

''ဒါပေမဲ့ ပါးပါးနပ်နပ် ကိုင်တွယ်ဖို့ တော့ လိုလိမ့်မယ်''

''ကျွန်မ နားလည်ပါပြီ''

''အဲဒီမှာ ရှိနေတုန်း လှည့်ပတ်ကြည့်ဖို့ အခွင့်အရေးလည်း ရနိုင်မယ် ''

ဂျက်ကီက စကားကို မည်သည့် အတိုင်းအတာအထိ ပြောရမည်ဆိုသည် ကို မသိသည့် အလား သတိထား ပြောကြားနေဆဲပင် ဖြစ်သည် ။

''ဘာတွေ လှည့်ပတ်ကြည့်ရမှာ လဲ''

အီဗာက ရှင်းသွားအောင် မေးလိုက်ပြီးနောက် လက်သန်းတွင် ဝတ်ထားသော လက်စွပ်ကိုလှည့်ရင်း ဂျက်ကီ့အဖြေကို စောင့်နေလိုက်သည် ။ လက်စွပ်က ၂၁ နှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ် အဘိုးဖြစ်သူက ပေးထားသော ဒေစီပန်းပွင့်ပုံ ဖော်ထားသည့် စိန်လက်စွပ် ဖြစ်သည် ။ အီဗာက ဤလက်စွပ်ကို အလုပ်ဆင်းသည် ဖြစ်စေ၊ မဆင်းသည် ဖြစ်စေ နေ့တိုင်းဝတ်ဆင်သည် ။

''တခြားနေရာတွေကို စူးစမ်းလေ့လာရမယ်။ ရှေးဟောင်းပစ္စည်းဈေးကွက်တွေဆီ သွားရမယ်၊ အရောင်း အဝယ်သမားတွေနဲ့ စကားပြောရမယ်၊ ဖြစ်နိုင်ရင် အဆက်အသွယ်အသစ်တွေ ရှာရမယ်၊ တို့ တွေ စိတ်ဝင်စားလောက်တဲ့ ပစ္စည်းအမယ်အသစ်တွေ ထပ်ရှာခဲ့ရမယ်''

ကောင်းလိုက်သည့် ဖြစ်ခြင်း။ ရင်များ ပင် တသိမ့်သိမ့် ပြန်တုန်လာသည် ။ အီဗာက သူ၏ အံ့အားသင့်မှုကို ဖုံးကွယ်ရန် ကြိုးစားလိုက်သည် ။ ဤမျှ အလျော်အစားကြီးမားသည့် ကိစ္စရပ်မျိုးတွင် ဂျက်ကီက မည်သည့် အတွက်ကြောင့် ကိုယ်တိုင် မသွားရပါသနည်း။ သူ့ကို ပ,ထုတ်ရန် ကြိုးစားခြင်း မဖြစ်နိုင်တာ သေချာပါရဲ့ လား။ သူ၏ အလုပ်ရှင်ကဲ့သို့သော လူမျိုးအတွက် အရှက်ရဖွယ်ကိစ္စမျိုး ဖြစ်သည့် တိုင် တစ်ဖက်သားနှင့် စကားအချေအတင်များ သည် အထိ ဖြစ်ခဲ့ရသည် ကိုပင် ကြားခဲ့ရသေးသည် မဟုတ်ပါလား။ ဂျက်ကီက အကဲဆတ်လွန်းလှပြီး ပုံမှန်ထက်

ပိုကဲနေခြင်းလည်း ဖြစ်နိုင်သည် ။

''ငါက ဒီမှာ အလုပ်ရှုပ်နေမှာ မို့လို့ ပါ''

ဂျက်ကီက ပြတင်းပေါက်အနီးမှ ခွာကာ အခန်းအလယ်တွင် နေရာများ စွာယူထားသော သားရေအုပ်ထား သည့် မဟော်ဂနီသစ်သား စားပွဲအနီးသို့ ရောက်သွားသည် ။ စားပွဲပေါ်မှ စာရွက်အထပ်လိုက်ကို တစ်ဖက်သို့ လက်ဖြင့်တွန်းကာ သူ မည်မျှအလုပ်များ နေသည် ကို ပြသလိုက်သည် ။

''အရေးကြီးတဲ့ သင်္ဘောတင်ပစ္စည်းတချို့လည်း ရောက်ခါနီးနေပြီ''

ဂျက်ကီက နောက်တစ်ကြိမ် အတွေးထဲသို့ လွင့်မျော သွားဟန် ရှိပြီးမှ ဖျတ်ခနဲ အသိပြန်ဝင်လာဟန်ဖြင့်…

''ဒီအချိန်မှာ ခရီးဝေးသွားဖို့ မဖြစ်နိုင်ပါဘူး''

ဟု ဆိုလာသည် ။

လီယွန်ကြောင့် ပင် ဖြစ်မည်ဟု အီဗာက အတပ်တွေးလိုက်သည် ။ အခြားအကြောင်းရင်း မရှိနိုင်လောက်ပါ။

''ဒီလူတွေက တစ်ချိန်လုံး စောင့်နေမှာ မဟုတ်ဘူး ၊ စိတ်ဝင်စားနေတဲ့ တခြားလူတွေလည်း ရှိနေသေးတယ်၊ မင်း သေချာမှ ဖြစ်မှာ ၊ အဲဒီအတွက် ဘာမှ ပြောစရာမရှိဘူး''

ဂျက်ကီက သက်ပြင်းတစ်ချက် ချလိုက်သည် ။

''မင်းသွားရမှာ ပဲ၊ မင်းကလွဲလို့ တခြားလူရှိတာ မဟုတ်ဘူး ''

စင်စစ်တွင် မူ ဂျက်ကီက မြှောက်ပင့်ပြောနေခြင်းသာ ဖြစ်သည် ။ အီဗာက မျက်ခုံးတစ်ဖက်ကို ပင့်လိုက်သည် ။

''ကျွန်မက ဘယ်ကို သွားရမှာ လဲ၊ အတိအကျ ပြောပါဦး''

''သြော်...''

ဂျက်ကီက စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ကောက်ယူလိုက်သည် ။

''ငါ မပြောရသေးဘူးလား၊ ဗီဇာယူလို့ ရပြီဆိုရင် ရှေ့သီတင်းပတ်မှ မင်းသွားရမယ်၊ လေယာဉ်လက်မှတ် ကြိုတင်စီစဉ်ပေးထားမယ်၊ လေယာဉ်ချိန်လည်း အတိအကျ လှမ်းပြောပေးမယ်၊ မင်းရဲ့ နိုင်ငံကူးလက်မှတ်ကို မနက်ဖြန် မနက် ယူလာခဲ့ပါ၊ လေဆိပ်မှာ တွေ့ရမယ့် ကိုယ်စားလှယ် တစ်ယောက် စီစဉ်ပေးထားမယ်၊ သူက မင်းအတွက် ဟိုတယ်ခန်း စီစဉ်ပေးထားလိမ့်မယ်''

ဆီးရောင်ရင့်ရင့် လက်သည်းဆိုးဆေး ဆိုးထားသော လက်ညှိုးထိပ်ဖြင့် စာရွက်ပေါ်တွင် လမ်းကြောင်းတစ်ခုကို ဂျက်ကီက လိုက်လံရှာဖွေရင်း...

''ရန်ကုန်၊ ပုဂံ၊ မန္တလေး''

ဟု ဆိုလိုက်သည် ။

''ဒါက မင်းသွားရမယ့်နေရာတွေပဲ၊ ဆယ်ရက်ဆိုရင် ကောင်းကောင်း လောက်တယ်၊ ပြည်တွင်းလေယာဉ် ခရီးစဉ်တွေ မင်းစီးသွားရမယ်၊ အချက်အလက် အသေးစိတ်ကို ကြိုပြီးတော့ ပေးထားမယ်၊ ဟုတ်ပြီလား''

အီဗာက ဂျက်ကီ့ကို စိုက်ကြည့်နေမိသည် ။ သူ့အနေဖြင့် အိပ်မက်ထဲမှာ ပင် မမျှော်လင့်ရဲခဲ့သော 'ဗမာပြည်' တဲ့ လားဟု တီးတိုးရေရွတ်မိသည် ။ သူ့နှလုံးသားက နားယဉ်နေသော တေးသွားဟောင်းတစ်ခုကဲ့သို့ တဒုန်းဒုန်း မြည်နေ သည် ။ ထိုတေးသွား၏ နရီစည်းချက်ဖြင့် အီဗာ

ကြီးပြင်းလာခဲ့ရခြင်းဖြစ်ပြီး ယင်းနရီစည်းချက်သည် သူ၏ ဘဝ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်လာခဲ့ရသည် ။ ယခုတော့ ဗမာပြည်သို့ သူ သွားရတော့မည်။ ဗမာပြည်အကြောင်းကို အီဗာ များ စွာကြားဖူးခဲ့ပြီးဖြစ်သည် ။ ယခုအခါ လက်တွေ့ အရသာကို မြည်းစမ်းခွင့် ရတော့မည်ဖြစ်သည် ။ အတွေ့ အကြုံများကို ကိုယ်တိုင် ကြုံတွေ့ခံစားနိုင်တော့မည် ဖြစ်သည် ။ သူက တံခါးကို အားကုန်ဖွင့်ကာ လမ်းပေါ်ရှိ လူများကြားအောင် အော်ဟစ်လိုက်ချင်သည် ။ ရင်ထဲတွင် လှိုက်တက်လာသော ပီတိအလုံးလိုက်ကို အပြင်သို့ အန်ထုတ်ပြလိုက်ချင်တော့သည် ။

''ဟုတ်တယ်၊ အခုတော့ မြန်မာနိုင်ငံလို့ ခေါ်တာ မင်းသိတယ် မဟုတ်လား''

''ကျွန်မ သိတယ်''

အီဗာက ဂျက်ကီ့ဟန်ဖြင့် မဲ့ပြုံးပြုံးကာ ပြောလိုက်သည် ။ တစ်ခါတစ်ရံ ဂျက်ကီက သူ့ကို မနှစ်သက်တတ် သည် ဖြစ်စေ၊ သူ့အပေါ် ခြိမ်းခြောက်သကဲ့သို့ ခံစားတတ်သည် ဖြစ်စေ အရေးမကြီးပါ။ အရေးကြီးသည် က သူ့အပေါ် ဤသို့သော အခွင့်အရေးမျိုး ယုံကြည်စွာ အပ်နှံခံရသည့် အတွက်လား၊ ဗမာပြည်ကို သွားရခြင်းက အရေးကြီးသည် လား သူ မသိတော့။ အီဗာက မျက်လုံးအစုံမှိတ်လိုက်သည် တွင် အပြာရောင်၊ ရွှေရောင်များ လင်းလက်တောက်ပနေသော မြန်မာနိုင်ငံ၏ ရောင်စဉ်များကို စိတ်အတွင်းက သိရှိခံစားနေမိတော့သည် ။

ဗမာပြည်အကြောင်း သူသိထားသည် မှာ များများ စားစား မရှိလှဟု အီဗာက တွေးမိလိုက်သည် ။ အီဗာ၏ အဘိုးဖြစ်သူသည် သူ့ဘဝအပေါ် လွှမ်းမိုးမှုအရှိဆုံးသော နှစ်ပေါင်းများ စွာကို ဗမာပြည်တွင် နေထိုင်ကုန်ဆုံးစေခဲ့သူ ဖြစ်သည် ။ သူသည် ဗမာပြည်၏ သစ်လုပ်ငန်းလောက အ

တွင်း အလုပ်လုပ်ခဲ့ပြီး ဂျပန်တပ်များ နှင့် လည်း ရင်ဆိုင် တိုက်ခိုက်ခဲ့ဖူး သူ ဖြစ်သည် ။ ဗမာပြည်တွင် နေထိုင်စဉ် ဘဝမျိုးစုံတွင် ကျင်လည်ခဲ့ရ သည် ။ အီဗာငယ်စဉ်က ဘိုးဘိုး ပြောပြခဲ့သော ပုံပြင်များက အီဗာ၏ အ သည်းနှလုံးကို ရစ်ပတ်နှောင်ဖွဲ့လျက် ရှိဆဲပင် ဖြစ်သည် ။

''အဲဒီတော့ မင်းသွားမှာ လား အီဗာ''

အီဗာက မသွားလိုကြောင်း ပြန်ဖြေမည့် ဟန်မရှိသည့် တိုင် ဂျက်ကီ က မေးလာခြင်းဖြစ်သည် ။

''မင်းစစ်ဆေးရမယ့် ပစ္စည်းတွေ တချို့ပုံတွေကို ကွန်ပျူတာနဲ့ ပုံထု တ်ပေးထားတယ်၊ ကိုင်တွယ်ရတာ ပိုအဆင်ပြေအောင်လေ၊ ပုံတွေအား လုံး ဒီမှာ ရှိတယ်''

''အိုး... ဟုတ်ကဲ့၊ ကျွန်မ သွားပါ့မယ်''

တစ်နေ့တွင် ဗမာပြည်သို့ သွားရောက်လည်ပတ်ခွင့် ရလိမ့်မည်ဟု အီဗာက သိနေနှင့် ပြီးဖြစ်သည် ။ ဘာကြောင့် မသွားနိုင်ရမည်လဲ။ အီဗာ အသက်နှစ်ဆယ်တွင်းနှင့် သုံးဆယ်ကျော်စ အချိန်များက ရရှိသော အ လုပ်အားလပ်ရက်များက တိုတောင်းလှသည် ။ ရှေးဟောင်းပစ္စည်း ဈေး ကွက်များကို လေ့လာရန်နှင့် သမိုင်းဝင်အဆောက်အအုံများကို လည်ပ တ်လေ့လာရန်ပေးသည့် အားလပ်ရက်များက ဥရောပမြို့ကြီးများ ဆီသို့ သာသွားရန် လုံလောက်သည် ။ ထို့ထက်ဝေးဝေး ခရီးသွားဖူးသည် မှာ ထိုင်းနိုင်ငံအထိသာ ဖြစ်သည် ။ ထိုင်းခရီးစဉ်ကို ကောလိပ်ကျောင်းနေဖ က် သူငယ်ချင်း ဂျက်စ်နှင့် အတူ သွားရောက်ခဲ့ခြင်းဖြစ်သည် ။ ဗမာပြည် သည် သူ့အတွက် ကုန်ကျစရိတ် ပိုမိုများ ပြားသော ခရီးစဉ်ဖြစ်ရုံသာမ က နိုင်ငံရေးအနေအထားအရ ခရီးသွား ရန်မသင့်ဟု ကာလကြာရှည်စွာ သတ်မှတ်ခံထားရသော ဒေသလည်း ဖြစ်သည် ။ ကု

န်းမြင့်ဒေသရှိ တိုင်းရင်းသား လူမျိုးစုတို့ အကြား မငြိမ်မသက်မှုများ ၊ အစိုးရ၏ ဖိနှိပ်မှုများ စသည် တို့ အပြင် နိုင်ငံသားများ အတွက် ဒီမိုကရေစီတိုက်ပွဲ ဝင်ရန်အလို့ ငှာ မိမိကိုယ်ပိုင်ဘဝကို စတေးခံခဲ့သော အားလုံး ချစ်သည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချထားသည့် သတင်းများကိုလည်း အီဗာ သိပါသည် ။ နိုင်ငံခြားခရီးသွားဧည့်သည် များကို ကြိုဆိုကြသော်လည်း မြန်မာ့ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေများမှာ မြန်မာစစ်အစိုးရ၏ အိတ်ထောင်အတွင်းသို့ တိုက်ရိုက် ရောက်ရှိသွားရသည် ကိုလည်း အီဗာ သိရှိပါသည် ။ မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းဖြင့် စစ်အစိုးရကို ထောက်ခံအားပေးသကဲ့သို့ ဖြစ်မည်ဟု လည်း အီဗာ နားလည်သိရှိထားပါသည် ။

သို့ရာတွင် ယခုအခါ အခြေအနေများက ပြောင်းလဲခဲ့ပေပြီ။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့ပြီးဖြစ်ကာ နိုင်ငံရေးရာသီဥတုမှာ လည်း ပြောင်းလဲစပြု လာပြီဖြစ်ရာ အီဗာ၏ ကလေးဘဝ အိပ်မက် တို့ မှာ လက်တွေ့အကောင်အထည်ပေါ်လုပြီ ဖြစ်သည် ။

အိပ်မက်မဟုတ်သည် ကို သေချာစေရန် ကိုယ့်ကိုယ်ကိုယ် ဆွဲဆိတ်ကြည့်ရကောင်းနိုး အီဗာက တွေးရင်း စားပွဲအနီးသို့ တိုးကပ်လိုက်သည် ။ စားပွဲပေါ်ရှိ ကျွန်းသား ဖြစ်ဟန်ရှိသော ရွှေချထားသည့် ဗုဒ္ဓရုပ်ပွားတော်၏ ကြည်လင်သော မျက်ဝန်းအစုံက အီဗာကို တည်ငြိမ် အေးချမ်းစွာ ကြည့် နေသကဲ့သို့ ရှိသည် ။ အီဗာက အနီးသို့ ပို၍ တိုးကပ်ကာ ရွှေချထားရာနေရာတွင် နှစ်ကာလကြာမြင့် မှုကြောင့် ကွက်နေသည် များ ရှိမရှိ ရှာဖွေကြည့်လိုက်သည် ။ မြန်မာနိုင်ငံသို့ ရောက်ရှိသည့် အခါတွင် လည်း ထိုအနေ အထားမျိုးကို ကောင်းစွာ လေ့လာအကဲဖြတ်ရမ

ည် ဖြစ်သည် ။ တက္ကသိုလ်တွင် ပညာသင်ကြားစဉ်က လေ့လာခဲ့ ရသည့် အခြားသော ပစ္စည်းများ စွာတို့ ၏ ပုံများ လည်း ရှိသေးသည် ။ အချို့မှာ ပန်းပုရုပ်တုများ ဖြစ်ပြီး ဆေးခြယ် သည် က ခြယ်၊ ရွှေချသည် ကချ၊ အနုလက်ရာမြောက်စွာ အလှတန်ဆာဆင်သည် တို့ ဆင်ထားကြကာ အချို့သော ပစ္စည်းများမှာ ၁၇ ရာစုခေတ်က ပစ္စည်းများ ပင် ဖြစ်နိုင်ပေသည် ။ အနုစိတ် ထုလုပ်ထားသော နတ်သမီးအရုပ်၊ ကြာပွင့်ပေါ်တွင် စံပါယ်နေသော သံဃာတော်ရုပ်တု၊ နတ်ရုပ် စသည် ဖြင့် များ စွာသော ရှေးဟောင်းပစ္စည်းများ ရှိကြသေးသည် ။ ဘာသာရေးကျမ်းဂန်လာ စာသားများ ရေးထွင်းထားသော ကျွန်းသားသေတ္တာ၊ ရှေးဟောင်းသစ်ထွင်း နွားစာခွက်၊ ရှေးဟောင်းဘုရား ကျောင်း တစ်ကျောင်းမှ ဖြစ်ဟန်ရှိသော အမွှမ်းအပြောက်များ ဖြင့် တန်ဆာဆင်ထားသည့် တံခါးနှစ်ချပ် စသည့် ရုပ်ပုံတို့ ကို စိတ်လှုပ်ရှားမှုအပြည့်ဖြင့် အီဗာ မြင်တွေ့ခံစားလိုက်ရသည် ။

အီဗာက ဂျက်ကီကို တစ်ချက်လှမ်းကြည့်သည် တွင် အကြည့်ချင်းဆုံသွားခဲ့ရသည် ။ အဆိုပါ လက်မှုအနုပညာ ပစ္စည်းများ နှင့် ပတ်သက်၍ ဂျက်ကီ့ထံတွင် နောက်ထပ် သတင်းအချက်အလက်များ စွာ ရှိနေမည်မှာ သံသယပွားရန် မရှိပေ။ အီဗာ ခရီးမထွက်မီ ထိုသတင်းအချက်အလက် အားလုံးကို လေ့လာထားရန် ဂျက်ကီကလည်း ပေးမည်သာ ဖြစ်သည် ။ ဂျက်ကီ၏ စကားကလည်း မှန်လှသည် ။ ရုပ်ပုံများကို ကြည့်ရုံနှင့် ပင် အချို့သော ထူးခြားသည့် ပစ္စည်းများ ရှိနေကြောင်း အီဗာ မြင်တွေ့ သိရှိရပြီဖြစ်သည် ။ မျက်မြင်တွေ့ရှိရမည့် အခွင့်အရေးကိုလည်း သူက ပေးဦးမည် ဖြစ်သည် ။ အနီးကပ်ကြည့်ရှုစစ်ဆေး၊ အစစ်အမှန် ဖြစ်ကြောင်း သက်သေအထောက်အထားပြုပြီး ယူကေနိုင်ငံသို့ ပြန်လည်သယ်ဆောင်လာရမည်ဖြစ်သည် ။

''ကျေးဇူးတင်ပါတယ် ဂျက်ကီ''

ဂျက်ကီက ပဟေဠိဆန်သောအကြည့်ဖြင့် လှမ်းကြည့်လာသည် ။

''ကျွန်မအပေါ် ယုံကြည်မှုထားတဲ့ အတွက် စိတ်မပျက်စေရပါဘူး''

ရုံးခန်းမှ ထွက်လာခဲ့ပြီး ဝိတိုရိယခေတ်မှန်တင်ခုံဟောင်းအကြောင်း ပြန်လည်တွေးတောနေရင်းပင် အီဗာ၏ စိတ်က ဗမာပြည်သို့ သွားရာလမ်း တစ်ဝက်ခန့် ခရီးပေါက်နေပေပြီ။ အီဗာမှာ ယခုတိုင် မယုံနိုင်အောင်ဖြစ်နေဆဲ ဖြစ်သည် ။ ဗမာပြည်ခရီးစဉ်သည် သူ၏ မျှော်လင့်ချက်များကို ရှင်သန်စေမည်လား။ အဘိုးဖြစ်သူ၏ ပုံပြင်များ ထဲမှ ကွက်လပ်များကို ဖြည့်စွက်ပေးမည်လား။ ထိုအကြောင်းများကို အဘိုးဖြစ်သူအား အီဗာ ပြောပြပါက အဘိုးက မည်သို့ တုံ့ပြန်လာမည်လဲ။ အတွေးများ စွာထဲတွင် အီဗာတစ်ယောက် ချာချာလည်နေဆဲ။ ဗမာပြည်သို့ သွားရောက်ခြင်းသည် အဘိုးဖြစ်သူ၏ ဘဝကို အပြောင်းအလဲဖြစ်စေခဲ့သည် ။ ထို့နည်းတူပင် ဗမာပြည်ခရီးစဉ်က သူ့ဘဝကိုလည်း ပြောင်းလဲစေနိုင်ခဲ့မည်ဆိုပါက အီဗာတစ်ယောက် အံ့သြမဆုံးရှိတော့မည်သာ ဖြစ်ပေသည် ။

* * *

# အခန်း (၂)

အီဗာက ရုံးခန်းတံခါးကို ပိတ်ပြီး သူနေထိုင်ရာ တိုက်ခန်းဆီသို့ ပြန်လာခဲ့သည် ။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့ရခြင်းများ အတွက် ဝိုင်တစ်ခွက်နှင့် ရေနွေးနွေးတွင် ရေစိမ်ချိုးရန် လိုအပ်နေပေပြီ။ ပြီးလျှင် သည်အကြောင်းများကို ပြောပြချင်ဆုံးသော သူတစ်ယောက်ဆီ ဖုန်းဆက်ရပေဦးမည်။ သို့ရာတွင် လက်ရှိလုပ်ရန်ရှိသည် တို့ ကို အရင်လုပ်ရပေမည်။ အီဗာက လက်ပ်တော့ကွန်ပျူတာကို ဖွင့်ကာ Japancakes အမည်ရ အယ်လ်ဘမ်ကို ရွေးချယ်လိုက်ပြီး Double Jointed အမည်ရ ပထမဆုံးသီချင်းကို ဖွင့်လိုက်သည် ။ အခန်းတွင်း ရိုက်ခတ်လွင့်ပျံ့လာသည့် တေးသံတို့ မှာ ရေကန်တွင်းမှ ကြာပွင့်များ သဖွယ် ငြိမ့်ညောင်းစွာ လှုပ်ခတ်နေပေသည် ။

အီဗာနေထိုင်ရာ အက်ဒ်ဝါဒီယံတိုက်ခန်းမှာ မြို့ဆင်ခြေဖုံးတွင် တည်ရှိသည် ။ မြင့်မားသောမျက်နှာကြက်နှင့် ကျယ်ဝန်းသော လေသာဆောင်ပါရှိကာ သပ်သပ်ရပ်ရပ် ရှိလှသည် ။ ဘရစ္စတိုးလ်မြို့တွင် အီဗာနေထိုင်ခြင်းမှာ လက်ရှိ အလုပ်ရှိရာ မြို့ဖြစ်သောကြောင့် ဟု ဆိုနိုင်သော်လည်း ထို့ထက်မကသည့် အကြောင်းရင်းများ ရှိပါသေးသည် ။ ကိုယ်က ချစ်ခင်နှစ်သက်ရသော သူတစ်ယောက် ရုတ်တရက် ခွဲခွာသွားပြီးနောက် ဘဝတွင် မည်သည့် အရာမျှ မူလ အတိုင်း ပြန်ဖြစ်မလာနိုင်တော့သည့် လောကကြီးအတွင်း အီဗာ ရှင်သန်နေထိုင်လာခဲ့ရသည် မှာ သူ့အသက် ခြောက်နှစ် အရွယ်ကတည်းကပင်။ လက်ရှိတိုက်ခန်းကို သ

ဘောကျလှသည် မဟုတ်သော်လည်း အခိုက်အတန့်အားဖြင့် သူနှင့် သင့်တော်ပြီး ဈေးနှုန်းချိုသာသည့် တိုက်ခန်းဖြစ်သည် ။

အိမ်ခန်းမှာ အိပ်ခန်းတစ်ခန်းသာပါဝင်ပြီး e-bay လေလံဝက်ဘ်ဆိုဒ်မှ တစ်ဆင့် ဝယ်ယူထားသော ခေတ်ဟောင်း တရုတ်ခုတင်တစ်လုံး ခင်းထားသည် ။ ခေါင်းအုံးပေါ် ခေါင်းချလိုက်တိုင်း တစ်ချိန်က တောက်ပခဲ့မည့် သည် ခုတင် ၏ ရာဇဝင်ကို အီဗာက စိတ်ကူးဖြင့် မှန်းမျှော်တွေးနေတတ်သည် ။ သည် ခုတင်ထက်တွင် အိပ်စက်ခြင်းဖြင့် မည်သည့် အခါကမှ အိပ်မက်ဆိုး မမက်ခဲ့ဘူးချေ။ မီးဖိုဆောင် တစ်ဖြစ်လဲ ဧည့်ခန်းမှာမူ လူတစ်ယောက်စာ လုံလောက်ရုံ လောက်သာ ကျယ်ဝန်းသည် ။ 'ဆံ့လှ နှစ်ယောက်ပေ့ါ' ဟု အီဗာက တွေးရင်း သူ၏ ဂျက်ကက်အင်္ကျီကို သစ်သားတိုင်တွင် ချိတ်ကာ လက်ထဲက အိတ်ကို ဆိုဖာထိုင်ခုံပေါ်သို့ လှမ်းတင်လိုက်သည် ။ ဂီတသံက တေးသွားကို တဖြည်းဖြည်း သိပ်သည်းလာစေသည် ။ မက်စ်၏ တိုက်ခန်းက ပို၍ ကောင်းသော်လည်း ကြမ်းခင်းဧရိယာအားဖြင့် မကျယ်ဝန်း လှ။ မက်စ်၏ အခန်းသည် မက်စ်ကိုယ်တိုင်ကဲ့သို့ပင် ဖြစ်သည် ဟု အီဗာက တွေးလိုက်မိသေးသည် ။

အီဗာ၏ အခန်းတွင် ပရိဘောဂ များများ စားစား မရှိလှ။ လွန်ခဲ့သော ၁၃ နှစ်က ရရှိခဲ့သည့် ထူးခြားသော ပရိဘောဂပစ္စည်းတချို့တလေသာ ရှိသည် ။ ခုတင်နှင့် ဆိုဖာအပြင် လေသာဆောင်ပြတင်းအနီး ချထားသော ပရုတ်သားဖြင့် ပြုလုပ်ထားသည့် သေတ္တာတစ်လုံးရှိသည် ။ သေတ္တာကို ကူရှင်ဖုံးထားသဖြင့် ပြတင်းပေါက်အနီး ထိုင်စရာခုံတစ်ခုနှယ် ရှိသည် ။ လွန်ခဲ့သောနှစ်နှစ်ခန့်က လေလံပွဲတစ်ရပ်မှ ဝယ်ယူထားသည့် ရာဂျာစသန်ပြည်နယ်မှ သရက်သား ဗီရိုလေးတစ်လုံးမှာ လည်း အခန်း၏ တစ်ဖက်စွန်းတွင် ရှိပြီး သူ၏ တက္ကသိုလ်ကျောင်းစာအုပ်များနှင့် အပြည့်ပင်။ အရောင်းပြခန်းမှ ရရှိထားသည် မှာ တစ်လသာသာမျှပ

င် ရှိသေးသည် ။ ဂျပန်နိုင်ငံ၊ မေဂျီဘုရင်ခေတ်က ဘုန်းတော် ကြီးများ ထိုင်သော အနီရောင် ယွန်းကုလားထိုင်တစ်လုံးလည်း ရှိသည် ။ မြန်မာ နိုင်ငံမှ မည်သည့် ရှေးဟောင်းပစ္စည်းမျှကိုမှု အီဗာ ပိုင်ဆိုင်ခြင်းမရှိသေး ပါ။ အီဗာ၏ အမြင်တွင် စိတ်လှုပ်ရှားစရာအပြည့်ရှိနေသော မြန်မာနိုင်ငံ မှာ သူ့အတွက် အလှမ်းဝေးနေဆဲဖြစ်သည် ။ မြန်မာနိုင်ငံခရီးစဉ်မှ အပြ န်တွင် မည်သည့် ပစ္စည်းမျိုးကို အီဗာ ဝယ်ယူစုဆောင်းလာမည်နည်း ဆို သည် ကလည်း စိတ်ဝင်စားစရာပင်။

အခန်းနံရံတွင် ဂျပန်စာလုံးများ ရေးသားထားပြီး ကြောင်အိမ်ပေါ်တွ င် ကြွေထည်ပစ္စည်းမျိုးစုံ တင်ထားသည် ။ အချို့မှာ အရှေ့တိုင်းကြွေထ ည်များ ဖြစ်ပြီး အချို့မှာ အင်္ဂလိပ် ကြွေထည်များ ဖြစ်သည် ။ အရိုးမှုန့် ရောစပ်ပြုလုပ်ထားသော အင်္ဂလိပ်ကြွေထည်များမှာ ပါးလျှလွန်း၍ ထွင်းဖောက်မြင်ရမတတ် ရှိသည် ။ မက်စ်က သည် နေရာကို မည်သည့် အခါမျှ ပြောင်းရွှေ့လာရန် မရှိ။ သူနှင့် မက်စ်မှာ မလိုက်ဖက်လှဟု အီဗာ က တွေးထင်ခဲ့သော်လည်း ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေခဲ့သည် မှာ နှစ် နှစ်မျှပင် ရှိခဲ့ပြီဖြစ်သည် ။

ဝိုင်တစ်ခွက်ကို ခွက်ထဲငှဲ့ကာ တစ်ကျိုက်လောက် မော့ပြီး ရေချိုးခန်းဆီသို့ အီဗာ သွားလိုက်သည် ။ အခန်းထဲတွင် လွင့်ပျံ့လိုက်ပါ လာသော Japancakes သီချင်းသံကို နားထောင်ရင်း အီဗာက မက်စ်အကြောင်း ပြန်တွေးနေမိသည် ။ ရုပ်ရှင်ရုံတစ်ရုံတွင် လက်မှတ်ဝ ယ်ယူရန် တန်းစီနေစဉ် မက်စ်နှင့် အီဗာတို့ စတင်တွေ့ဆုံခဲ့ကြရသည် ။ ရှေ့မှ တန်းစီနေသူတစ်ယောက်က အီဗာ၏ ခြေချောင်းများ ပေါ် မတော် တဆ တက်နင်းမိသဖြင့် အီဗာက အလန့်တကြား နောက်သို့ ခုန်ဆုတ် ရာမှ နောက်တွင် ကပ်လျက် တန်းစီ ရပ်စောင့်နေသော မက်စ်ကိုယ်ပေါ် သို့ အီဗာ၏ လက်ထဲမှ တော်ဖီပေါက်ပေါက်များ လွင့်စင်ကျကုန်တော့သ

ည် ။ မတော်တဆ အဖြစ်အပျက်ကို အကြောင်းပြု၍ မက်စ်က အီဗာနှင့် ရင်းနှီးမှုရယူကာ ရုပ်ရှင် အတူတွဲကြည့်ရုံသာမက ပွဲအပြီးတွင် လည်း ဇာတ်ကားအကြောင်းပြောကြရန် အအေးဆိုင်တစ်ဆိုင်သို့ အတူရောက် ခဲ့ကြရသည် ။ ကျန်သည် ကတော့ လူငယ်တို့ သဘာဝအတိုင်းပင်။

အခုတော့ သူတို့ နှစ်ဦးဇာတ်လမ်းသည် လည်း အတိတ်က အရိပ်များ ပမာ ဖြစ်ခဲ့ရပေပြီ။ အီဗာက ရေနွေး ပိုက်ခေါင်းကို ဖွင့်ချကာ အလှဆီတစ်မျိုးကို လိမ်းကျံရင်း မြန်မာနိုင်ငံသို့ သွားရောက်ရမည့် အ ရေးကို တွေးနေမိသည် ။ လက်ထဲက ဝိုင်ခွက်ကိုလည်း တစ်ငုံချင်း အရ သာခံ သောက်နေမိသည် ။ ဘဝတွင် လက်တွဲရမည့် အဖော်မွန် တစ် ယောက်နှင့် မဆုံတွေ့ရခြင်းသည် အရေးကြီးပါသလား။ အခြားသောအ စီအစဉ်များကို သူ့ဘဝတွင် ရှာဖွေမတွေ့မိ နှစ်နှစ်မျှကြာသည် အထိ မ က်စ်နှင့် တွဲခဲ့ခြင်းကရော အရေး ကြီးပါသလား။ ရိုးသားစွာ ဝန်ခံရမည် ဆိုလျှင် မက်စ်သည် သူ၏ အာရုံကို စတွေ့ကတည်းကပင် ဆွဲငင်နိုင်ခဲ့သူဖြစ် သည် ။ သူ့ထက် အသက်ကြီးသော်လည်း နှစ်လိုဖွယ် ရှိပြီး ဆိုရှယ်ကျကျနေတတ်သူ ဖြစ်သည် ။ အီဗာ့ကို ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံ များ သို့ ခေါ်သွားတတ်ရုံမက နောက်ဆုံးပေါ် စားသောက်ဆိုင်များ တွင် လည်း ညနေစာ လိုက်ကျွေးတတ် သူဖြစ်သည် ။ ရုံဖန်ရုံခါ ရတနာလက် ဝတ်လက်စားများ လက်ဆောင်ပေးခြင်းဖြင့် သူ့ကို အံ့အားသင့်စေတတ်ပြီး အချို့သော သီတင်းပတ် ကုန်ရက်များ တွင် ပါရီ နှင့် ရောမမြို့များ သို့ပင် အလည်ခရီး ခေါ်ဆောင်သွား တတ်ပါသေးသ ည် ။ သည် အတိုင်းသာဆိုလျှင်ဖြင့် မက်စ်သည် သူ့အပေါ် အားလုံးကော င်းသည် ဟု တွေးစရာချည်းပင်။ အီဗာက ဝိုင်ခွက်ကို ယူသောက်လိုက်ပြီး သူ၏ အလုပ်ရုံဝတ်စုံကို ချွတ်လိုက်သည် ။ ရေချိုး ကန်မှ ရေနွေးငွေ့များက တစ်ခန်း လုံးပြည့်မတတ် ရှိသည် ။ ရေနွေးခေါ

င်းကို ပိတ်ကာ ရေအေးတချို့ ရောစပ်ရင်း မက်စ်အကြောင်း ဆက်တွေး မိပြန်သည် ။ သူ့အပေါ် မည်မျှကောင်းစေကာမူ လက်တွေ့တွင် မူ ထိုသို့ ကောင်းခြင်းသည် အချစ်မဟုတ်သည် ကို အီဗာ တွေ့ခဲ့ရ သည် ။ သည် အချက်ကို အီဗာ၏ စိတ်က တစ်စိတ်တစ်ပိုင်း သိနေသည် လေ။

မက်စ်နှင့် အီဗာ၏ ဆက်ဆံရေးက နှစ်နှစ်အတွင်း လှုပ်ရှားပြောင်း လဲမှု မရှိခဲ့ဘူးလားဟု မေးစရာရှိသည် ။ မေးသင့်သည့် မေးခွန်းတစ်ရပ် ပင်။ သီချင်းက Heaven or Las Vegas သို့ ကူးပြောင်းသွားပြီ။ အီဗာက ပါးစပ်ပိတ်ကာ သီချင်း ညည်းနေသည် ။ နှစ်နှစ်တာ ချစ်သူကာလအတွ င်း ထူးခြားသည် ဟု ဆိုနိုင်စရာတစ်ခုတော့ ရှိခဲ့ပါသည် ။ မက်စ်က အီ ဗာ၏ ဘိုးအေဖြစ်သူနှင့် လာရောက် တွေ့ဆုံခဲ့ဖူးသကဲ့သို့ အီဗာကလည်း မက်စ်၏ မိခင်နှင့် သွားရောက် ဆုံတွေ့ခဲ့ဖူးခြင်းပင် ဖြစ်သည် ။ ထိုအဆ င့်ထက် ကျော်လွန်မလာခဲ့ဘဲ ချစ်သူများ အဖြစ်နှင့် သာ ဆက်ရှိနေခဲ့ကြ သည် ။ အတူသွား၊ အတူစားကာ အခန်းသော့ အပိုများကိုပင် အပြန်အ လှန်ပေးထားသည် အထိ ရင်းနှီးခဲ့ကြသော်လည်း သွားရေး၊ လာရေး လွ ယ်ကူစေရန်မျှသာဟု သဘောထားခဲ့ ကြပြီး ဘဝနှစ်ခုကို ပေါင်းစပ်မည့် အနာဂတ်အကြောင်း မပြောဖြစ်ခဲ့ကြပေ။

ထိုသို့ ရင်းနှီးမှု တိုးမလာခြင်းက အီဗာ့ရင်ထဲတွင် အခြားတစ်ယော က် နေရာယူထားနှင့် ပြီး ရှိနေသည် လား တွေးစရာဖြစ်စေသည် ။ တ က္ကသိုလ်တွင် ဆုံတွေ့ခဲ့ရသော လူးကပ်စ်မှ လွဲ၍ မက်စ်သည် သာ အီဗာ့ အနီး အချိန်ပြည့် နေခွင့်ရခဲ့သည့် အမျိုးသားတစ်ဦး ဖြစ်သည် ။ လူးကပ် စ်မှာ လည်း သူငယ်ချင်းအဖြစ်နှင့် သာ ရင်းနှီးမှုပိုခဲ့ရခြင်း ဖြစ်သည် ။

ရေချိုးကန်အတွင်းမှ ရေက သင့်တင့်သောအပူချိန် နှင့် အီဗာ လိုချင် သော အနက်အထိ ရောက် လာပြီးနောက် ကန်တွင်းသို့ အီဗာ ဆင်းလို

က်သည် ။ ရေနွေးပူပူက အသားကို ထိတွေ့လာသည့် အနွေးဓာတ်နှင့် လိမ်းကျံထားသော အလှဆီမှ ထွက်လာသည့် မွှေးရနံ့တို့ ကို အီဗာ ခံစား နေလိုက်သည် ။ လွန်ခဲ့သည့် တစ်လခန့်ကသာ မက်စ်၏ တိုက်ခန်းသို့ ရောက်မသွားခဲ့လျှင် ဘယ်လိုနေမလဲဟု အီဗာက တွေးနေမိသည် ။ သို့ ဆိုလျှင် သူတို့ နှစ်ဦး လမ်းမခွဲဖြစ်ဘဲနေကြမလား။ မက်စ်က သူ့ကို မည် သည့် နေရာသို့ ယခုည အလည်အပတ် ခေါ်မည်ကို ယခုအချိန်တိုင်အော င်ပင် အီဗာက တွေးနေဆဲ ပင်ဖြစ်လေမလား။

အခြေအနေက ပုံမှန်တော့မဟုတ်ခဲ့။ မက်စ်၏ တိုက်ခန်းတွင် အီဗာ ညအိပ်ခဲ့ပြီး နောက်နေ့နံနက် အလုပ်သို့ သွားသည့် အခါ သူ၏ လက်ကို င်ဖုန်းမှာ မက်စ်၏ အခန်းတွင် ကျန်ရစ်သည် ကို အီဗာ သတိရလိုက်သ ည် ။ ဖုန်းမက်ဆေ့ချ် တစ်စောင် ဝင်ထားသည် ကိုလည်း အီဗာက အမှ တ်ရနေသည် ။ မက်ဆေ့ချ်ကို အကြောင်းပြန်ပြီးနောက် ကော်ဖီစားပွဲ ေ ယ်ပေါ်သို့ လက်ကိုင်ဖုန်းကို တင်ထားမိခဲ့ခြင်းပင်ဖြစ်မည်။ အီဗာက မက် စ်၏ ဖုန်းကို လှမ်းခေါ်သော်လည်း ဖုန်းက ပိတ်ထားသည် ။ ရာဇဝတ်မှုခ င်းများကို လိုက်ပါဆောင်ရွက် သော အကျိုးဆောင်ရှေ့နေဖြစ်သည့် မက် စ်သည် အမှုသည် များ နှင့် အလုပ်ကိစ္စ စကားပြောဆိုနေချိန်ဖြစ်၍ ဖုန်း ကို ပိတ်ထားခြင်းဖြစ်နိုင်သည် ဟု အီဗာက တွေးမိသည် ။ နေ့လယ် ထမ င်းစားချိန်ရောက်သော် ရုံးခန်းမှ မဝေးလှသည့် မက်စ်၏ တိုက်ခန်းသို့ လိုက်သွားရန် အီဗာ ဆုံးဖြတ်လိုက်သည် ။ မက်စ် စိတ်မဆိုးလောက်ဟု လည်း သူက ထင်သည် ။

အီဗာက ခေါင်းကို ရေထဲသို့ ငုံ့လျှိုး၍ ဆံပင်တို့ ကို ရေစိုစေလိုက်သ ည် ။ ပြီးမှ ရေပန်းအောက်တွင် ခေါင်း ပြန်လျှော်ရပေမည်။ ရေချိုးကန် အတွင်း ရေစိမ်နေရင်း ဝိုင်ကို တစ်ကျိုက်မော့လိုက်ပြန်သည် ။ မက်စ်အကြောင်း အတွေးစ က မပြတ်သေး။ ဖုန်းပြန်ယူရန်

မက်စ်အခန်းသို့ လှမ်းဝင်လိုက်စဉ်ကပင် တစ်စုံတစ်ခု မှားယွင်းနေပြီကို အီဗာ သိလိုက်သည် ။ သိပ်ပြီး ဝေးဝေးရှာဖွေကြည့်နေစရာပင် မလိုပါ။ မက်စ်တို့ က ဧည့်ခန်းဆိုဖာထိုင်ခုံပေါ်တွင် ပင် သူတို့ ၏ အဝတ်အစားများကို နေသားတကျဖြစ်အောင် ပြင်ဆင်နေကြသည် ။ အီဗာ တစ်ခါမျှ မမြင်ဘူးသော မိန်းကလေးနှင့် အတူ မက်စ်ကို တွေ့လိုက်ရသည် ။ မိန်းကလေး၏ မျက်နှာမှ မိတ်ကပ်များက မက်စ်၏ ပန်းရောင်အင်္ကျီပေါ် တွင် ပေကျံလျက်ရှိသည် ။ မိန်းကလေး၏ စကတ်က ပေါင်ရင်းအထိပင် ပေါ်နေဆဲ။ အီဗာက သူတို့ ၏ အရှက်တရားကိုလည်း မျက်မြင်ကြည့်မနေ၊ အသနားခံ တောင်းပန် လာမည်ကိုလည်း နားဆင်မနေတော့ဘဲ သူထင်သည့် အတိုင်း ကော်ဖီစားပွဲပေါ် ကျန်နေရစ်သည့် လက်ကိုင်ဖုန်းကို ကောက်ယူကာ လှည့်ထွက်လာခဲ့သည် ။ ဖုန်းကျန်ရစ်သည် ကို သူတို့ သတိမပြုနိုင်လောက်အောင် ရှိသည် ကလည်း စိတ်ဝင်စားစရာတော့ အကောင်းသား။ မက်စ်၏ အခန်းသော့ ကိုလည်း တံခါးရှိသော့ချိတ်တွင် တစ်ခါတည်း ချိတ်ထား ပေးခဲ့လိုက်သည် ။ နောက်မှ ပင်ရုံဖန်ရုံခါ မက်စ်က သူနှင့် တွေ့ဆုံရန် ချိန်းဆိုထားသည် တို့ ကို ပယ်ဖျက်ရန် ဖုန်းခေါ် လာတတ်သည် ကို သတိရလာမိတော့သည် ။ အရိပ်လက္ခဏာများက ပြသနေသည့် တိုင် အီဗာကိုယ်တိုင်က မမြင်မိခဲ့ခြင်းသာဖြစ်သည် ။

အီဗာက ခန္ဓာကိုယ်အနှံ့ ဆပ်ပြာပွတ်တိုက်ရင်း ဆက်တွေးနေမိသည် ။ မက်စ်အပေါ် စိတ်ပျက်စရာ ဖြစ်ရ သည် များကို ပြန်တွေးနေခြင်းပင်။ ယခုတွင် မူ ဇာတ်လမ်းက ပြီးပါပြီ။ အီဗာက ရေထဲသို့ ကိုယ်ကို ပြန်နှစ်လိုက်ရင်း သူ့ဘဝအကြောင်း တမ်းတနေမိသည် ။ ယခုတော့ ဗမာပြည်သို့ သွားရတော့မည်ကော။

ရေအေးစပြုလာချိန်တွင် အီဗာက ရေပန်းအောက်တွင် ခေါင်းလျှော်

လိုက်ပြီး အဖြူရောင် မွေးပွပဝါကို ကိုယ်တွင် ပတ်၍ အပြင်သို့ ထွက်လာသည် ။ ယခုအချိန် လောက်ဆိုပါက သူ ညနေစာ စားပြီးလောက်ပေပြီ။ အီဗာ က သီချင်းကို ပိတ်ထားလိုက်သည် ။ ဘိုးဘိုးဆီသို့ ဖုန်းဆက် ရန် အချိန်ကျပြီလေ။

အဘိုးဖြစ်သူက အစပိုင်းတွင် စကားများများ မပြောဘဲ တစ်ဖက်မှ ပြောလာမည့် သတင်းစကားကိုသာ စောင့်ဆိုင်းနားထောင်နေတတ်သည် ။ အီဗာက ပြောစရာ ရှိသည် တို့ ကို ပြောပြီးမှ ဘိုးဘိုးက...

''အီဗာရေ... ကောင်းလိုက်တာ၊ ဘိုးဘိုးဖြင့် ယုံတောင် မယုံနိုင်အောင်ဘဲ၊ ဗမာပြည်ကို သွားရမယ်တဲ့ လား၊ ဗမာပြည်က သိပ်ပြီးလှတာ''

ဟု ဆိုလာသည် ။ ဘိုးဘိုး၏ အသက်ရှူသံများ ပင် တုန်ယင်လှုပ်ခါသွားရသည် ။ ဗမာပြည်တွင် နေခဲ့ရသည့် တစ်ချိန်က သူ့ဘဝကို ပြန်လည် တမ်းတနေမိခြင်းဖြစ်မည်ဟု အီဗာက တွေးလိုက်သည် ။

''တကယ်ကို လှတာ''

ဘိုးဘိုးက ပြောရင်း ရပ်သွားပြန်သည် ။

''မြေးလေး... အဲဒီကို သွားဖို့ မျှော်လင့်နေခဲ့တာလား''

အီဗာက မျှော်လင့်နေရုံသက်သက်တော့ မဟုတ်။

''ဘိုးဘိုးရယ်... အောင့်တောင် မအောင့်နိုင်တော့ဘူး၊ သွားချင်လွန်းလို့ ''

''ဘယ်တော့ သွားရမှာ လဲ''

''နောက်သီတင်းပတ်''

မြန်နိုင်သမျှ အမြန်ဆုံးသွားမှ ဖြစ်မည်ဟု အီဗာက မှန်းဆထားသည်

။ ဂျက်ကီက ထိုရှေးဟောင်းပစ္စည်းများကို သူ့အရောင်းပြခန်းမှ လွှဲ၍ အခြားမည်သူ့လက်ထဲသို့မျှ အပါခံမည်မဟုတ်ပါ။ သို့ရာတွင် ဤကိစ္စ၌ လောင်းကြေးက ကြီးမားလှသည် ။ မြန်မာကုန်သည် များမှာ အခြားသော ကုန်သည် များကဲ့သို့ပင် နိုင်ငံတကာဈေးကွက်ကို နားလည် ကြသူများ ဖြစ်ကြသည် ။ ရှေးဟောင်းလက်မှုအနုပစ္စည်းများကား ဈေးချိုဖွယ်ရာ အကြောင်းမရှိချေ။

''နောက်သီတင်းပတ်တဲ့ လား...''

ဘိုးဘိုးက အံ့အားသင့်သွားဟန် ရှိသည် ။

''မြန်လှချည်လား''

''မြန်တယ်တော့ ထင်တာပဲလေ''

နောက်အတော်ကြာပင် စကားစပြတ်သွားပြန်သည် ။ ဘာတွေများ သူ တွေးနေပါလိမ့်ဟု အီဗာက တွေးနေစဉ်မှာ ပင် ဘိုးဘိုးက...

''ငါ အံ့ဩမိတယ်၊ အံ့ဩမိတယ်''

ဟု ဆိုလာပြန်သည် ။

''ဘာတွေများ အံ့ဩနေတာလဲ ဘိုးဘိုးရယ်''

ဘိုးဘိုး၏ ပင့်သက်ရှိုက်သံကို အီဗာ ကြားလိုက်ရသည် ။

''မြေးလေး ဒီကို အရင်ရောက်လာနိုင်ပါ့မလား''

ဘိုးဘိုးအသံက အနည်းငယ်တုန်ခါနေပြီး စကားလုံးများက အလောတကြီး ထွက်ကျလာကြသည် ။

''မြေးလေး ခရီးမထွက်ခင် ဘိုးဘိုးဆီ လာခဲ့နိုင် မလား''

''လာနိုင်တာပေါ့ ဘိုးဘိုးရဲ့ ''

အီဗာအနေဖြင့် သီးသန့်စီစဉ်နေစရာမလိုပါ။ အီဗာသည် သူ၏ ဘိုးဘိုးကို ချစ်သည့် မြေးတစ်ယောက်ဖြစ်သော်လည်း ယခု သီတင်းပတ် ကုန်ရက်တွင် လာဖို့ က အလျင်စလိုနိုင်လှသည် ။ အီဗာက ဒေါ်ဆက် အနောက်ပိုင်းဒေသကို ချစ်မြတ်နိုးပြီး ယခုထက်တိုင် သူ၏ နေအိမ်အဖြစ် ခံယူထားသူဖြစ်သည် ။ မိခင်ကမူ ဒေါ်ဆက်တွင် နေထိုင်ခြင်း မရှိတော့ပါ။ အီဗာက ထိုအတွေးကို မောင်းထုတ်ပစ်လိုက်သည် ။ သို့ရာတွင် ဘိုးဘိုး ရှိသည့် နေရာက သူ၏ နေအိမ်ပင်။ အမြဲတမ်းလည်း ထိုသို့ပင် ရှိခဲ့သည် မဟုတ်ပါလား။

''ဒီကိစ္စက အရေးကြီးတယ် မြေးလေးရဲ့ ... နို့မို့ရင် ဘိုးဘိုး မပြောပါဘူး၊ ဒါကို မြေးလေး လုပ်ပေးမှ လို့ မျှော်လင့်မထားပါဘူး၊ တစ်ခုပဲ...''

ဟု ဆိုရင်း သူ့အသံက တိမ်ဝင်သွားတော့သည် ။

'အရေးကြီးတယ်တဲ့ လား...' သို့ဆိုပါက အီဗာ ခရီးမထွက်မီ တွေ့လိုရုံ သက်သက်တော့ မဟုတ်နိုင်။ အီဗာ အသံတိတ်သွားပြန်သည် ။

''ဟိုးအရင်ကတည်းက လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခု ရှိတယ် မြေးလေးရဲ့ ...''

ဘိုးဘိုးက ခပ်တိုးတိုးအသံဖြင့် ပြောလာသည် ။

''ဘိုးဘိုးကိုယ်တိုင် လုပ်နိုင်ဖို့ ကတော့ အခါနှောင်းသွားခဲ့ပြီ၊ ကြောက်စရာကောင်းတဲ့ အမှားကြီးတစ်ခုကို ဘိုးဘိုး ကျူးလွန်ခဲ့မိတာ ဖြစ်နိုင်ပါတယ်၊ ဘိုးဘိုးကိုယ်တိုင်လည်း သေသေချာချာတော့ မသိဘူး၊ ဒါပေမဲ့ မြေးလေး က...''

ဘိုးဘိုး ဘာအကြောင်းတွေ ပြောနေတာလဲ။ အီဗာက စောင့်၍ နားထောင်နေမိသည် ။ ဘိုးဘိုး၏ အသက်ရှူသံ ပြင်းလာသည် ကို အီဗာ

ကြားနေရသည် ။ ဤသို့သော အသက်ရှူသံမျိုးကို အီဗာက မကြိုက်။ ဘာတွေကို ဟိုးအရင်ကတည်းက လုပ်ခဲ့ရမလဲ။ ဘယ်လို ကြောက်စရာ ကောင်းတဲ့ အမှားလဲ။ အီဗာ တွေးလေ အဖြေမရလေပင်။

''ဒါက အခွင့်အရေးတစ်ရပ်ပဲ မြေးလေးရဲ့ ...''

ဘိုးဘိုးက စကားဆက်လာသည် ။ သူ့အသံ၌ အံ့ဩဟန် စွက်နေသည် ။

''ဘိုးဘိုးအတွက်ရော၊ မြေးလေးအတွက်ရောပေါ့၊ မိုးကောင်းကင်က များ ကျလာသလားပဲ၊ ဒါပေမဲ့ ဘိုးဘိုး အံ့ဩနေတာက မေးစရာတွေ သိပ်များ နေတာကိုပဲ၊ ပြီးတော့ ဒီနှစ်တွေထဲမှာ ...''

''မေးစရာတွေများ ရင် ဘာဖြစ်လို့ လဲ ဘိုးဘိုးရဲ့ ''

အီဗာက ပြင်းပြသည့် သိလိုစိတ်ဖြင့် ဘိုးဘိုးစကား မဆုံးခင် ဖြတ်မေးလိုက်ခြင်း ဖြစ်သည် ။

''ဒါ ဘာတွေလဲ၊ ဘိုးဘိုး ပြောပြပါလား''

''ဟုတ်တာပေါ့ကွယ်၊ မြေးလေးကို ပြောပြရမှာ ပေါ့''

လက်ရှိအခိုက်အတန့်တွင် မူ ဘိုးဘိုးသည် အခါတိုင်းကဲ့သို့ ဒယိမ်းဒယိုင် မဟုတ်တော့။ ဗမာပြည်သို့ မသွားမီ အသက် ၁၇ နှစ်အရွယ်ကအတိုင်း နုပျိုရွှင်လန်းနေသော လူငယ်တစ်ယောက်အသွင်ဆောင်နေသည့် ဘိုးဘိုး၏ စိတ်အတွင်းက ပုံရိပ်ကို အီဗာ မြင်တွေ့လိုက်ရသည် ။

''မနက်ဖြန်ညနေဘက် လာခဲ့မယ်လေ''

အီဗာက ပြန်ပြောရင်း တစ်မုဟုတ်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်...

''မနက်ဖြန် အဲဒီမှာ ပဲ ညအိပ်လိုက်မယ်လေ''

ဟု တစ်ဆက်တည်း ပြောကြားလိုက်တော့သည် ။

''ကျေးဇူးတင်ပါတယ် မြေးလေးရယ်...''

ဘိုးဘိုးက အီဗာ့အဖြေကို စောင့်ရင်း အောင့်ထားရ ဟန်တူသော သက်ပြင်းတစ်ချက်ကို ချလိုက်သည် ။

အီဗာက ဖုန်းကိုပြန်ချလိုက်ပြီး အတွေးကြွယ်နေ မိသည် ။ ထို့နောက် ကွန်ပျူတာပေါ်မှ အီးမေးလ်ခလုတ်ကို နှိပ်လိုက်သည် ။ ခဏတာ ရပ်ထားသည့် သီချင်းကို အီဗာက ပြန်ဖွင့်လိုက်သည် ။ ယခုကိစ္စက လျှို့ဝှက်ဆန်းကြယ်သည် ဖြစ်သော်လည်း မကြာမီပင် အသေအချာ သိရမည်ဖြစ်သည် ။ အနည်းဆုံးအားဖြင့် ဗမာပြည်သို့ အီဗာ သွားရောက်မည်ဆိုသည့် အတွက် ဘိုးဘိုးတစ်ယောက် ကျေနပ်နှစ်သိမ့်နေမည်ဖြစ်သည် ။ သည် ကိစ္စကို မိခင်ဖြစ်သူအား ပြောပြရန်မှာ မူ လွယ်ကူလောက်မည် မဟုတ်မှန်း အီဗာက သိနှင့် နေပြီးသားပင်။

* * *

# အခန်း (၃)

ခေတ်မမီတော့ပြီ ဖြစ်သော်လည်း နှစ်သက်နေရဆဲ ဖြစ်သည့် စစ်ထရွန်2 CV အမျိုးအစား မော်တော်ကားကို အီဗာက စက်သတ်လိုက်သည် ။ အပေါ်ရုံ ဂျက်ကက်အင်္ကျီ ကို ဆွဲတင်ကာ တစ်ဖက်ထိုင်ခုံမှ အဝတ်အိတ်ကို ဆွဲယူ၊ ကားပေါ်ကဆင်းရင်း ကားတံခါးကို လွှဲပိတ်ပြီး နေအိမ် အရှေ့ မျက်နှာစာ တံခါးသို့ သွားရာလမ်းအတိုင်း လျှောက်လာခဲ့သည် ။ ပင်လယ်လေတိုက်စားမှုကြောင့် ချိုင့်ခွက်များ ဖြစ်ပေါ်နေသော အဝါရောင်ကျောက်တုံးမျက်နှာပြင်များ နှင့် အစိမ်းရောင် သစ်သားတံခါးပေါ်မှ အက်ကွဲလွင့်ပြယ်စ ပြုနေသော ဆေးသားတို့ ကို မြင်တွေ့ရသော်လည်း အီဗာ ငယ်စဉ်ဘဝက ကြီးပြင်းခဲ့ရာ နေအိမ်လေးမှာ ယခင်က အတိုင်းပင်။ မြေအိုးထဲမှ ထိုးထွက်လာသော လိမ္မော်ရောင် နှင်းဆီက လေသာပြတင်းပေါက်မှ တစ်ဆင့် အနက်ရောင် အမိုးပြားများ ဆီသို့တိုင် ထိုးထွက်ကာ ငွားငွားစွင့်စွင့် ပွင့်နေဆဲ။ အနီးရှိ ပန်းတစ်ပွင့်ကို အနံ့ခံ ရှူရှိုက်လိုက်သည် တွင် သင်းပျံ့သောပန်းရနံ့က အီဗာ၏ စိတ်အစဉ်ကို ငယ်ဘဝသို့ ချက်ချင်းပင် ပျံ့လွင့်သွားစေခဲ့သည် ။ နွေရာသီကာလအတွင်း နှင်းဆီပန်း အရည်ဖြင့် ရေမွှေးပြုလုပ်ခဲ့ကြပုံ၊ မြက်ခင်းပြင်တွင် ပျော်ပွဲစားထွက်ကြပုံများကို ပြန်မြင်ယောင်လာမိ သည် ။ ကလေးဘဝသည် ကား ပျော်စရာများ ချည်းပင်။ ယခုတော့ ထိုသို့ မဟုတ်ပြီ။ အီဗာ၏ မိသားစုကမ္ဘာလေး ပြိုလဲသွားခဲ့ရပြီးနောက် အရာရာမှာ ခြားနားသွားခဲ့ရပြီ ဖြစ်သည် ။ သို့သော် အီဗာက အတိတ်ကို တမ်းတမနေ။ ဗမာပြည်သို့သွားရန် မျှော်လင့်

ရမည့် အချိန်အခါ မဟုတ် သော်တောင်မှ တမ်းတ မနေတတ်။ အဘိုးဖြ စ်သူ၏ လှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းများကိုလည်း လွမ်းမနေ တတ်ပါပေ။

အီဗာက လက်ကိုင်ကြေးကွင်းကိုလွှဲ၍ တံခါးခေါက်သံပေးလိုက်ပြီး အင်္ကျီကော်လာအောက်မှ ဆံပင်ကို အပြင်သို့ ဆွဲထုတ်ရင်း တံခါးဖွင့်အ လာကို စောင့်နေလိုက်သည် ။

ဘိုးဘိုးက တံခါးလာဖွင့်ပေးပြီး...

''ဟဲလို...မြေးလေး...အထဲကိုဝင်၊ အထဲကိုဝင်''

ဟု ဆိုသည် ။ ဘိုးဘိုးက အီဗာလက်ထဲမှ အိတ်ကို ကူဆွဲပေးပြီး အ ပေါ်သက္ကလပ်အင်္ကျီကို တံခါးနံရံတွင် ချိတ်ထားလိုက်သည် ။

''လမ်း အဆင်ပြေရဲ့ လား၊ ကားလမ်းတွေက အမြဲကျပ်နေတာ၊ ဒီရ က်ပိုင်းဆို အမြဲပဲ ကားလမ်းတွေ ကျပ်နေတတ်တယ် မြေးလေးရဲ့ ''

''လမ်းမှာ အဆင်ပြေပါတယ် ဘိုးဘိုး''

အီဗာက ဘိုးဘိုး ကျေနပ်အောင် ပြောလိုက်သည် ။

ဘိုးဘိုးက အီဗာဘက် လှည့်လာသည် ။

''ငါ့မြေးကို ကြည့်ပါရစေဦး''

အီဗာက ဘလောက်စ်အင်္ကျီလက်ကို ဖြန့်ချရင်း လည်စည်းပိုးပဝါကို ဖြေလိုက်ကာ တံခါးနံရံရှိ ဂျက်ကက် အင်္ကျီအနီး ချိတ်ထားလိုက်သည် ။

''ဘိုးဘိုးကိုလည်း ကြည့်ပါရစေဦး''

ဟု အီဗာက ပြန်ပြောလိုက်သည် ။ အရပ်ရှည်ရှည်၊ ခါးကိုင်းသယော င် ရှိသော ဘိုးဘိုးက နောက်ဆုံးတစ်ခေါက် တွေ့ခဲ့ရစဉ်ထက်များ ခါးပို

ကိုင်းသွားလေသလား၊ အကြင်နာ ပြည့်လျှမ်းပြီး ရင်းနှီးဖော်ရွေသော ဘိုးဘိုးမျက်နှာပေါ်တွင် အရေးအကြောင်းများ ပိုများ လာလေသလား။ အိဗာ တွေးနေ မိသည် ။

''မြေးလေးက အရင်လိုလှနေတုန်းပဲ''

ဘိုးဘိုးက ပြုံးသည် ။

''ဘိုးဘိုးကို ဖက်ထားစမ်းပါဦး မြေးလေးရဲ့ ''

အိဗာက ဆန့်တန်းလာသော ဘိုးဘိုး၏ လက်မောင်းများ အကြား တိုးဝင်ကာ မျက်လုံးအစုံကို မှိတ်ထားလိုက်သည် ။ ဘိုးဘိုး၏ သမင် ရောင် သိုးမွေးဆွယ်တာမှ ထွက်ပေါ်နေသည့် ယူကလစ်တပ်စ်နှင့် သစ် သားအနံ့တို့ က အိဗာ တစ်သက်လုံးယဉ်ပါးနေသည့် အနံ့မျိုးပင်ဖြစ်သ ည် ။

''ဒီညတော့ မီးဖိုခန်းထဲမှာ ပဲ ညစာစားလိုက်ကြလို့ ဖြစ်တယ်မဟုတ် လား မြေးလေး''

ဘိုးဘိုးက အိဗာ့လက်မောင်းကို ဆွဲကိုင်ရင်း မေးလာ သည် ။

''တို့ မြေးအဘိုးနှစ်ယောက် အေးအေးဆေးဆေး ပေါ့''

''ဟုတ်တာပေါ့''

အိဗာက ပြန်ဖြေရင်း ခပ်ဖြည်းဖြည်း လှမ်းလျှောက် သွားသော ဘိုး ဘိုး နောက်မှ လိုက်ကာ အင်္ဂလိပ်အက္ခရာ 'L' ပုံသဏ္ဌာန်ခန်းမကို ဖြတ် လျှောက်လာခဲ့သည် ။ အခန်းတွင်း၌ အမှတ်တရပစ္စည်းများ တင်ထား သော စင်တစ်ခု ရှိသည် ။ ထိုစင်ပေါ်တွင် ဗမာပြည်မှ ယူကေသို့အပြန် ဘိုးဘိုးသယ်ဆောင်လာခဲ့သော အမှတ်တရပစ္စည်း များ စွာကို တွေ့ရသ ည် ။ သည် ပစ္စည်းများကို အိဗာ ငယ်စဉ်ကပင် ကောင်းစွာ သိရှိခဲ့ပြီးဖြစ်

သော်လည်း ယခုမှ ပင် ပထမဆုံးအကြိမ် မြင်ဖူးသည့် အလား ေးစိုက်ကြည့်နေမိသည် ။ သစ်တောလုပ်ငန်းတွင် ဘိုးဘိုး လုပ်ကိုင်ခဲ့ သည့် အမှတ်တရ ပစ္စည်းဖြစ်သော သစ်သားဆင်ရုပ်တွင် ချိတ်ဆွဲထား သည့် ခေါင်းလောင်းများ ၊ ဗုဒ္ဓဆင်းတုတော်ပုံ ပြုလုပ်ထားသည့် ဘိန်းချို န်သော အလေးတုံးအစုံ၊ ပန်းရောင်စုံ ခြယ်သ ထားသော မြန်မာ့စက္ကူ ထီး၊ ဝါးတောင်းထဲ ထည့်ထားသော ဂျပန်အလံ၊ စစ်အတွင်းက ဗုံးဆန် ထိမှန်သဖြင့် စုတ်ပြဲနေသော ပိုးထည်တစ်စ စသည် တို့ ဖြစ်သည် ။ ခ ဏအကြာတွင် အီဗာက သတိပြန်ဝင် လာပြီး သူသည် လည်း ဗမာပြည် ရောက်နေ့ရက်များ နှင့် ကြုံဆုံရပေဦးမည်ဟု တွေးနေမိသည် ။

အိမ်နောက်ဘက် မီးဖိုဆောင်အခန်းမှာ နွေးထွေးလှပြီး မစ္စစ်ဘရစ်ဂ် ၏ အသားနှပ်ဟင်းက ချက်ပြုတ်လက်စ ဒယ်အိုးပြားအတွင်းမှ မွှေးကြို င်သော ရနံ့များ ထွက်ပေါ်လျက်ရှိသည် ။ ထင်းရှူးသား စားပွဲဟောင်းတ စ်လုံး၏ ထိပ်တစ်ဖက်စီတွင် ထိုင်ခုံတစ်ခုစီချထားပြီး စားပွဲပေါ်တွင် အ ဖုံးဖွင့်ထားသော်လည်း မငုံ့ရသေးသည့် ဝိုင်အရက်နီ တစ်ပုလင်း ထောင် ထားသည် ။ ဘိုးဘိုး၏ အိမ်မှုကိစ္စများ နှင့် ဝေယျာဝစ္စများကို ဂရုတစိုက် ဆောင်ရွက်ပေးသော မစ္စစ် ဘရစ်ဂ်ကိုပင် ကျေးဇူးတင်ရမည်ဖြစ်သည် ။ ယနေ့တော့ ဘိုးဘိုးက သူကိုယ်တိုင် လှုပ်ရှားနေပြီဖြစ်သည် ။ ဘိုးဘိုးသ ည် လွတ်လပ်မှုကို တန်ဖိုးထားသူဖြစ်သည် ။ ထိုအချက်ကို အခြားနေရာ များ တွင် အီဗာ မမြင်တွေ့ရသော်လည်း သူပိုင်နေအိမ်ကျယ်အတွင်း၌ မှု မြင်တွေ့နေရပြီဖြစ်သည် ။ ဤအိမ်သည် သူ့ဘဝ၏ တစ်စိတ်တစ်ပိုင်းဖြ စ်ခဲ့ပြီး ထာဝရလည်း ဖြစ်တည်နေမည်သာ ဖြစ်သည် ။

အီဗာက ကြိုးစည်းသားရေဖိနပ်ကိုချွတ်ပြီး အခန်း ထောင့်ရှိ ဘိုးဘိုး ၏ ရော်ဘာဘွတ်ဖိနပ်တစ်ရံအနီးတွင် သွားထားလိုက်သည် ။ ကြမ်းခင်း ကျောက်ပြားပေါ်မှ လှိုင်းတွန့်များက အီဗာနှင့် မစိမ်းသလို သံမီးဖို၏ အ

နွေးဓာတ်က ခြေအိတ်စွပ်ထားသော အီဗာ၏ ခြေထောက်များကို နွေးထွေးစေသည်။

ဘိုးဘိုးက အီဗာကို ဂုဏ်ယူစွာကြည့်နေရင်း…

''တစ်ခုခုသောက်ပါလား''

ဟု ဆိုလာသည်။

''အရမ်းကောင်းတဲ့ ဘာဂန်ဒီဝိုင်တစ်ပုလင်း ဘိုးဘိုး ဖောက်ထားတယ်၊ သောက်ကြည့်ပါလား''

ဘိုးဘိုး၏ တောက်ပမှု လျော့ကျနေပြီဖြစ်သော အပြာရောင်မျက်လုံးအစုံက ဖျတ်ခနဲ လင်းလက်သွားသလို ရှိသည်။

အီဗာက ပြုံးလိုက်သည်။ အီဗာ၏ ဘိုးဘိုးသည် သည် ဘက်နှစ်ပိုင်းများ အတွင်း ဝိုင်အရက်ကို နှစ်ခြိုက် စွဲလမ်း ကျွမ်းကျင်သူတစ်ယောက်ဖြစ်နေချေပြီ။ အီဗာ၏ ဘွားဘွား ဆုံးပါးပြီးနောက်တွင် ဘိုးဘိုးက သူ့ဝါသနာကို စောက်ချ လုပ်ကိုင်လာခဲ့သည်။

''ကောင်းတာပေ့ါ ဘိုးဘိုး''

ဘိုးဘိုးက တုန်ယင်နေသော လက်အစုံဖြင့် ဖန်ခွက်နှစ်လုံးထဲသို့ ခွက်တစ်ဝက်စီ ငှဲ့ထည့်လိုက်သည်။

''မြေးလေးကို တွေ့ရတာ ဝမ်းသာလိုက်တာကွယ်''

အီဗာက ဝိုင်ကို တစ်ငုံစာ မော့လိုက်သည်။ ဝိုင်အရသာက ရှေးခေတ် ကတ္တီပါတစ်စနှယ် နူးညံ့လှသည်။

''အရမ်းကောင်းတာပဲ''

အီဗာက လက်ထဲမှ ဖန်ခွက်ကို စားပွဲပေါ်ချကာ ချက်လက်စ အသား

နပ် ဟင်းအိုးအဖုံးကို ဖွင့်ကြည့်လိုက် သည် ။

''မွှေးလိုက်တာ ဟင်းနံ့က၊ မစ္စစ်ဘရစ်ဂ်သာ မရှိရင် ဘာတွေဘယ်လို ချက်စားကြရမှာ လဲ''

အီဗာက ဘိုးဘိုးကို အလောသုံးဆယ် မတိုက်တွန်းလိုပါ။ သူ ပြောလိုသည့် အကြောင်းအရာများကို သူ စိတ်ကြည်လင်သည့် အချိန်တွင် မှ ပြောပါစေဟု သာ ထားလိုက်သည် ။

''အမှန်တော့ မြေးလေးရောက်ကတည်းက ဟင်းက ကျက်ပြီးသားကွယ့်''

ဘိုးဘိုးက ပြောရင်းမှ တခစ်ခစ် ရယ်နေသည် ။

အီဗာက ပန်းကန်ပြားများကောက်ယူလိုက်ပြီး အမဲနပ်ဟင်းများ ခပ်ထည့်ပေးနေသည် ။

''ဒီသီတင်းပတ်ကုန်ရက်မှာ ဘိုးဘိုးဆီ လာတွေ့ဖို့ ခေါ်လိုက်တာကိုး မြေးလေး အံ့အားသင့်သွားမယ်လို့ ဘိုးဘိုးက ထင်ထားတာ၊ မဟုတ်ဘူးလား''

ဘိုးဘိုး မေးပြောပြောရင်း ကုလားထိုင်တွင် ဝင်ထိုင်ကာ...

''တော်တော် အတ္တကြီးပြီး မိုက်မဲတဲ့ အဘိုးကြီးပါလား... ငါ့နှယ်''

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်သည် ။

''အို... အဓိပ္ပာယ်မရှိတာတွေ''

အီဗာက ပန်းကန်ပြားများကို စားပွဲပေါ်ချရင်း...

''ဘိုးဘိုးက ဘယ်တုန်းကမှ တစ်ကိုယ်ကောင်း မဆန်ခဲ့ပါဘူး ဘိုးဘိုးရဲ့ ''

ဟု နှစ်သိမ့်လိုက်သည် ။

ဘိုးဘိုးက ခေါင်းကိုသာ အတွင် ယမ်းနေသည် ။

''ကောင်းပါပြီကွယ်... မြေးလေး မဆုံးဖြတ်ခင် ဘိုးဘိုးပြောမယ့်အကြောင်း စောင့်ပြီး နားထောင်ပါဦး''

အီဗာက ပြုံးရင်း...

''စားကြစို့ ဘိုးဘိုး''

ဟု သာ ပြောလိုက်သည် ။

ဘိုးဘိုးက ပြန်ပြုံးပြရင်း ခက်ရင်းကောက်ကိုင်ကာ အမဲနှပ်တစ်တုံးကို ကောက်ဝါးလိုက်ပြီး အီဗာကိုသာ တစ်ချိန်လုံး ကြည့်နေသည် ။

''မြေးလေးရဲ့ အလုပ်နဲ့ ပတ်သက်တဲ့ အခြေအနေပေါ်မှာ ဘိုးဘိုးက အခွင့်အရေးယူချင်တာ မဟုတ်ပါဘူးကွယ်၊ ဒါပေမဲ့ မြေးလေးက ဗမာပြည်ကို သွားရမယ်လို့ ပြောလိုက်တော့ ဘိုးဘိုး ချက်ချင်း တန်းသိလိုက်တယ်၊ မြေးလေးကတော့ တိုက်ဆိုင်တာလို့ ပဲ ပြောမှာ ပေ့ါ''

''တိုက်ဆိုင်တယ်... ဟုတ်လား''

အီဗာက ဝိုင်ခွက်ကို ကောက်ကိုင်ပြီးနောက် တစ်ကျိုက်သောက်ရင်း မေးလိုက်သည် ။ ဘိုးဘိုး၏ စကားလုံးရွေးချယ်မှုက ထူးဆန်းသယောင်ရှိသော်လည်း အီဗာက ဘိုးဘိုးအပေါ် ယုံကြည်မှုရှိသည် ။ ဘိုးဘိုးသည် ဇရာကြောင့် ချည့်နဲ့ ကောင်း ချည့်နဲ့ နေမည်ဖြစ်သော်လည်း စိတ်ဓာတ်ကမူ သင်တုန်းဓား တစ်လက်နှယ် အမြဲတမ်း ထက်မြက် ပြတ်သားသူ ဖြစ်သည် ။

ဘိုးဘိုးက စက္ကူလက်သုတ်ပဝါဖြင့် နှုတ်ခမ်းအစုံကို သုတ်ရင်း...

''မြေးလေး အသက်ကြီးလာတဲ့ အခါ တွေးတော စဉ်းစားဖို့ အချိန်တွေ အများကြီး ရလာလိမ့်မယ်''

ဟု ဆိုလာသည် ။

''ဗမာပြည်အကြောင်းလား''

အီဗာက မှန်းပြောလိုက်သည် ။ အီဗာက အာလူးတစ်လုံးကို ခက်ရင်းဖြင့် ထိုးယူကာ ဟင်းအနှစ်ဖြင့် တို့လိုက်သည် ။

ဘိုးဘိုးက ခေါင်းညိတ်ပြသည် ။

''ပြီးတော့ တခြားဟာတွေရောပေ့ါ''

''ဘယ်လို တခြားဟာတွေလဲ ဘိုးဘိုးရဲ့ ''

''ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေ၊ ရွေးချယ်ခဲ့တဲ့ လမ်းကြောင်းတွေနဲ့ အမှန်ရောက်အောင် ပြန်ပြင်ပေးရမယ့် အမှားတွေပေ့ါကွယ်''

အီဗာတို့ ကလေးဘဝကပင် ရေးခြစ်ခဲ့သော ခဲတံရာ၊ ဘောလ်ပင်ရာများ ပြည့်နှက်နေဆဲဖြစ်သည့် စားပွဲတစ်ဖက်အစွန်းကို အီဗာက လက်လှမ်းရင်း ဘိုးဘိုး၏ လက်ကို ညှစ်ကိုင်ကာ…

''လူတိုင်းမှာ နောင်တဆိုတာ ရှိတတ်ကြတာပဲ ဘိုးဘိုးရယ်…''

ဟု နှစ်သိမ့်လိုက်သည် ။ သို့ပေမယ့် ဘိုးဘိုးလို သက်ကြားအိုတစ်ယောက်အတွက်တော့ ရှိသင့်သည် မဟုတ်ပါချေ။

''မြေးလေးမှာ လည်း ရှိတာပဲလား''

ဘိုးဘိုးက အီဗာ့ကို ဝမ်းပန်းတနည်း ကြည့်နေရင်း ပြောလာသည် ။

''ကိုယ်ကိုယ်တိုင်ရောပဲလား…''

အီဗာစိတ်ထဲက မိခင်ဖြစ်သူအကြောင်း တွေးမိလိုက်သည် ။ နောင်တများက များ စွာပင်။ အသက် ၁၆ နှစ် အရွယ်မှာ ပင် လူတစ်ယောက်ကို ကိုယ့်အပါးမှ ဝေးလွင့်စေခဲ့သည် ။ သည် သို့ဖြစ်ရန် ကိုယ်တိုင်ပင် လုပ်ခဲ့မိလေသလား။ အခြား တစ်နည်းတစ်လမ်းဖြင့် ဆောင်ရွက်နိုင်စရာမရှိခဲ့ဘူးလား။

ဘိုးဘိုးက ကိုယ်ကို ရှေ့သို့ကိုင်းကာ အီဗာ၏ လက်ပေါ်သို့ သူ့လက်ဖြင့် အုပ်ကိုင်ရင်း...

''မက်စ်အကြောင်း ပြောမှာ မဟုတ်ဘူး လို့ ဘိုးဘိုး မျှော်လင့်ပါတယ်
''

ဟု ဆိုလာသည် ။ ဘိုးဘိုး၏ အပြာရောင် မျက်လုံးအစုံက အရာရာကို ထိုးထွင်းသိမြင်နေဆဲပင်။

''မဟုတ်ပါဘူး ဘိုးဘိုးရဲ့ ''

အီဗာက ငြင်းလိုက်ရသည် ။ ဘိုးဘိုးက အီဗာ့လက်ကို ပြန်လွှတ်ပေးလိုက်သည် တွင် အီဗာက အမဲနှပ်တစ်ဖတ် ကောက်ဝါးရင်း...

''မက်စ်အကြောင်း ပြောမှာ မဟုတ်ပါဘူး''

ဟု ပြန်ပြောလိုက်သည် ။

ဘိုးဘိုးက ဝိုင်ခွက်များကို ပြန်ကြည့်ရင်း တခစ်ခစ် ရယ်နေသည် ။

''ကြားရတာ ဝမ်းသာသကွယ်...ဒီလူဟာ င့ါမြေးလေးအနားတောင် သီဖို့ မတန်ဘူး''

အီဗာက ပြုံးနေလိုက်သည် ။ ဘိုးဘိုးသည် မက်စ်ကို မည်သည့် အခါကမျှ မနှစ်သက်ခဲ့။ ယခုလည်း မနှစ်သက်ဆဲ ရှိသည် ။ ဘိုးဘိုးအတွေး မှ

န်ကန်ကြောင်း သက်သေပြုပြီးလည်း ဖြစ်သည် ။ ဘိုးဘိုးက ပန်းကန်ပြားထဲမှ အမဲနှပ်များကို ကုန်အောင်မစားဘဲ ပန်းကန်ကို အဝေးသို့ တွန်းထုတ်လိုက်သည် ကို အီဗာ သတိပြုမိလိုက်သည် ။

''တော်ပြီလား ဘိုးဘိုး''

ဘိုးဘိုးက ခေါင်းညိတ်ပြသည် ။

''ခံတွင်းပျက်နေလို့ ပါ မြေးလေးရယ်''

''ဘိုးဘိုးက ဘာတွေ နောင်တရစရာရှိလို့ လဲ''

အီဗာက မေးလိုက်သည် ။ ဘိုးဘိုးလိုလူမျိုးက မကောင်းသည့် လုပ်ရပ်များ လုပ်ဆောင်ခဲ့မိသည် ဆိုခြင်းကို အီဗာ မယုံနိုင်အောင်ရှိသည် ။ စစ်ပွဲကာလအတွင်းမှ ဖြစ်ရပ်တချို့က သူ့ကို ခြောက်လှန့်နေသည် လား။ သူ ပြန်မတွေးလိုသော အကြောင်းအရာများက သူ့ကို ခြောက်လှန့်နေသည် လား။ မည်သို့ပင်ဖြစ်စေ ဘိုးဘိုးလိုလူက တစ်ပါးသူကို ထိခိုက်နာကျင်အောင်လုပ်မည့် သူ မဟုတ်။

ဘိုးဘိုးက သက်ပြင်းချလိုက်သည် ။

''ကိုယ်မပိုင်တဲ့ ပစ္စည်းတစ်ခုကို ဘိုးဘိုး သိမ်းထားတာရှိတယ်ကွယ့်''

သူက စကားစလာသည် ။

''ဒါကို လုပ်သင့်တဲ့ အချိန်မှာ ဘိုးဘိုးက အဖြစ်မှန် အားလုံးကို မသိခဲ့ရသေးဘူး၊ နောက်တော့လည်း အဲဒီကို ပြန်မရောက်ဖြစ်တော့ဘူးလေ''

ဘိုးဘိုးက စားပြီးသား ပန်းကန်များကို ပန်းကန်ဆေး စင်ဆီသို့ သွားတင်ထားလိုက်ပြီးနောက် သူ၏ လှုပ်ကုလား ထိုင်ဟောင်းပေါ်တွင် ထိုင်

ချလိုက်သည် ။

အီဗာက ဘိုးဘိုးအနားသို့ တိုးကပ်သွားကာ တုန်ယင်နေသော ဘိုးဘိုး၏ လက်အစုံကို ဖမ်းဆုပ်ထားလိုက်သည် ။ ဘိုးဘိုး၏ အသားအရေက စက္ကူတစ်ချပ်နှယ် ပါးလွှားလှပြီး အပြာရောင်သွေးကြောများက အပ်ချည်ကြောင်းများ သဖွယ် ထင်းနေသည် ။ အပူပိုင်းဒေသအတွင်း နေထိုင်ခဲ့ရသည့် နှစ်များ အတွင်း ရရှိခဲ့သော မှဲ့ခြောက်များက ကိုယ်ပေါ်တွင် အများ အပြား ရှိနေသည် ။

''ဗမာပြည်ကို ထပ်မရောက်ဖြစ်တော့တာလား''

အီဗာက မှန်းဆမေးမြန်းလိုက်သည် ။ ဘွားဘွား ဆုံးပါးပြီးနောက်ပိုင်းကို ဆိုလိုလေသလား။ ထို့နောက်တွင် ရော ဘိုးဘိုးက ဘယ်အတွက် ပြန်သွားရမလဲ။ အီဗာ အတွေးများ စွာ တွေးနေမိသည် ။

ဘိုးဘိုးက ခေါင်းညိတ်အဖြေပေးလာသည် ။

''အဖြစ်မှန်တွေ ဆိုတာကရော…''

''အဲဒါက မြေးလေး ရှာပေးစေချင်တဲ့ ဟာပဲ မြေးလေးရဲ့ ''

အီဗာက ဘိုးဘိုးကို စိုက်ကြည့်နေမိသည် ။

''ဘိုးဘိုးမှာ လိပ်စာတစ်ခု ရှိတယ်''

လှုပ်ကုလားထိုင်ဘေးက စားပွဲပေါ်ရှိ အညိုရောင် စက္ကူအိတ်ကြီး တစ်လုံးထဲမှ စာရွက်နှစ်ရွက်ကို ဘိုးဘိုးက ဆွဲထုတ်လိုက်သည် ။

''လိပ်စာက နှစ်ခု''

ဟု သူက ဆိုရင်း အီဗာ့ထံ ကမ်းပေးလာသည် ။

အီဗာက ကာလကြာမြင့်စွာ သိမ်းဆည်းထားခဲ့ပုံရ သော စက္ကူပိုင်း နှ

စ်ရွက်ကို ကြည့်နေမိသည် ။ သက်တမ်းကြောင့် ရော်ဝါနေပြီဖြစ်သော စာရွက်ပေါ်မှ လူငယ် တစ်ယောက်လက်ရေးမျိုးဖြင့် ရေးထားသည့် လိပ်စာကို တွေ့ရသည် ။ 'ဒေါ်မိုးမြ'။ အီဗာက လိပ်စာရှင်အမည်ကို အသံထွက် ဖတ်လိုက်သည် ။ အခြားလိပ်စာတစ်ခုတွင် လည်း လိပ်စာရှင်မှာ အတူတူပင်ဖြစ်ကာ နေရပ်သာ ကွဲလွဲသည် ။ 'ဒေါ်မိုးမြဆိုတာ ဘယ်သူပါလိမ့်' ဟူ၍ အီဗာ အတွေးကြွယ်နေပြန်သည် ။

''ဇာတ်လမ်းက အရှည်ကြီးပဲ မြေးလေးရဲ့ ''

အီဗာက လိပ်စာစာရွက်နှစ်ရွက်ကို စားပွဲပေါ်သို့ ချထားလိုက်ပြီး မီးဖိုနားသို့ နေရာရွှေ့လိုက်သည် ။

''လက်ဖက်ရည် ဖျော်လိုက်မယ်''

အီဗာက ဘွားဘွား၏ အမည်းရောင် ရေနွေးကရားကို ရေဖြည့်နေလိုက်သည် ။ သူ့ခေါင်းထဲတွင် မူ အတွေးများ ဝေ့ဝဲနေဆဲ။

''ဇာတ်လမ်းအရှည်ကြီးဆိုတာ ဘာတွေလဲ၊ ဘိုးဘိုးရဲ့ ဗမာပြည်က ဇာတ်လမ်းတွေ အကုန်အစင် မကြားဘူးသေးတာလား''

အီဗာက ဘိုးဘိုးအနီး ပြန်ဝင်ထိုင်လိုက်သည် ။

''အစက စပြောပါလား၊ ပြီးတော့ ဘိုးဘိုးအတွက် ဘာလုပ်ပေးစေချင်တာလဲဆိုတာကို အတိအကျပြောပြလေ''

''ဘိုးဘိုးက အသက်ကြီးပါပြီ မြေးလေးရယ်''

ဘိုးဘိုးက ခါးကို အတန်ငယ် ရှေ့ကိုင်းကာ နောက်ကျောမှီအုံးကို နေရာပြင်လိုက်သည် ။

''ဘိုးဘိုး အမှားတွေ လုပ်ခဲ့မိတာ ရှိတယ်၊ ဒါကို ကူညီပေးဖို့ မြေး

လေးကို ပြောရတာလည်း မတရား သလိုတော့ ဖြစ်နေတယ်၊ မြေးလေးရဲ့ အမေကလည်း ဒီလိုပဲ ပြောမှာ ပဲ''

ဘိုးဘိုးက အဖြူရောင်လွှလွှပြေးနေပြီဖြစ်သော မျက်ခုံးမွေးထူထူကြီးများ အောက်မှ အီဗာ့ကို အကဲခတ် သည့် ဟန်ဖြင့် လှမ်းကြည့်လာသည် ။

''သမီး အရွယ်ရောက်နေပါပြီ ဘိုးဘိုးရဲ့ ''

အီဗာက လက်ထဲမှ ဒေစီစိန်လက်စွပ်ကို လှည့်နေမိသည် ။ မနေ့ညက မိခင်ဖြစ်သူထံ ပို့ခဲ့သော အီးမေးလ် အကြောင်း ပြန်တွေးနေမိသည် ။ သည် ဘက်နှစ်ပိုင်းတွင် မိခင်ဖြစ်သူထံ အီးမေးလ်ဖြင့်သာ အဆက်အသွယ် ပြုလုပ်နေရသည် မှာ စိတ်မကောင်းစရာပင်။ စိတ်မကောင်းဖြစ်ရသည် ထက် စိတ်ထိခိုက်ရသည် ဟု ပင် ဆိုရပေမည်။ မိသားစုဆက်ဆံရေး တစ်ရပ်အတွင်းမှ အက်ကြောင်းများ သည် ဤနည်းနှင့် ပင် အချိန်နှင့်အမျှ ကျယ်ပြန့်နက်ရှိုင်းလာတတ်သည် ဖြစ်ရာ အီဗာနှင့် သူ့မိခင်အကြားမှ ဆက်ဆံရေး သည် လည်း အလားတူပင်။

ရေနွေးဆူသည် နှင့် အီဗာက ဘွားဘွား၏ လက်ဖက်ရည်အိုးဖြင့် လက်ဖက်ရည်ဖျော်လိုက်သည် ။ ကြွေထည် လက်ဖက်ရည်ပန်းကန်နှစ်စုံကို လင်ပန်းတစ်ချပ်တွင် နေရာချပြင်ဆင်ကာ ဘိုးဘိုးထိုင်နေရာ လှုပ်ကုလားထိုင် နံဘေးရှိ စားပွဲပေါ် ချထားလိုက်သည် ။ ထို့နောက် အမဲနှပ်ဟင်းချက်ထားသည့် ဒယ်အိုးပြားကို ဆေးကြောရန် ပြင်ဆင်နေလိုက်သည် ။ အီဗာက အလုပ်များ ဟန်ပြုကာ ဘိုးဘိုးအတွက် စဉ်းစားချိန်ပေးထားခြင်းပင်ဖြစ်သည် ။ သို့မှ သာ သူကိုယ်တိုင်လည်း တွေးတောချိန်ရမည်ဖြစ်သည် ။

''ဘိုးဘိုးက ဘာကို သိမ်းထားလို့ လဲ''

အီဗာက လက်ဖက်ရည်ခွက်ကို ဘိုးဘိုးအနီးသို့ နေရာချပေးရင်း စကားအစ ပြန်ဖော်ပေးလိုက်သည် ။

''ကိုယ့်ပစ္စည်းမဟုတ်ဘဲ ဘာတွေကို ဘိုးဘိုးက သိမ်းထားလို့ လဲ ဘိုးဘိုးရဲ့ ''

''ခြသေ့်ရုပ်လေး သွားယူလိုက် မြေးလေး''

ဘိုးဘိုးက တိုးညင်းစွာ ပြောလာသည် ။

'ခြသေ့်ရုပ်တဲ့ လား…ဘိုးဘိုးစိတ်တွေ ပုံ့လွင့်နေတာလား' ဟု အီဗာ တွေးမိလိုက်သည် ။ သို့ရာတွင် ဘိုးဘိုး ဆိုလိုသည် ကို အီဗာ သိနေမိသည် ။ ထိုခြသေ့်ရုပ်က ကျွန်းသားဖြင့် ပြုလုပ်ထားပြီး မည်းနက်တောက်ပြောင်သည့် ဒဏ္ဍာရီလာ ခြသေ့်ရုပ်တုတစ်ခုဖြစ်သည် ။ အီဗာ ငယ်စဉ်ကပင် ဘိုးဘိုး၏ ခုတင်ဘေးက စားပွဲငယ်ပေါ်တွင် မြင်တွေ့ နေခဲ့ရသည် ။ သစ်သားပန်းပုရုပ်ဖြစ်ပြီး အီဗာ ငယ်စဉ်ဘ၀တစ်လျှောက် လွှမ်းမိုးခဲ့သော ဘိုးဘိုးပြောပြခဲ့သည့် ဗမာပြည် ဇာတ်လမ်းများ စွာတို့ ၏ ပုံရိပ်တစ်ခုလည်း ဖြစ်သည် ။

အီဗာသည် မိခင်ဖြစ်သူ၏ နေအိမ်တိုက်ခန်းနှင့် ဘိုးဘိုး၏ နေအိမ်တို့ တွင် တစ်လှည့်စီနေထိုင်ရင်း ကြီးပြင်းလာခဲ့သူဖြစ်သည့် အလျောက် ဘိုးဘိုး၏ ဂရုစိုက် စောင့်ရှောက်မှုများ နှင့် မိခင်ဖြစ်သူ ရို့စ်မာရီ၏ သောက ပရိဒေ၀များ အကြား ကြီးပြင်းလာခဲ့ရသည် ဟု လည်း ဆိုနိုင်ပေသည် ။ ဘွားအေဖြစ်သူ ဟယ်လင်က နူးညံ့သိမ်မွေ့သည် ။ ဆူဆူညံညံလုပ်သည် ကို မကြိုက်တတ်။ သို့ရာတွင် ဘိုးအေဖြစ်သူကမူ အီဗာကို ကျောင်းမှ ကြိုကာ ချက်ဆီလ်ပင်လယ် ကမ်းခြေသို့ ခေါ်သွားတတ်သည့် အပြင် ဒေါဆက်မြို့လေး၏ ကျောက်ဆောင်ကမ်းပါးများ ဆီသို့လည်း အလည်အပတ် ခေါ်သွားတတ်သည် ။ ရွှံ့ထူသော တောင်ကြားလမ်းသို့

လည်း လမ်းလျှောက်ခေါ်သွားတတ်သေးသည် ။ ညနေစောင်းဆိုလျှင် ဘိုးဘိုး နေအိမ်မှ မီးဖိုဆောင်တွင် ယခုကဲ့သို့ပင် ထိုင်လေ့ ရှိကြကာ ဘိုးဘိုးက ချောကလက်ရည် ပူပူနွေးနွေးကို မတ်ခွက်အပြည့် ဖျော်တိုက်ရင်း အီဗာကို သူ၏ ဇာတ်လမ်း များ ပြောပြလေ့ရှိသည် ။ ဘိုးဘိုးပြောပြသည် တို့ က တောနက်ကြီးများ နှင့် ဆန်းကြယ်သည့် ဇာတ်လမ်းများ ဖြစ်ကြသည် ။ ချစ်ချစ်တောက်ပူသော နေရောင်နှင့် ကန်သင်းရိုးကျိုးအောင် ရှာသော မုတ်သုန်မိုးများ အကြောင်း၊ စိမ်းမြနေသော စပါးစိုက်ကွင်းများ နှင့် ရွှေစေတီတို့ အကြောင်း၊ ကျယ်ပြောလှသော ရေကန်ကြီးများ နှင့် မြူခိုး များ မှုန်ဝေနေသော တောနက်ကြီးများ အကြောင်း စသည့် ဘိုးဘိုး၏ ဇာတ်လမ်းပုံပြင်များမှာ အီဗာ၏ ဘဝတစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့ရသည် ။

အီဗာက ဘိုးဘိုး အမြတ်တနိုးရှိလှသော ခြင်္သေ့ရုပ်ကို အိပ်ခန်းအတွင်းမှ သွားယူလိုက်သည် ။ ဘိုးဘိုး၏ ဗမာပြည်နေ့ရက်များကို ဤခြင်္သေ့ရုပ်က အခြားသောအရာ များ ထက်ပို၍ အထိမ်းအမှတ်ပြုသည် ဟု အီဗာက တွေးထင် မိသည် ။ အီဗာက ခြင်္သေ့ရုပ်ကို မ,ယူလိုက်ပြီး ရောင်စုံဖြာထွက်နေသည့် အနီရောင် ဖန်မျက်လုံးအစုံကို ကြည့်နေမိသည် ။ ခြင်္သေ့ရုပ်မှာ ၁၈ ရာစုလက်ရာဖြင့် အနုစိတ် ထုလုပ်ထားသော ရုပ်တုငယ်တစ်ခု ဖြစ်သည် ။ ထောင်ထ နေသည့် လည်ဆံမွေးနှင့် ကြမ်းကြုတ်သည့် မျက်နှာပေး ပုံစံတို့ က တောရိုင်းခြင်္သေ့တစ်ကောင်နှင့် ပင် တူသယောင် ရှိသည် ။ ခြင်္သေ့ရုပ်၏ ခန္ဓာကိုယ်မှာ ကြွခိုင်သန်စွမ်းဟန် ပေါ်လွင်နေပြီး အရည်ဝနေသော ကျွန်းသားဖြင့် ထုလုပ်ထားခြင်းဖြစ်သည် ။ ထိုသို့သော ကျွန်းသားမျိုးမှာ ဒုတိယ ကမ္ဘာစစ်မတိုင်မီက ဘိုးဘိုး အလုပ်လုပ်ခဲ့ရာ ဗမာပြည် သစ်တောများမှ ဖြစ်ရာ ဘိုးဘိုးအတွက် ရင်းနှီးပြီးသားပင် ဖြစ်သည် ။ သစ်ထုတ်လုပ်ရေးစခန်းများ တွင် ဘိုးဘိုး အလုပ်

လုပ်ခဲ့ရစဉ်က သစ်ဆွဲဆင်များ နှင့် စခန်းတွင် အတူနေခဲ့ရပြီး တောတွင်းမှ ခုတ်လှဲလာသော ကျွန်းသစ်လုံးများကို သစ်ဆွဲဆင်များ နှင့် ဆွဲယူကာ ဧရာဝတီမြစ်ကြောင်းမှ တစ်ဆင့် မျှောချပေးခဲ့ရကြောင်း အီဗာ သိရှိပြီးဖြစ်သည် ။

အီဗာက ခြင်္သေ့ရုပ်ကို လက်ဖက်ရည်ဗန်းတင်ထားရာ စားပွဲပေါ်သို့ တင်ပေး၏။

''ဒီမှာ ရပြီ ဘိုးဘိုး''

ဟု ဆိုလိုက်သည် ။ အီဗာ့လက်ချောင်းများက ခြင်္သေ့ရုပ်၏ လည်ဆံမွေးများ ပေါ်သို့ ပွတ်သပ်ကစားနေ လိုက်သည် ။ ခြင်္သေ့ဆိုသည် မှာ ဂုဏ်ထည်တတ်သည့် သတ္တဝါဖြစ်ပြီး ကြမ်းကြုတ်သည့် အသွင်သဏ္ဌာန်ရှိသည့် တိုင် အီဗာက သဘောကျနေမိသည် ။

''ဒီအရုပ်နဲ့ သမီးက ဘာလုပ်ပေးရမှာ လဲ ဘိုးဘိုး''

ဘိုးဘိုးက ခြင်္သေ့ရုပ်ငယ်ကို စက္ကန့်ပိုင်းမျှ စိုက်ကြည့်နေပြီးမှ အီဗာဘက်သို့ လှည့်ကြည့်လာသည် ။

''ဒါက ဘိုးဘိုးရဲ့ တောင်းဆိုမှုသက်သက်ပါ မြေးလေး''

ဘိုးဘိုး၏ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲလာကြတော့သည် ။

''ဘိုးဘိုး...''

အီဗာက နှစ်သိမ့်ရန် ဟန်ပြင်နေစဉ်မှာ ပင် သူက စကားဆက်လာသည် ။

''မြေးလေးကို လိပ်စာနှစ်ခု ပေးထားတယ်နော်၊ အဲဒါက စစ်ကြီးမဖြစ်ခင် သူနေခဲ့တဲ့ လိပ်စာတွေပဲ''

''ဘယ်သူ...''

''အဲဒီသူက မြေးလေး ရှာပေးရမယ့်သူပဲ၊ ဘိုးဘိုးက ဘာတွေဖြစ်ခဲ့တာလဲဆိုတဲ့ အမှန်တရားကို မြေးလေး ရှာပေးစေချင်တာပါ''

ဘိုးဘိုးက ခြသေ့်ရုပ်ကို ကောက်ယူကာ လက်ထဲတွင် ယုယစွာ ကိုင်ထားရင်း...

''လွန်ခဲ့တဲ့ နှစ်ပေါင်းများ စွာတုန်းက ဘိုးဘိုး ကတိ တစ်ခုပေးခဲ့တာရှိတယ် မြေးလေး အဲဗာရဲ့ ... အဲဒီကတိကို မြေးလေးက စောင့်ထိန်းပေးစေချင်တာ''

ဟု ဆိုလိုက်ပါတော့သည်။

* * *

# အခန်း (၄)

ရို့စ်မာရီနျူးမန်းက သမီးဖြစ်သူထံမှ ပေးပို့လာသော အီးမေးလ်ကို ထိတ်လန့်တကြား ဖတ်လိုက်သည် ။ လာပြန်ချေပြီ ဗမာပြည်..။ သည် နိုင်ငံက သူ့ဘဝအပေါ် လွှမ်းမိုးချုပ်ကိုင်မှု အဆုံးမသတ်နိုင်သေးပါလား။ ကြောက်ရွံ့စိတ်က လူကိုပင် တုန်လှုပ်သွားစေခဲ့သည် ။ ပထမတွင် ဖခင်ဖြစ်သူ..။ ယခုတော့ သမီးအီဗာ..။ ဗမာပြည်သည် မည်သို့သော နေရာဌာနမျိုးပါလိမ့်ဟု ရို့စ်မာရီ တွေးနေမိသည် ။

ရို့စ်မာရီက အီးမေးလ်ဝင်စာ စာရင်းဘက်ဆီသို့ ခလုတ်နှိပ် ပြန်ထွက်လိုက်သည် ။ အီဗာ၏ မေးလ်ကို သူ ဖျက်ပစ်မည်မဟုတ်။ ဖျက်လည်း ဖျက်နိုင်မည် မဟုတ်ပါ။ ပြန်စာပင် ပို့ရဦးမည်သာ။ ပြန်စာမပို့လိုပါက အီဗာနှင့် ဖုန်းပြောရမည်ဖြစ်ပြီး ဖုန်းပြောရသည် က သာ၍ ပင် ခက်ခဲပေဦးမည်။ သမီးအီဗာနှင့် မျက်နှာချင်းဆိုင် စကားပြောဖြစ်ဖို့ က ရို့စ်မာရီအတွက် ယခုတိုင် ခက်ခဲနေဆဲပင်။ လူချင်းမျက်နှာချင်းဆိုင် စကားပြောရန် မည်သည့် အခါကမျှ မရည်ရွယ်ခဲ့ပေ။

သမီးအီဗာက အလုပ်ရှင်ကုမ္ပဏီ၏ စေခိုင်းချက်အရ ဗမာပြည်သို့ သွားရောက်ရမည်ဟု ရှင်းပြထားသည် ။ သို့ရာတွင် သမီးအီဗာကိုယ်တိုင်က စိတ်လိုလက်ရ သွားချင်နေမည်ဖြစ်သည် ကို ရို့စ်မာရီက သိနှင့်ပြီးဖြစ်သည် ။ အီဗာ၏ စိတ်လှုပ်ရှားမှုများက သူ့စာတွင် အထင်းသား ပေါ်နေသည် မဟုတ်ပါလား။

'ဘိုးဘိုးရဲ့ ပုံပြင်တွေအတိုင်းသာဆို ဗမာပြည်က အရမ်းကို စိတ်ဝင်စားစရာ ကောင်းတဲ့ နေရာ ဖြစ်မှာ ပါ'

တကယ်တမ်းတွင် မူ ဘိုးဘိုး၏ ဗမာပြည် ပုံပြင်များ တွင် အီဗာကို ပြောမပြသေးသည် တို့ က များ စွာ ကျန်ရှိနေပေသေးသည်။

ရိုဒ်မာရီက စားပွဲမှ ထကာ ပြတင်းပေါက်အနီး လျှောက်သွားလိုက်သည်။ ရိုဒ်မာရီနှင့် ခင်ပွန်းသည် အဲလက်တို့ က ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တွင် နေထိုင်ကြသည်။ လူနေရပ်ကွက်တစ်ခုအတွင်းမှ ဈေးကြီးသော နေအိမ်တိုက်ခန်း တစ်ခုဖြစ်ပြီး အလယ်ခေတ်မြို့တော်၏ မြို့တော်ခန်းမနှင့် ခရစ်ရှန်ဘော့ဂ် နန်းတော်အပါအဝင် မြို့လယ်ရှုခင်းကို အပေါ်စီးမှ တွေ့မြင်နေရသော နေရာဖြစ်သည်။ ကိုပင်ဟေဂင်မြို့အတွက် မြို့ခံတို့ ဂုဏ်ယူကြ သည် မှာ လည်း အမှန်တကယ် ထိုက်တန်ပါပေသည်။ ကိုပင်ဟေဂင်သည် ယဉ်ကျေးမှုထွန်းကားသည့် မြို့ဖြစ်သည့်အပြင် သန့်လည်း သန့်ရှင်းလှသည်။ နိဗ္ဗာန်တစ်ခုအလားပင် ရိုဒ်မာရီက တွေးမိတတ်သည်။ မြစ်ဆိပ်ကမ်းသည် လည်း လွန်စွာ သန့်ရှင်းသပ်ရပ်၍ မြစ်ရေမှာ လည်း ညစ်ညမ်းမှု လုံးဝမရှိ။ ကိုယ်တိုင်က ဆင်းမကူးဘူးသော်လည်း ရေကူး၍ ရလောက်အောင် သန့်ရှင်းသည် ဟု ရိုဒ်မာရီက တွေးမိသည်။ မြို့ပေါ်တွင် စိမ်းလန်းစိုပြည်နေသော ဥယျာဉ်ပန်းခြံများ၊ အများ ပြည်သူ အပန်းဖြေရန် နေရာများ၊ ကမ်းခြေများ များ စွာရှိသည်။ စက်ဘီးစီးရန် သီးသန့်လမ်းများ၊ မက်ထရို ဓာတ်ရထားလမ်းကြောင်းများ နှင့် အခြားသော လူမှု ဝန်ဆောင်မှုများ စွာတို့ က မြို့နေလူထု၏ လူနေမှုဘဝကို နှစ်လိုနေပျော်ဖွယ်ဖြစ်စေရန် များ စွာ အထောက်အကူ ပြုပေသည်။ အဲလက်သည် ငွေကြေးအဖွဲ့အစည်းကြီး တစ်ရပ်တွင် စီမံကိန်းမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေပြီး လစာငွေ ကောင်းကောင်း ရရှိထားသူ ဖြစ်သည်။ အခွန်အခပေးဆောင်ရသ

ည် က များ ပြားသော်လည်း ဆုကြေးရသည် တို့ ကလည်း မနည်းလှ။ သည့် အတွက် ရို့စ်မာရီက ညည်းညူပြောကြားရန် မရှိပါ။ ရံဖန်ရံခါ ရို့စ်မာရီတစ်ယောက် စိတ်ရှိလက်ရှိ ဟစ်အော်ချင်စိတ် ပေါက်မိသည် မှာလည်း အဲလက်ကြောင့် ဖြင့် မဟုတ်ပါချေ။

ရို့စ်မာရီ၏ တိုက်ခန်းမှာ တန်ဖိုးကြီးပရိဘောဂများ ဖြင့် သပ်ရပ်စွာ ခင်းကျင်းပြင်ဆင်ထားသည် ။ မိုင်ပေါင်းများ စွာ ဝေးကွာသောနေရာမှ သူ ကြီးပြင်းခဲ့ရာ ဒေါ်ဆက်မြို့ အနောက်ပိုင်းရှိ နေအိမ်လေးကိုလည်း သူက တွေးနေမိ သည် ။ နေအိမ်လေးက ပုံစံအတည်တကျ ရေးဆွဲဆောက် လုပ်ထားခြင်းမျိုး မဟုတ်ဘဲ အခန်းငယ်များ စွာဖြင့် ဖွဲ့စည်းထားသည် ။ မီးလင်းဖိုတစ်ဖက် တစ်ချက်မှ ထိုင်ရန်နေရာလေးများ ၊ ကြောင်လိမ်လှေကားနှင့် ပြုပြင်ထားခြင်း မရှိသော ပန်းခြံကို အပေါ်မှ စီးမြင်နေရသည့် လေသာဆောင် ပြတင်းပေါက် စသည် တို့ အား ပြန်ပြောင်း မြင်ယောင်နေမိ သေးသည် ။ ရို့စ်မာရီ၏ မိခင်ဖြစ်သူ ဟယ်လင်က ပန်းခြံကို ပြုပြင်ထိန်းသိမ်းရန် မာလီတစ်ဦး ခန့်ထားခဲ့သေးသော်လည်း တာရှည်မမြဲခဲ့။ ဟယ်လင်နှင့် အပြုအပြင်မရှိသော ပန်းခြံတို့ မှာ နတ်ဖက်၍ မရသည့် နှယ်ပင်။ သို့ပေမည့် အရိုင်းပန်းခြံလေးသည် ကား အမြင့်သို့ ထိုးထွက်နေသည့် နှင်းဆီပန်းများ ၊ မြွေလိမ်မြွေကောက် ခြေသွားလမ်းလေးများ ၊ ရောင်စုံပန်းလေးများ ပွင့်နေသည့် ချုံနွယ်ပိတ်ပေါင်းများ ၊ ကြာပန်းလေးများ နှင့် ပနံရနေသည့် ရေကန်ငယ်အတွင်းမှ ဖားဥလေးများ အစီအရီ စသည် တို့ မှာ ယခင်ကအတိုင်း ရှိမြဲရှိနေဆဲပင် ဖြစ်မည်ကို ရို့စ်မာရီက မြင်ယောင်ကြည့်နေမိ သည် ။

ရို့စ်မာရီက ဆံပင်ကို နောက်ပြန်သိမ်းလိုက်ပြီး အချို့ကို နားတစ်ဖက်တွင် ချထားလိုက်သည် ။ သူက ဆံပင်ကို ဘော့ဘ်ဟဲပုံစံ ခပ်တိုတိုပင် ထားသည် ။ ဖြီးသင်ထိန်းသိမ်းရ လွယ်ကူသည် လေ။ သမီး အီဗာက

ခေါင်းမာပြီး တစ်ဇွတ်ထိုး နိုင်သူဖြစ်သည် ။ သို့ရာတွင် ဇမာပြည်ကိစ္စမှမူ သူထင်သည် ထက် နက်နဲမှုတို့ ရှိနေသည် ။ ဇမာပြည်အကြောင်း အီဗာ မည်မျှသိထားပြီလဲဟု ရို့စ်မာရီက စဉ်းစားနေမိသည် ။

ခင်ပွန်းသည် နစ်ခ် သက်ရှိထင်ရှားရှိစဉ်က ခေါင်းမာသည့် သမီးအီဗာအကြောင်း နှစ်ယောက်အတူ ရယ်မောပြောကြားရင်း သူတို့ နှစ်ဦးအနက် မည်သူက သမီးအီဗာ၏ စောင့်ရှောက်မှုဖြင့် နေရစ်ခဲ့ရမည်နည်း ဆိုသည် ကို နှစ်ယောက်သား အပြန်အလှန် ကျီစယ်နေမိကြသည် ။ အီဗာကမူ ပန်းခြံတွင်းမှ သစ်ပင်များ ပေါ် တက်လိုက်ဆင်းလိုက်၊ သဲသောင်ပြင်ပေါ် ခုန်ပေါက်ပြေးလွှား ဆော့ကစားလိုက်နှင့် ၊ ကလေးဘာဝ ပျော်ရွှင်မြူးထူးနေတတ်သည် ။ အီဗာသည် တစ်မိနစ်ပြည့်အောင်ပင် ငြိမ်ငြိမ်နေတတ်သူ မဟုတ်။ ပီဘိ ယောကျ်ားလျာလေးပင် ဖြစ်သည် ။ အခြား အပျော်အပါးများ ထက် ဘိုးဘိုး၏ နေအိမ်သို့ သွားရောက် လည်ပတ်ရသည် ကို အီဗာက ပိုမိုနှစ်သက်သူဖြစ်သည် ။ အီဗာ၏ ဘိုးဘိုး ကိုယ်တိုင်ကလည်း ငယ်စဉ်က သူထင်ရာ သူလုပ်တတ်သည့် တစ်ဇွတ်ထိုး သမားတစ်ယောက်ပင် ဖြစ်သည် ကိုး။ စိတ်ထဲတွင် ခါးသီးသည့် ခံစားမှု တစ်ရပ်က ဖျတ်ခနဲ ပေါ်လာသည် ။ သို့ရာတွင် အီဗာနှင့် သူ့ဘိုးဘိုးတို့ အသွင် တူကြခြင်းက ကောင်းချီးမင်္ဂလာတစ်ပါးပင် ဖြစ်သည် ဟု ရို့စ်မာရီက ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်မိသည် ။

ခင်ပွန်းသည် နစ်ခ် သက်ရှိထင်ရှားရှိခဲ့စဉ်က ရို့စ်မာရီသည် လည်း ပျော်ရွှင်ခဲ့ရပါသည် ။ စိတ်လိုလက်ရဖြင့် ပျော်ရွှင်ရယ်မောခဲ့ရသည် များ ရှိခဲ့ပါပေသည် ။ ရို့စ်မာရီက နေအိမ်တိုက်ခန်းအတွင်း လှည့်ပတ်ကြည့်ရှုလိုက်သည် ။ ခေတ်မီပရိဘောဂများ ခင်းကျင်းထားပြီး နံရံများ ပေါ်တွင် လည်း ဒေသတွင်းပြပွဲများမှ ဝယ်ယူထားသည့် ပန်းချီကားများ ချိတ်ဆွဲ အလှဆင်ထားသည် ။ ပါကေးကြမ်းခင်း၏ အထိအတွေ့ကလည်း

အေးစက်လှသည် ။ ရိုစ်မာရီက နံနက်ခင်းစောစော အိပ်ရာထလေ့ရှိပြီး ရေချိုးရင်း သီချင်းအော်ဆိုတတ်သည် ။ ယခုနေသော သီချင်းအော်ဆိုမိပါက အရူးထသည် ဟု အဲလက်က တွေးပေလိမ့်မည်။

ရိုစ်မာရီက မီးဖိုဆောင်သို့ဝင်ကာ အံဆွဲတွင်းမှ ရှေ့ကာပိတ်စကို ထုတ်ယူလိုက်သည် ။ မီးဖိုဆောင်က သန့်ရှင်းသပ်ရပ်ပြီး ပစ္စည်းများက နေသားတကျရှိနေသည် ။ ရိုစ်မာရီ၏ စိတ်ကမူ မရှင်းပျလှ။ အဲလက်ကဲ့သို့ အလုပ် ကြိုးစားသူနှင့် အတူနေရသည် ကိုပင် အလိုမကျဖြစ်စရာ ရှိသေးသည် လား။ သူလိုသမျှ အားလုံးပြည့်စုံစွာရစေရန် အဲလက်က ဖြည့်ဆည်းပေးနေသည် လေ။ ထိုသို့တွေးလိုက်သည် နှင့် သမီးလေးကလွဲပြီး၊ ဖေဖေကလွဲပြီး၊ နစ်ခ်ကလွဲပြီး ဆိုသော...တီးတိုးရေရွတ်သံလေးက ရိုစ်မာရီ၏ နားထဲတွင် ကြားယောင်လာနေမိသည် ။

ရိုစ်မာရီက ရှေ့ကာပိတ်စကို ခေါင်းမှ စွပ်၍ ဝတ်လိုက်ပြီး ခါးနောက်တွင် စည်းနှောင်လိုက်သည် ။ ပိုးသား ဘလောက်စ်အင်္ကျီက အသစ်ဖြစ်၍ စွန်းထင်းညစ်ပေသွားမှာ သူ မလိုလားပါ။

အသေအချာ ပြန်တွေးကြည့်သည့် အခါ ပျော်ရွှင်ရပုံချင်း ကွဲပြားသည် ကို ရိုစ်မာရီ သတိပြုမိလိုက်သည် ။ ယခင်က ရရှိခဲ့သည့် ပျော်ရွှင်မှုမှာ သူ၏ စိတ်ကို အမှန်တကယ် တက်ကြွရှင်သန်နေစေခဲ့သည့် ပျော်ရွှင်မှုမျိုးပင်။ ထိုပျော်ရွှင်မှုက ငွေကြေးဥစ္စာ၊ အိမ်ကြီးအိမ်ကောင်း စသည် တို့ နှင့် လားလားမျှ ပတ်သက်ခြင်းမရှိ။ အရာအားလုံးကို မေတ္တာဓာတ်ဖြင့်သာ လွှမ်းခြုံပေးထားသည် ။

ရိုစ်မာရီက သုံးလေ့သုံးထမရှိသော ပစ္စည်းများ ထားသိုရာ ကြောင်အိမ် အထက်ဆင့်မှ ကရားတစ်လုံးကို လှမ်းယူလိုက်သည် ။

သူ၏ စိတ်အလျဉ်က အတိတ်ဆီသို့ ဖြန့်ကျက်နေဆဲ ပင်။ ရိုစ်မာရီသ

ည် ယခင်က မြို့ခံရှေ့နေအဖွဲ့တစ်ဖွဲ့တွင် အတွင်းရေးမှူးအလုပ် လုပ်ခဲ့သူဖြစ်သည် ။ သူချစ်ရသော သမီးလေးအီဗာကို ရရှိခဲ့ပြီးနောက် ကလေးထပ်မံယူလိုသေးသော်လည်း လက်တွေ့ဖြစ်မလာခဲ့ပါ။ သူ့ကိုလောကကြီးထဲ သို့ ခေါ်ဆောင် လာပြီး ကောင်းစွာပြုစုပျိုးထောင်ပေးခဲ့ကာ အမြဲတမ်းပင် သူ့အတွက် ရပ်တည်ပေးနေမည်ဖြစ်သည့် မိဘနှစ်ပါးနေအိမ်အနီးတွင် ရို့စ်မာရီ နေထိုင်ခဲ့သည် ။ သူ ချစ်ခင်မြတ်နိုးရသော ခင်ပွန်းသည် ကလည်း နံဘေးတွင် ရှိနေခဲ့သည် လေ။

ရေပိုက်လိုင်းပေါ်ရှိ ခြင်းတောင်းထဲတွင် တိုက် အနောက်ဘက် ကွက်လပ်မှ ယခုမနက်ကပင် ကောက်ယူ လာသည့် မိုးဒဏ်ကြောင့် ကြွေကျနေသော အလေ့ကျ ဘယ်ရီသီးအရိုင်းများ အပြည့်ရှိနေသည် ။ တိုက်နောက်ဖေး ကွက်လပ်မှာ ပန်းခြံမဟုတ်သလို ကျေးလက်ဒေသနေရာလည်း မဟုတ်ပါ။ သို့တိုင်အောင် နွေရာသီတွင် အဖြူရောင်ပန်းပွင့်လေးများ လှိုင်လှိုင်ပွင့်နေတတ်ပြီး ဆောင်းရာသီတွင် သေးငယ်သော အမည်းရောင် ဘယ်ရီသီးအရိုင်းလေးများ အဆုပ်လိုက် သီးနေတတ်သည် ။ အလေ့ကျ ဘယ်ရီပင်လေးများက ဇာတိမြေ အင်္ဂလန်ကို ရို့စ်မာရီ၏ အတွေးထဲသို့ တွန်းပို့လာတတ်ပါသည် ။ ဒေါဆက်မြို့လေး၏ တောလမ်းလေးများ နှင့် ပုဏ္ဏရိုက်စည်းရိုးလေးများကို ပြန်လည် မြင်ယောင်မိစေပါသည် ။ ဒေါဆက်မြို့လေးတွင် နစ်ခ်နှင့် အတူ နေထိုင်ခဲ့ရသည့် ဘဝလေးအကြောင်းကလည်း ရို့စ်မာရီ၏ အတွေးအမျှင်တန်းများဆီသို့ အတားအဆီးမရှိ ဝင်ရောက်လာခဲ့ရတော့သည် ။

ရို့စ်မာရီ သက်ပြင်းချမိသည် ။ ပြဿနာက အစပြုခဲ့ ပေပြီ။ နစ်ခ်သည် သူ၏ ဘဝပင် ဖြစ်သည် ။ တစ်သက်တွင် တစ်ခါသာဖြစ်နိုင်သည့် အချစ်မျိုးဖြင့် နစ်ခ်ကို ချစ်ခဲ့ခြင်းပင်။ နစ်ခ်ကို ဆုံးရှုံးလိုက်ရချိန်တွင် သူ၏ စိတ်ကူးစီမံကိန်းတို့ ပြိုလဲသွားခဲ့ရသည် ။ ဤသည် ပင် ဘဝပေပဲလား။

အစစ အရာရာ အဆင်ပြေနေပြီး ပျော်ရွှင်စံစားရတော့မည်ဆိုသည့် အခါမျိုးတွင် မှ ဘဝကြမ္မာက တိုက်ခိုက်လာတတ်သည် ။ ရိုစ်မာရီက ပြ န်တွေးနေရင်းနှင့် ပင် ဗိုက်ထဲက အောင့်လာသည် အထိ ခံစားလာရပြန် သည် မှာ နစ်ခ်ကို ဆုံးရှုံးလိုက်ရ သည့် နေ့ကအတိုင်းပင်။

နစ်ခ်အမည်ကို တီးတိုးရေရွတ်ရင်း ထိုနေ့ကအကြောင်း ပြန်တွေး နေမိသည် ။ ထိုနေ့က နေ့လယ်စာစားရန် ရိုစ်မာရီ အိမ်ပြန်လာခဲ့သည် ။ ပေါင်မုန့်မီးကင်နှင့် ချိစ် ထောပတ်သုတ်သာ စားမည်ဟု တွေးရင်း အိမ် အဝင်လမ်းအတိုင်း လျှောက်ဝင်လာသည် ။ ပြီးလျှင် စူပါမားကက်တွင် ဈေးဝယ်၊ အီဗာကို ကျောင်းကြိုမသွားမီ မနက်ခင်းက အချိန်မရသဖြင့် အိမ်မရှင်းခဲ့ရသည် တို့ ကို ရှင်းရလင်းရ ချေဦးမည်။ သူ၏ အလုပ်က မ နက်ခင်းတစ်ပိုင်းသာ လုပ်ရသည် ။ ရုံးအားလပ်ရက်များ တွင် မိဘဖြစ် သူတို့ က သူ့ဆီသို့ အလည်အပတ် ရောက်လာမြဲပင်။ ဖေဖေက သူ့အိမ် သို့ လာရမည်ကို ပို၍ ပျော်ပုံရသည် ။ သူချစ်သော မြေးလေး အီဗာ ရှိသ ည် လေ။ အီဗာအတွက်ဆိုလျှင် ဖေဖေက စိတ်ရှည် လက်ရှည် အချိန်ပေး တတ်သူ ဖြစ်သည် ။ သည့် အတွက် စိတ်မတိုမိစေရန်ပင် ရိုစ်မာရီ ကြိုး စားယူရသည် ။ ကိုယ်တိုင်က အဘိုးအဘွားဖြစ်လာသည့် အခါ ထိုသို့ပင် ဖြစ်လာမည်ဟု ပင် သူ့ကိုယ်သူ သတိပေးနေရသည် ။ အသက်အရွယ်အ ရ အလုပ်မလုပ်နိုင်တော့သည့် အခါ ကိုယ့်သားသမီးများ ငယ်စဉ်က မ ပေးနိုင်ခဲ့သည့် ကိုယ်ပိုင်အချိန်များကို မြေးငယ်များအား မျှဝေပေးလာ တတ်ကြသည် မှာ ဓမ္မတာပင်။

ကိုယ်သည် လည်း တစ်နေ့တွင် အလားတူပင် ဖြစ်မည်ဟု ရိုစ်မာရီ က တွေးမိသည် ။

နစ်ခ်အမည်ကို ရိုစ်မာရီ ထပ်မံရေရွတ်မိပြန်သည် ။ နစ်ခ်က နေ့လ

ယ်စာကို အမြဲပင် အိမ်ပြန်စားတတ်သည် ။ အဝေးကလာရသည့် အလုပ် အပ်နှံသူနှင့် တွေ့ရမည်ဖြစ်စေ နစ်ခ်ကတော့ နေ့လယ်စာစားရန် ပြန်လာမြဲဖြစ်သည် ။ နစ်ခ်၏ အလုပ်ရုံက နေအိမ်နှင့် မဝေးလှပါ။ နစ်ခ်က နေအိမ်တံခါး၊ ပြတင်းပေါက်တံခါးများ နှင့် ဘုရားကျောင်း စသည် တို့တွင် ပန်းထိုးပုံဖော်ထားသော ရောင်စုံမှန်ချပ်များ ဖြင့် အလှဆင် ပုံစံထုတ်ပေးသည့် အလုပ်ကို လုပ်သည် ။ လှပစွာ ခြယ်သတပ်ဆင်ထားသော ရောင်စုံမှန်ချပ်တို့ ၏ ဒီဇိုင်းပုံစံများက ၁၉၂၀-၁၉၃၀ ဝန်းကျင်တစ်ဝိုက်ဆီက အနုပညာ မြောက်လက်ရာများကို ပွဲတင်ထပ်စေသကဲ့သို့ ရှိသည် ။ အခန်းတွင်းသို့ နေရောင်ဖြာကျ လာပြီဆိုပါက တစ်ခန်းလုံး ရောင်စုံအလင်းများ တောက်ပဝင်းလက်နေတတ်သည် ။

မီးဖိုဆောင်ဘက်သို့ ရို့စ်မာရီ ဝင်လိုက်သည် တွင် မြင်တွေ့လိုက်ရသည့် မြင်ကွင်းက လက်ထဲမှ အိတ်ကိုပင် ယောင်ယမ်းလွှတ်ကျစေခဲ့ပြီး 'နစ်ခ်'ဟု နှုတ်မှ လွှတ်ခနဲ အော်လိုက်မိစေသည် ။

နစ်ခ်က မီးဖိုဆောင်ကြမ်းပြင်ပေါ်တွင် သတိလစ် လဲကျလျက် ရှိသည် ။ 'အို...ဘုရားသခင်၊ နစ်ခ်ရေ... နစ်ခ်...နစ်ခ်'

သည် မြင်ကွင်းကို ယနေ့တိုင် မြင်ယောင်နေဆဲ ဖြစ်သည် ။ ရို့စ်မာရီ၏ မှတ်ဉာဏ်တွင် ပုံနှိပ်ထားသကဲ့သို့ စွဲထင်ကျန်ရစ်သည့် မြင်ကွင်းပင်။ ရို့စ်မာရီက ဘယ်ရီသီး တစ်လုံးကို ကောက်ယူကာ နစ်ခ်၏ လက်ညှိုးနှင့် လက်မအကြား ထည့်လို့မှ့ နှိပ်နယ်ပေးသည် ။ အနက်ရောင် ဘယ်ရီသီး ဆူးလေးများကပေးသည့် ဝေဒနာကို ယခုတိုင် အမှတ်ရနေဆဲ ဖြစ်သည် ။ ထိုဘယ်ရီသီးအရိုင်းများ သည် အစိမ်းစား၍ မကောင်း။ ခါးသက်သော အရသာရှိပြီး အရည်မရွှမ်း။ သို့သော်လည်း ဂျင်အရက် စိမ်မည်ဆိုပါက အရက်ကောင်းတစ်ခွက် ရရှိစေသည် ။ ခရစ္စမတ်ပွဲတော်ရက်

တွင် အဲလက် နှစ်ခြိုက်စွာ သောက်လေ့ရှိသည့် ဆလိုးဂျပ် အရက်မှာ ယင်းဘယ်ရီသီးအရိုင်းတို့ ဖြင့် ပြုလုပ်ထားခြင်း ပင်ဖြစ်သည် ။ အချိန်ကြာကြာသိမ်းထားလေ အရသာ ပိုကောင်းလေပင် ဖြစ်သည် ။ ရို့စ်မာရီထံတွင် လွန်ခဲ့သော သုံးနှစ်ခန့်က စိမ်ထားသည့် လက်ကျန်အချို့ပင် ရှိနေပါသေးသည် ။

ရို့စ်မာရီက မျက်လုံးအစုံကိုမှိတ်၍ အတွေးဆက်သည် ။ နစ်ခ်သည် ဦးနှောက်သွေးကြောပေါက်၍ ကွယ်လွန်ခဲ့ရခြင်းဖြစ်သည် ။ ကွယ်လွန်ချိန်တွင် အသက်လေးဆယ်ပင် မပြည့်တတ်သေးပါ။ ရို့စ်မာရီခမျာတွင်တော့ တစ်ကိုယ်တည်း အထီးကျန်ခဲ့ရရှာပေပြီ။

ဘယ်ရီသီးတောင်းကို လက်ခေါက်များ ဖြူဖွေးလာသည် အထိ ဆုပ်ကိုင်ထားနေမိကြောင်း ရို့စ်မာရီ အသိပြန်ဝင် လာသည် ။ 'အသက်ပြင်းပြင်း ရှူလိုက်စမ်း ရို့စ်မာရီ' ကိုယ့်ကိုယ်ကိုယ် သတိပေးနေသည့် တိုင် ကြောက်စိတ်က လွင့်ပြယ် မသွားသေး။ ကိုယ် အသက်ရှင်သန်နေနိုင်မည့် မှောင်မိုက်သော နေရာတစ်နေရာဆီသို့ အသိစိတ်ကင်းမဲ့စွာဖြင့် ရို့စ်မာရီ ရွေ့လျားနေမိခဲ့သည် ။ ထိုနေရာသည် မည်သည့်နေရာဖြစ်သည် ကို အရင်ကလည်း မသိခဲ့။ အခု အထိလည်း မသိသေးဘဲရှိသည် ။ ထိုနေရာသို့ မည်သို့ ရောက်ရှိခဲ့ပြီး အနီးဝန်းကျင်တွင် မည်သူတို့ ရှိသည် ကိုလည်း ရို့စ်မာရီ မမှတ်မိပါ။

ရို့စ်မာရီက ဆန်ခါခုံးအကြီးတစ်လုံးကို ပန်းကန်ဆေးသောစင် အောက်ရှိ ဗီရိုငယ်လေးထဲမှ ထုတ်ယူကာ ဘယ်ရီသီးများ ထည့်၍ လှုပ်ခါလိုက်သည် ။ အနာအဆာပါသော အသီးများကို ဖယ်ရှားလိုက်ပြီး ရေတိုင်ကိုဖွင့်၍ ဆေးရန် ဟန်ပြင်လိုက်သည် ။

အီဗာကို ကျောင်းကြိုရန်သွားသည့် တစ်နေ့တွင် ဖခင်ဖြစ်သူက သူ့

လက်မောင်းကို ဆွဲလိုက်သည် တွင် မှ ထိုအမှောင်တိုက်အတွင်းမှ ရို့စ်မာရီ လွတ်မြောက်ခဲ့ရသည် ။ ထိုမှ စ၍ အလုပ်ကို အချိန်ပြည့် လုပ်ကိုင်ခဲ့ရသည် ။ သူတို့ မိသားစု ရပ်တည်မှုအတွက် ငွေလိုသည် ကိုး။ သို့တိုင်အောင် အလုပ်ထဲတွင် စိတ်ကို နှစ်၍ မရခဲ့။ စာတစ်စောင် လက်နှိပ်စက်ရိုက်သည် ဖြစ်စေ၊ အမှုသည် နှင့် တယ်လီဖုန်းပြောရသည် ဖြစ်စေ သူ၏စိတ်အစဉ်က ကစဉ့်ကလျားနှင့် အာရုံ စုစည်းမရနိုင်ခဲ့။ ခင်ပွန်းသည် ကွယ်လွန်ပြီဖြစ်၍ မုဆိုးမ ရို့စ်မာရီဂတ်စ်ဘီ ဘဝကို ခံယူရပေတော့မည်။ ဘဝဆိုသည် မှာ ထိုသို့ဖြစ်သင့်ပါရဲ့ လား။

''ဘာဖြစ်လို့ လဲ''

ရို့စ်မာရီက ပြန်မေးရင်း သူ့လက်မောင်း လှမ်းဆွဲလာသည့် ဖခင်ဖြစ်သူ၏ အဖြေကို စောင့်နေလိုက်သည် ။ အီဗာ ကတော့ အပြင်ဘက်တွင် ဆော့ကစားနေဆဲ။

''မြေးလေးက ကလေးလေးပဲ ရှိသေးတယ်''

''ဘာကို ပြောချင်တာလဲ ဖေဖေ၊ သူ ကလေးပဲ ရှိသေးတယ်ဆိုတာ ကျွန်မ သိပါတယ်''

''ဖေဖေ ပြောချင်တာက နစ်မျောနေတဲ့ မင်းဘဝထဲက ရုန်းထွက်ဖို့ ပဲ ရိုစီ''

ဖေဖေက ရို့စ်မာရီ၏ လက်ပေါ်သို့ သူ့လက်တစ်ဖက် လှမ်းတင်လာသည် ။ သူက တောင်းပန်နေခြင်းသာပင်။

ရို့စ်မာရီက သူ့လက်ကို ဆွဲယူရုန်းထွက်ရန် ဟန်ပြင်သော်လည်း ဖခင်ဖြစ်သူက မြဲမြံစွာ ဆုပ်ကိုင်ထားသည် ။ သူ ဘယ်လို နားလည်နိုင်မှာလဲ။ တခြားသူတွေရော ဘယ်လို နားလည်နိုင်မှာ လဲ။ ရို့စ်မာရီ၏ ကမ္ဘာ

လေးမှာ အခြေမှ ပြိုလဲကာ ကျောက်ချရပ်တည်နေနိုင်ခြင်း မရှိတော့ပြီ။

''ဖေဖေ ပြောချင်တာ ပြောလို့ ရပါတယ်၊ ကျွန်မ အတွက်ကျတော့ ဘယ်လိုဖြစ်သွားမလဲ၊ တွေးကြည့်ပေးဖူးလို့ လား''

ဖခင်ဖြစ်သူက သက်ပြင်းတစ်ချက်ချရင်း ရို့စ်မာရီ ၏ လက်ကို သွတ်ပေးလိုက်သည် ။

''အချိန်တိုင်း အချိန်တိုင်းမှာ သမီးအတွက် တွေးပေးနေတာပါ''

ဖခင်ဖြစ်သူက တုံ့ပြန်လာသည် ။

''ဒါပေမဲ့ သမီးက အီဗာရဲ့ မိခင်လေ၊ အီဗာအတွက် တွေးကြည့်ပေးဖို့က သမီးလုပ်ရမယ့် အလုပ်ပါ''

''ကျွန်မ လုပ်နိုင်မယ်မထင်ဘူး၊ ဘာမှ ထပ်မပြောပါနဲ့ တော့''

အနည်းဆုံးအားဖြင့် ဖခင်ဖြစ်သူ မျှော်လင့်ထားသော နည်းလမ်းမျိုး ဖြစ်လာနိုင်မည်မဟုတ်။ မိသားစုစီမံကိန်း ပြိုလဲခဲ့ရပြီးချိန်မှ စ၍ ဘာကိုမျှ လုပ်ချင်ကိုင်ချင်စိတ် ရေရေရာရာမရှိတော့။ ကိုယ့်နံဘေးမှာ အိပ်နေမည့် သူမျှ မရှိပါဘဲ အိပ်ရာထ နောက်ကျမည်ကို ပူပန်နေစရာ လိုပါရဲ့လား။ အိမ်သန့်ရှင်းရေး မလုပ်ရသေးသည် ကိုလည်း ပူပန်စရာ လိုပါသေးလား။ ညနေစာချက်ရန်၊ အိမ်သုံးစရိတ် ရှင်းပေးရန်တို့ ကိုလည်း ပူပင်မနေတော့။ နံနက် ခုနစ်နာရီခွဲမှ အိပ်ရာထက်က လူးလဲထရသည်မှာ အီဗာတစ်ယောက် အတွက်ကြောင့် သာ။ ဈေးဝယ်ခြမ်း ချက်ပြုတ်၊ ကိုယ့်ကိုယ်ကိုယ် တွန်းအားပေး လည်ပတ်နေရသည် ကလည်း အီဗာ တစ်ယောက်တည်းအတွက်သာပင် ဖြစ်တော့သည် ။

''သမီး ဒီအတိုင်း နေနေလို့ မရဘူးလေ ရိုစီ''

ဖခင်ဖြစ်သူ၏ အပြာရောင်မျက်လုံးများက ရို့စ်မာရီ ကို ဖောက်ထွင်း

သွားမတတ် တောက်ပဝင်းလက်နေသည် ။

''လွယ်တဲ့ ကိစ္စတော့ မဟုတ်ဘူး ပေါ့၊ မလွယ်ဘူးဆိုတာ ဖေဖေ သိပါတယ်၊ ဒါပေမဲ့ ဒါက မြေးလေး အတွက် သမီး လုပ်ကိုလုပ်ရမယ့်အရာပဲ၊ သမီးကိုယ်တိုင်အတွက် မဟုတ်ဘူး နော်''

ရိုစ်မာရီ ကြိုးစားကြည့်ခဲ့သည် ။ သို့သော် အီဗာကလည်း အားပေးနှစ်သိမ့်တတ်သူ မဟုတ်။ သူက တာဝန် သိသူ၊ စိတ်ပူတတ်သူ။ သူ့ဘဝကို ဘ ယ် လို ပျိုးထေ ာင် ပေ းရ မ ှာ လဲ။ ကိုယ်တစ်ယောက်တည်း လုပ်ပေးနိုင်ပါ့မလား စသည် တို့ ကို ရိုစ်မာရီ အတွေးကြွယ်နေသည် ။ မိဘများက အထောက်အကူ ပြုပေးမည်ဖြစ်သည့် တိုင် အီဗာကို သူတစ်ယောက်တည်း ပြုစုပျိုးထောင်ပေးနိုင်ရေးမှာ သူ့ အတွက် မနိုင်ဝန်တစ်ရပ်ပင်။ ခြေသွားလမ်းကလေးမျှသာရှိသော တောင်ကြီးပေါ်သို့တက်ရသည့် နှယ် ရှိမည်သေချာလှသည် ။ တောင်ထိပ်ရောက်ခဲ့သော်မှ သူ ပြန်မြင်နိုင်သည် က အခြေသို့ပြန်ကျနိုင်သည့် အန္တရာယ်တစ်ခုသာ ရှိသည် ။

ဘယ်ရီသီးများကို ရေစစ်ပြီးနောက် ရိုစ်မာရီက ရေနွေးတစ်ကရားတည်လိုက်သည် ။ ဘယ်ရီသီးများကို ရေနွေးနှင့် ဆေးကြောသန့်စင်ပစ်ရမည်ဖြစ်သည် ။

အီဗာမှာ မျက်ရည်လည်ရွဲနှင့် ရှိနေပြီး အားပေး နှစ်သိမ့်မှု လိုအပ်နေသည် ။ သည် ကလေးက ဖခင်ဆုံးရှုံးထားခါစပင် ရှိသေးသည် ။ 'ဟုတ်ပြီ..ရိုစ်မာရီ' သူ့ကိုယ်သူ ပြန်ပြောရင်း သူလည်း တစ်စုံတစ်ရာ ဆုံးရှုံးထားရသည် ကို သတိပြုမိလိုက်သည် ။ 'ဒါဆို သူက ငါ့လို လိုအပ်နေပြီ' ဟု လည်း တွေးမိသည် ။ နုနယ်သေးသောအရွယ်တွင် ထိုမျှ ကြီးမားသော ဆုံးရှုံးမှုမျိုး မခံစားရစေသင့်ပါ။ မည်သည့် အခါမျှ ပြေပျောက်နိုင်မည်မဟုတ်သည့် နှလုံးကြေကွဲမှုမျိုးလည်း ဖြစ်သည် ။ အီဗာက သူ့

ကို လိုအပ်နေပြီဆိုသည့် အတွေးက ရိုစ်မာရီ၏ ရင်ထဲသို့ စူးဝင်ကာ နံနက်မိုးလင်းတိုင်း အိပ်ရာမှ ကယောင်ကတမ်း နိုးထလာစေမိသည် ။ အီဗာအတွက် သူသည် ပင် ဖခင်၊ သူသည် ပင် မိခင် ဖြစ်ရပေတော့မည်။ သည် အချက်ကို ဖခင်ဖြစ်သူက သတိပေးလေ ရိုစ်မာရီက ပို၍ ကြောက်ရွံ့လေပင် ဖြစ်နေရသည် ။ ဤသည် မှာ သူ၏ ပျော့ညံ့မှုပင်ဖြစ်သည် ဟု ရိုစ်မာရီက သိထားသော်လည်း မည်သည့် နေရာက အစပြု စဉ်းစားရမည် ဆိုသည် ကိုမူ သူ မသိပါချေ။

ရေနွေးဆူသည် နှင့် ရိုစ်မာရီက ရေချိုင့်ရှည်တစ်ခု အတွင်းသို့ ခပ်သွက်သွက် လောင်းထည့်လိုက်ရာ လက်နှင့် လက်ကောက်ဝတ်သာမက ပိုးသားဘလောက်စ်အင်္ကျီ လက်ဖျားကိုပင် ရေနွေးငွေ့များ ဟပ်ကာ သွားခဲ့ရသည် ။ သမီးအီဗာသည် ယခုလို အနာတရဖြစ်မိသည့် အခါတိုင်း သူ့ဆီသို့ ပြေးလာစမြဲ။ ရိုစ်မာရီကမူ သမီးဖြစ်သူကို ဆီးကြို ထွေးပွေ့ရန် လက်တွန့်နေခဲ့မိသည် ။ သမီးကို ချစ်ရမည်ကို ပင် စိုးရွံ့နေမိလေသလား ဟု ရိုစ်မာရီက တွေးမိသည် ။ ရံဖန်ရံခါ ညအိပ်ရင်း အီဗာက ယောင်ယမ်း အော်ဟစ်ငိုယို တတ်သည် ။ ထိုအခါမျိုးတွင် ရိုစ်မာရီက အိပ်ရာမှ လန့်နိုး လာရသည် ကို မခံစားနိုင်ဘဲ- 'ကိုယ့်ဘာသာ သွားအိပ်၊ ငါ့ကို လာမနှောင့်ယှက်နဲ့ ' စသဖြင့် အော်ဟစ်လိုက်ချင်စိတ်များ ပင် ပေါက်မိသည် ။ သည် အချက်များကပင် သူ့ကို မိခင်ဆိုးတစ်ဦးအဖြစ် ရောက်ရှိစေခဲ့သလား။ သမီးဖြစ်သူကို ချစ်သော်လည်း ယခုအချိန်တွင် ချစ်မပြနိုင်သေးသည့် အပြင် ချစ်လည်း မချစ်ရဲသေး။ ချစ်မိသည့် အတွက် ခံစားရသည့် ဝေဒနာမျိုးကို ထပ်မံခံယူနိုင်စွမ်း ရိုစ်မာရီမှာ မရှိသေးပါ။

ရိုစ်မာရီက သမီးအီဗာနှင့် ခပ်ခွာခွာနေတတ်လာသည် ။ မသိကျိုးကျွန် ပြုတတ်လာသည် ။ သည် သို့နေထိုင်ပုံကိုပင် သူက ကျင့်သားရ လာပြီး ယခုအခါ ရိုစ်မာရီသည် ကိုယ့်သမီးအရင်းခေါက်ခေါက်

ကိုပင် ထွေးပွေ့မထားနိုင်သည့် အမျိုးသမီးတစ်ယောက် ဖြစ်လာခဲ့ရပေပြီ။ အီဗာ၏ ဘဝကို လုံခြုံစိတ်ချပြီဟု လည်း သူ မပြောနိုင်ပါ။ သူကိုယ်တိုင်သည် ပင် ဘေးကင်းလုံခြုံသည် မှ မဟုတ်ပေဘဲ။ သားအမိနှစ်ဦးစလုံးအတွက် လုံခြုံစိတ်ချမှုက နတ္ထိ။ မိသားစုစီမံကိန်းများ ပြိုလဲ၊ ဘဝကို တည်ငြိမ်အောင် ထိန်းထားပေးမည့် ကျောက်ဆူးနှင့် တူသော ခင်ပွန်းသည် မရှိတော့။ ပြေးစရာမြေလည်း မရှိ။ တောင်မင်း မြောက်မင်း မကယ်နိုင် အနေအထားပင်။ ဤသို့ဖြင့် အီဗာက ဘိုးအေ ဖြစ်သူ၏ အကြင်နာနှင့် ထွေးပွေ့မှုများ တွင် ပို၍ ပျော်ပိုက်တတ်လာရသည် ။ ရိုစ်မာရီကတော့ တစ်ကိုယ်တည်း ရုန်းကန်တိုက်ပွဲဝင်ရဦးမည်သာ။

ရိုစ်မာရီက ဘယ်ရီသီးအမှ ည့်များကို အရသာဓာတ် ထွက်လာစေရန် ခက်ရင်းနှင့် ထိုးဆွကောက်ယူပြီး အလေးချိန်အညီအမျှ ချိန်ကာ ဂျင်စိမ်မည့် အဝကျယ်အိုးများ တွင် ထည့်သည် ။ သကြားကိုလည်း အလေးချိန် ချိန်တွယ်၊ ဂျင်ပမာဏတိုင်းတာ၊ စိမ်အိုးများကို လေလုံအောင် ဖုံးပိတ်နှင့် ဇယ်ဆက်သကဲ့သို့ လုပ်နေသော်လည်း အတွင်းစိတ်ကမူ အီဗာ ဗမာပြည်အန္တ ခရီးသွားရမည့် အကြောင်းကိုသာ တွေးနေမိသည် ။

ရိုစ်မာရီက စိမ်အိုးများ တွင် သကြားကောင်းစွာ ပျော်ဝင်သည် အထိ တစ်အိုးပြီးတစ်အိုး ကောက်ယူလှုပ်ခါ ပေးသည် ။ သူ၏ အသွင်မှာ အတွင်းစိတ်မှ အရာတစ်ခု အမှတ်နှင့် စိမ်အိုးများကို လှုပ်ခါနေသည့် နှယ် ရှိသည် ။ စိမ်အိုးများကို တစ်လုံးပြီးတစ်လုံး စိတ်ရှိလက်ရှိ လှုပ်ခါပြီးနောက် ဗန်းတစ်ချပ်တွင် တင်ကာ လှေကားအိမ်အောက်မှ ဗီရိုငယ်၏ မှောင်ရိပ်ကျကျ အဆင့်တစ်နေရာတွင် ထည့်ထားလိုက်သည် ။ အချိန်စေ့ရောက်သည် အထိ စောင့်ဆိုင်းရုံမှ တစ်ပါး အခြားလုပ်ဆောင်ရန် မရှိတော့ပေ။

နို့နှစ်ရောင် သားရေဆိုဖာထိုင်ခုံပေါ်သို့ ရို့စ်မာရီ ထိုင်ချလိုက်သည် ။ သားရေကူရှင်က နူးညံ့၍ သက်သောင့်သက်သာရှိလှသော်လည်း အေးစက်စက်နိုင်သည် ဟု သူက တွေးမိလိုက်သည် ။ သူ့ဘဝသည် လည်း အလားတူ အေးစက် စက်ပင်။

အမှန်က နှစ်ခ်ကွယ်လွန်သည် တွင် ရို့စ်မာရီ၏ အတွင်းစိတ်မှ တစ်စုံတစ်ရာသည် လည်း သေဆုံးသွားခဲ့ရ ခြင်းပင်ဖြစ်သည် ။ နှစ်ခ် မရှိချိန်မှ စ၍ ရို့စ်မာရီ၏ ဘဝတစ်ပိုင်းသည် လည်း သေဆုံးခဲ့ရခြင်းပင်။ ထိုအချိန်မှ စ၍ ရို့စ်မာရီသည် နှစ်ခ်ရှိစဉ်က အနေအထားကို ပြန်ရအောင် မစွမ်းဆောင်နိုင်ခဲ့။ မည်သည့် အခါမျှလည်း စွမ်းဆောင်နိုင်မည့် ပုံ မပေါ်ပေ ။ တစ်ပိုင်းသေဘဝသည် ဆုံးရှုံးမှုများ စွာ ကြီးမားလှသည် ဟု ရို့စ်မာရီ ယုံကြည်နားလည်လာရသည် ။ သူက ချစ်နိုင်ရန် ကြိုးစားခဲ့သော သူ၏ ဖေဖေ၊ အဲလက်နှင့် အီဗာတို့ ကရော သူ့အပေါ် နားလည်ခွင့်လွှတ်နိုင်ကြပါမလား။

* * *

# အခန်း (၅)

မှေးခနဲ အိပ်ပျော်သွားရာမှ အီဗာ ရုတ်တရက် လန့်နိုးလာခဲ့သည် ။ ခရီးရှည်လေယာဉ်စီးစဉ် ဘေးပတ်ဝန်းကျင်အပေါ် အသိစိတ်ရှိနေလျက်နှင့် ငိုက်မျဉ်းအိပ်ပျော်သွားပုံမျိုး ဖြစ်သည် ။

'အနှောင့်အယှက်ဖြစ်သွားတာ စိတ်မကောင်းပါဘူး။ နံနက်ခင်းစာ၊ နေ့လယ်စာ၊ မုန့်၊ ကော်ဖီ ဘာများ သုံးဆောင် လိုပါသလဲ'ဟု တစ်စုံတစ်ယောက်က အနားကပ်ပြောကြား လာချိန်တွင် ကြုံရတတ်သည့် တစ်ရေးနိုးခြင်းမျိုးပင်။ ရှည်လျားသော နာရီအချိန်တိုင်းကို တစ်စုံတစ်ခုက ဝင်ရောက် ဖြတ်တောက်စမြဲဖြစ်သည် ။

အီဗာက သူ့မိခင်အကြောင်း အိပ်မက်မက်နေခဲ့ခြင်း ဖြစ်သည် ။ အိပ်မက်ထဲတွင် သူက ငါးနှစ်သမီးအရွယ်သာ ရှိသေးပြီး သူ၏ မေမေက မစ္စတာဖောက်စ်ခေါ် အိပ်ရာဝင် မြေခွေးပုံပြင်တစ်ပုဒ်ကို ဖတ်ပြနေသည် ။ အနီရောင် ခါးတို အင်္ကျီနှင့် အမြီးဖွားဖွားရှိသော ပုံပြင်ထဲမှ မြေခွေး၏ ရုပ်ပုံကို သူ၏ စိတ်မျက်စိတွင် မြင်ယောင်မိနေဆဲ။ မေမေ၏ အသံက ချိုအေးကြည်လင်ပြီး သီချင်းတစ်ပုဒ်ကို သီဆိုနေသည့် နှယ် ငြိမ့်ညောင်းလှသည် ။ မေမေ၏ ရွှင်ပျသော ရယ်မောသံတို့ က လည်း ချိုလွင်နေသည် ။ မေမေ၏ နွေးထွေးသော အပွေ့အဖက်နှင့် အိပ်ရာဝင် အနမ်းတို့ ကိုသာမက သင်းပျံ့သော ကိုယ်သင်းနံ့ကိုပင် ရနေဆဲ။ အီဗာက စိတ်အာရုံကို ခက်ခဲစွာ စုစည်းလိုက်သည် ။ နားထဲတွင် အခြားသော အသံများ လ

ည်း ကြားနေရသည် ။ ဖေဖေနှင့် မေမေတို့ ၏ နောက်ပြောင် ကျီစယ်သံများက စည်းချက်ကျ ထွက်ပေါ်နေသလိုပင်။ 'ဘာတွေ တွက်နေတာလဲ သမီး၊ ဖေဖေ့ကို အဲဒါတွေ မပေးပါနဲ့ ' ဆိုသော ဖခင်ဖြစ်သူ၏ အော်ပြောသံကိုလည်း ကြားနေရသည် ။ ထို့နောက် အီဗာက ဖေဖေနှင့် မေမေ့ အကြားသို့ တိုးဝင် ရောက်ရှိသွားတော့သည် ။ 'တစ်၊ နှစ်၊ သုံး၊ ပြေး...' ဟု ဆိုလာသည် ကိုလည်း ကြားလိုက်သည် ။ လက်အစုံ၏ နွေးထွေးလုံခြုံမှုက ရင်ထဲအထိ တိုးဝင်လာခဲ့ သည် ။

အီဗာ အိပ်မက်မက်နေဆဲလား။ နိုးတစ်ဝက်၊ အိပ်တစ်ဝက် အနေအထားမျိုးတွင် ထူးဆန်းသော အခြေ အနေတစ်ရပ် မိမိစိတ်တွင်း တစ်နေရာ၌ ရှိနေသည် ကို အီဗာ သိနေခဲ့သည် ။ ဖေဖေ့အသံကို အီဗာ ထပ်မံကြားနေမိပြန်သည် ။ အီဗာ၏ စိတ်အစဉ်အတွင် အခြားသူများကို မှန်ပြင်တစ်ချပ်ကဲ့သို့ ကြည်လင်စွာ ပုံဖော်မှတ်မိနေသော်လည်း ဖေဖေ့ကိုမူ ရေးတေးတေးသာ ရှိသည် ။ ကောင်းစွာ မမှတ်မိတော့။ ဖေဖေက သူ့ကို ပင်လယ်ရေတွင် ရေကူးသင်ပေးခဲ့သည် ။ အီဗာက ရေကူးရသည်ကို နှစ်သက်သည် လေ။ ယခုတိုင်လည်း ရေကူးခြင်းကို အီဗာ ခုံမင်ဆဲရှိသည် ။

'စိတ်ကို တင်းမထားနဲ့ ၊ သူ့ဟာသူ နေပါစေ၊ လွှတ် ထားလိုက်' ဟု ဖေဖေက ဆိုတတ်သည် ။ ရေအေးတို့ က သူ့အသားကို အေးစက်လာစေသည် ။ လှိုင်းလုံးတို့ က မြင့်တက်လာနေသည် ။ 'လှိုင်းလုံးပေါ် စီးပြီးလိုက်၊ ဒါမှ ရမှာ၊ လှိုင်းကို ထိပ်တိုက်ဝင်မတိုးနဲ့ ' ဖေဖေ့အသံကို ကြားယောင်နေဆဲ။

ဖေဖေ့ကို ဆုံးရှုံးလိုက်ရစဉ်ကလည်း ကံကြမ္မာ လှိုင်းတံပိုးကြီးကို အီဗာ ထိပ်တိုက်ရင်မဆိုင်နိုင်ခဲ့ပါ။ နေ့မြင် ညပျောက်ဖြစ်ခဲ့ရသည့် ဖေဖေ့

ကို နှုတ်ဆက် စကားကလေးပင် ဆိုခွင့်မရခဲ့။

မျက်တောင်တစ်ခတ်အတွင်းမှာ ပင် သူ၏ စိတ်အစဉ် က အတိတ်ဆီသို့ ပြေးထွက်သွားပြန်သည် ။ အီဗာ၏ ဘ၀ အမှောင်ကျခဲ့ရသော ပထမဆုံးနေ့ကို ပြန်လည်အမှတ်ရနေ သေးသည် ။ ထိုနေ့က ဘိုးဘိုးကိုယ်တိုင် အီဗာကို ကျောင်း လာကြိုပေးခဲ့သည် ။ အီဗာက ဘိုးဘိုးနံဘေးမှ ခုန်ပေါက် ပြေးလွှားဆော့ကစား၍ လိုက်လာရင်း...

''မေမေရော...''

ဟု မေးလိုက်သည် ။

''မြေးလေးမေမေက အလုပ်ရှုပ်နေလို့ ၊ ခဏနေ တွေ့ရမှာ ပေါ့ကွယ်''

အီဗာစိတ်ထဲမှာ မေမေ ပါမလာသည့် အတွက် မည်သို့မျှမနေ။ ဘိုးဘိုး၏ ပန်းခြံထဲတွင် စိတ်ကြိုက် ဆော့ကစားရသည် ကို နှစ်သက်သည်လေ။ သို့သော်လည်း သည် ကနေ့က အခါတိုင်းနှင့် မတူ။ ဘိုးဘိုးနှင့် ဘွားဘွားတို့ က တီးတိုးစကားပြောနေကြပြီး သူ့ကို စောင့်ကြည့်နေကြသည် ။ ဘွားဘွားက...

''လက်ဖက်ရည်ကောင်းကောင်း တစ်ခွက်လောက် သောက်မလား မြေးလေးအီဗာ''

ဟု လှမ်းပြောလာသည် ။ တစ်ခုခုတော့ လွဲနေပြီဟု အီဗာက တွေးလိုက်သည် ။

ဘိုးဘိုးအိမ်သို့ မေမေရောက်လာချိန်တွင် မေမေက အိမ်အ၀င်လမ်းအတိုင်း လေးကန်သောခြေလှမ်းများ ဖြင့် လျှောက်လာနေသည် ကို တွေ့ရသည် ။ မေမေ့မျက်လုံးများက အဓိပ္ပာယ်ကင်းမဲ့နေဟန်ရှိပြီး နီရဲ

နေသည် ။

''မေမေ''

ဟု အော်ဟစ်ပြီး အနီးသို့ ပြေးကပ်လိုက်သည့် တိုင် အီဗာကို မြင်ပုံလည်း မရ၊ ကြားပုံလည်း မပေါ်။

''မေမေ''

ဟု သာ အီဗာ ထပ်အော်လိုက်မိသည် ။

မေမေ့ကို ကြည့်ရသည် မှာ စိတ်နှင့် ကိုယ် ကပ်ဟန်မရှိ။ မေမေက အီဗာကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ရှေ့တူရူဆီသို့သာ ငေးစိုက်နေသည် ။ အီဗာ ကြောက်စိတ်ဝင်လာသည် ။

''ဟဲလို...သမီးလေး''

မေမေက အသက်မပါသောအသံဖြင့် ထူးဖော်ရ လာပြီး အီဗာ၏ ဆံပင်တို့ ကို လက်နှင့် စမ်းကြည့်နေသည် ။ အခါတိုင်းကဲ့သို့ သူ့ကို ကောက်ချီ မွှေ့ယမ်းမနေခဲ့။ ဖက်လည်း မဖက်၊ ဒူးထောက်ထိုင်ချ၍ အီဗာ့မျက်နှာကိုလည်း စေ့စေ့မကြည့်။ သူ့ဆံပင်ကိုသာ လက်နှင့် ပွတ်သပ်နေတော့သည် ။ တစ်စုံတစ်ခုတော့ဖြင့် အကြီးအကျယ် မှားယွင်းနေပြီဟု အီဗာ သိလိုက်ပါသည် ။

လေယာဉ်ခရီးဆုံးသို့ ရောက်ရှိရန် အချိန်က တစ်စထက်တစ်စ နီးကပ် လာပြီဖြစ်သည် ။ အီဗာက ထိုင်နေရင်းနှင့် နေရာပြင်လိုက်သည် ။ ခရီးစဉ်က ရှည်လျားလှသည် ။ ဒိုဟာလေဆိပ်မှ ပြန်မတက်မီ တစ်နာရီခွဲခန့် နားခွင့်ရခဲ့ သည် ။ စုစုပေါင်း လေယာဉ်ပျံသန်းချိန် ၁၄ နာရီအတွင်း တစ်မှေးအိပ်ခွင့်ရခဲ့သော်လည်း အတိတ်က အရိပ်များကြောင့် အိပ်ရေးမဝခဲ့ရ။ အတိတ်၏ အရိပ်များက မည်မျှအထိ ယုံကြည်ရမည်နည်း။ အီ

ဗာ သေချာစွာ သိရှိထားသည့် အချက်က ဖေဖေ မရှိတော့သည့် ဘဝသည် ဖေဖေ ရှိစဉ်ကနှင့် ခြားနားသွားခဲ့ပြီ ဆိုခြင်းပင်။ ဖေဖေ့စကားသံ၊ ဖေဖေ့ရယ်မောသံနှင့် ဖေဖေ သက်ရှိထင်ရှား ရှိနေခြင်းတို့ က လွမ်းဆွတ်သတိရစရာများ စွာ ဖြစ်ပေါ်စေသည် ။ မိသားစုဝင် တစ်ယောက် ဆုံးရှုံးလိုက်ရသည့် နေအိမ်သည် ပင်လျှင် တိတ်ဆိတ်ခြောက်သွေ့ မှိုင်တွေချ ငေးငိုင်နေသယောင် ရှိသည် ။ သို့ပေမည့် အီဗာ တွယ်ကပ်ဖက်တွယ်စရာ မိခင်ဖြစ်သူကတော့ ရှိနေဆဲပင်ဖြစ်သည် ။

အီဗာက မိခင်ဖြစ်သူ သူ့ဘက်သို့ စိတ်ပြန်လည်လာမည့် နေ့ကို စောင့်မျှော်ခဲ့သည် ။ မေမေ၏ အိပ်ရာဝင်ပုံပြင်များ ၊ နွေးထွေးသော အပွေ့အဖက်များ ပြန်လည်ရရှိမည့် နေ့တို့ ကို စောင့်စားနေခဲ့သည် ။ မေမေ၏ ချိုလွင်သော ရယ်မော သံတို့ ကို ငံ့လင့်နေခဲ့သည် ။ သို့ပေမည့် သူ မျှော်လင့်ထားသည် တို့ တစ်ခုမျှ ဖြစ်မလာခဲ့။ မေမေ၏ ရုပ်ခန္ဓာက ရှိနေဆဲဖြစ်သော်လည်း စိတ်တို့ က အဝေးသို့ လွင့်ပျံ့ခရီးနှင် နေဆဲပင်။ ဤသို့ဖြင့် လအတန်ငယ်ရင့်လာသောအခါ အမှန်တရားတစ်ရပ်ကို အီဗာ သိရှိလာခဲ့ရသည် ။ တစ်စုံ တစ်ခုသောအရာက ပျောက်ဆုံးနေပြီဖြစ်သည် ဟု အီဗာ နားလည်လာခဲ့သည် ။ မေမေသည် သူ၏ နှလုံးသည်းပွတ်ကို ဆုံးရှုံးခဲ့ရခြင်းဖြစ်သည် ။

ထိုနည်းတူ သူကိုယ်တိုင်လည်း မေမေ့ကို ဆုံးရှုံးလိုက်ရပြီဆိုသည်ကို သူ သိသွားခဲ့ရသည် ။

လေယာဉ်အောက်ဘက်ရှိ တိမ်စိုင်တိမ်လိပ်တို့ ကို အီဗာက ပြတင်းမှန်မှ တစ်ဆင့် ငေးစိုက်ကြည့်နေရင်း ပြီးခဲ့ သည့် သီတင်းပတ်က မီးဖိုဆောင်တွင် ညစာ အတူစားစဉ် ဘိုးဘိုးပြောခဲ့သော စကားတို့ ကို အီဗာ အမှတ်ရနေမိသည် ။ ယခုတွင် မူ အရာအားလုံးနီးပါး

ရှင်းရှင်းလင်းလင်း ရှိခဲ့ပါပြီ။ ဗမာပြည်သည် ဘိုးဘိုးအတွက် မည်မျှအဓိပ္ပာယ်ရှိသည် ကို အီဗာ သိရှိထားပြီးဖြစ်သော်လည်း ယခုတစ်ကြိမ် ဘိုးဘိုးထံမှ ကြားသိရသော ဇာတ်လမ်းကမူ အခါတိုင်းနှင့် မတူ။ တစ်မူထူးခြားနေသည် လေ။ သည် တစ်ခါ ပုံပြင်အသစ်က သူကိုယ်တိုင် အစိမ်းရောင်ပိုးစနှင့် ရစ်ပတ်ထုပ်ပိုး၍ ခရီးဆောင်အိတ်တွင် လုံခြုံစွာ ထည့်သွင်းယူဆောင်လာသော လှပစွာ ထုလုပ်ထားသည့် ကျွန်းသားခြင်္သေ့ရုပ်အကြောင်း ပင် ဖြစ်သည် ။ ထို့အပြင် အီဗာ၏ ပိုက်ဆံအိတ်အတွင်းရှိ လိပ်စာ စာရွက်ပေါ်မှ လိပ်စာရှင် အမျိုးသမီးနှင့် ပတ်သက်နေသည့် ပုံပြင်ဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်သည် ။

''ဒီခြင်္သေ့ရုပ်ကို ဗမာပြည် ပြန်ယူသွားပေးပါလား မြေးလေး အီဗာ''

ဘိုးဘိုးက ကျွန်းသားခြင်္သေ့ရုပ်ကို သူကိုယ်တိုင် လက်ကမ်းပေးအပ်လာခဲ့ခြင်းဖြစ်သည် ။

''သူ့မိသားစုဆီ ပြန်ပို့ပေးလိုက်ပါ၊ အရုပ်ပိုင်ရှင် မိသားစုဆီကိုပါ''

''သူ့မိသားစု''

အီဗာ အတွေးနယ်ချဲ့မိသည် ။ ဘိုးဘိုးက 'မရ'ဟု ခေါ်သည့် ဒေါ်မိုးမြ၏ မိသားစုဆီတဲ့ လား။ သည် လမ်းက ဘိုးဘိုး လက်လွှတ် အဆုံးရှုံးခံခဲ့ရသည် တို့ နှင့် နေရာမှန်ဆီသို့ ဘိုးဘိုး ပြန်ပို့လိုသည့် အကြောင်းများ ပင် ဖြစ်မည်။

''ဒီလိုခြင်္သေ့ရုပ်က နောက်တစ်ရုပ် ရှိသေးတယ်''

အရောင်မတောက်ပတော့သော ဘိုးဘိုး၏ မျက်ဝန်းအစုံတို့ က အီဗာနှင့် ဒေါ်ဆက်မြို့က နေအိမ်လေးအပြင်ဘက်သို့ ကျော်လွန်လွင့်မျောကာ ဟိုးအဝေး အတိတ်တစ်နေရာ ဆီသို့ ပျံ့လွင့်နေဟန် ရှိသည် ။

''ဒီခြင်္သေ့ရုပ်က အဲဒီအစုံထဲက တစ်ရုပ်ပေါ့''

''ဟုတ်မှာ ပေါ့''

ခြင်္သေ့ရုပ်တို့ ကို ဘုရားကျောင်း၊ စေတီတို့ တွင် အစောင့်အရှောက် သဘောဖြင့် နှစ်ကောင်တွဲ ထုလုပ်လေ့ ရှိကြသည် ။ ဤသည် မှာ အာရှ ဒေသနိုင်ငံများ တွင် တွေ့ရတတ်သည့် အလေ့အထ တစ်ရပ်ဖြစ်ပြီး ခြင်္သေ့အပါအဝင် တိရစ္ဆာန်အချို့၏ ရုပ်ပုံကိုသာမက လူမျက်နှာနှင့် တိရစ္ဆာန် ကိုယ်လုံးပုံ ရုပ်တုတို့ ကို သစ်သား၊ ကျောက်၊ ကြေး စသည် တို့ ဖြင့် ထုလုပ်ထားရှိတတ်ကြသည် ။ လေယာဉ်မယ်လေး ကမ်းပေးလာသော သောက်ရေသန့်ကို တစ်ငုံမော့သောက်လိုက်ရင်း အီဗာက မန္တလေးမြို့ တွင် မြင်တွေ့ခွင့်ရရန် မျှော်လင့်ထားသည့် ၁၄ ရာစုနှစ်ခေတ် ကြေးသွန်းခြင်္သေ့ရုပ်ကြီးအကြောင်း တွေးနေမိပြန်သည် ။ ဓာတ်ပုံထဲတွင် သာ မြင်တွေ့ရဖူးသေးသော ခြင်္သေ့ရုပ်ကြီး၏ ကြမ်းကြုတ် ခက်ထန်သည့် ကေသရာဇာမာန်ဆောင်သောသွင်ပြင်ကို မျက်ဝါးထင်ထင် မြင်ရပေဦးတော့မည်။

''ဒီခြင်္သေ့ရုပ်နှစ်ရုပ်ကို အတူပြန်ထားပေးဖို့ လိုတယ် မြေးလေးရဲ့ ''

ခြင်္သေ့ရုပ် အစုံမပျက်စေရန် ပြန်ထားပေးရမည်ဟု သာ ဆိုပါစို့။ သို့ ပေမည့် သည် အချက်က အကြောင်းရင်းမှန်၏ ထက်ဝက်သာ ရှိဦးမည် ဖြစ်သည် ။ 'ဒီအရုပ်ကို အင်္ဂလန်အထိ ယူမလာသင့်ခဲ့ဘူးလေ၊ ဒါဟာ လုပ်သင့်တဲ့ အလုပ် မဟုတ်ဘူး '

လေယာဉ်ထိုင်ခုံရှေ့ရှိ ဘိုးရင်းလေယာဉ်လေကြောင်းပြ မိုနီတာဖန်သားပြင်မှ လေယာဉ်ပျံသန်းမှု ခရီးပေါက်ပုံပြ အမှတ်အသားများကို အီဗာက စစ်ဆေးကြည့်ရှုနေလိုက်သည် ။ ရန်ကုန်လေဆိပ်သို့ဆင်းသက်ရန် မိနစ်လေးဆယ် မျှသာလိုတော့သည် ကို တွေ့ရသည် ။ အီဗာ၏ နှလုံး

ခုန်သံတို့ က မြန်လာသည် ။ ဘိုးဘိုး မြင်တွေ့ခဲ့ရသည့် ဗမာပြည်၊ ခံစား ချက်များ ဖြစ်ပေါ်ခဲ့ရသည့် ဗမာပြည်ကို ပထမဆုံးအကြိမ်အဖြစ် မြင် တွေ့ခွင့်ရရန် စိတ်အားထက်သန်နေသော အီဗာက လေယာဉ်ပြတင်းမှ န်မှ တစ်ဆင့် စောင့်မျှော်ကြည့်ရှုနေမိသည် ။

''ဘိုးဘိုး သူ့ကိုချစ်မိခဲ့တာ မြေးလေးရဲ့ ''

ဘိုးဘိုးက နူးညံ့ပျော့ပျောင်းသော လေသံဖြင့် ပြောလာခဲ့သည် ။ အပြာရောင်မျက်ဝန်းအစုံတွင် အတိတ်ပုံရိပ်တို့ က လင်းလက်လာသ ယောင်ပင်။

အီဗာက ဘိုးဘိုး၏ စကားအတွက် အံ့အားသင့် မနေမိပါ။ သူ ငယ်စ ဉ်က ကြုံတွေ့ခဲ့ရသည် တို့ အဓိပ္ပာယ် ပြည့်စုံသွားသည့် အခိုက်အတန့် တစ်ရပ်သာ ဖြစ်သည် ။ ဂျစ်ဆောကားချပ်လေးသည် အစိတ်အပိုင်းအား လုံး နေရာတကျဖြင့် ပုံပေါ်လာခဲ့ပေပြီ။ ဘိုးဘိုးနှင့် ဘွားဘွားတို့ နှစ်ဦး အကြားမှ ဘိုးဘိုး၏ သည်းခံစိတ်ရှည်မှု၊ ဘွားဘွား၏ ဝမ်းနည်းကြေကွဲ မှုများ နှင့် သူတို့ နှစ်ဦးအကြား အကွာအဝေး တစ်ရပ်ရှိနေခြင်းတို့ က ရ ပ်လုံးပေါ်လာခဲ့ပါပြီ။ အီဗာက ဘိုးဘိုး၏ လက်ကို ဆွဲယူဆုပ်ကိုင်ကာ န စ်သိမ့်မှုပေးလိုက် သည် ။ ဗမာပြည်မှ ဘိုးဘိုး ပြန်လည်ရောက်ရှိခဲ့ပြီး နောက် ဘွားဘွား ဟယ်လင်နှင့် အိမ်ထောင်ပြုခဲ့သည် ။ အီဗာက ဘိုးဘိုး၏ ဇာတ်လမ်းကို ဇာတ်ရည်လည်စ ပြုလာသည် ။ ဘွားဘွားနှင့် အီဗာ၏ မေမေတို့ က ဘိုးဘိုး၏ ဗမာပြည်က အကြောင်းအရာများကို လုံးဝ စိတ်ဝင်စားမှု မရှိသည် မှာ အံ့သြစရာတော့ မဟုတ်ပါ။

''ဘိုးဘိုး သူ့ကို ထာဝရအနေနဲ့ ချစ်ခဲ့တာပါ''

သည့် အချက်ကဖြင့် ဘိုးဘိုးမျက်နှာပေါ်တွင် အထင်းသား ပေါ်လွင် နေပါသည် ။ အဖြေအားလုံးက ဘိုးဘိုး ၏ မျက်နှာပေါ်တွင် ပင် ရှိနေသ

ည် ။ ဘိုးဘိုး၏ 'သူ'က ဘွားဘွားဟယ်လင်ကို အစမွဖယ်ရှားကာ ဘိုးဘိုး၏ ချစ်ခြင်းမေတ္တာကို သိမ်းပိုက်ထားခြင်းဖြစ်သည် ။

''ဒီလိုဆို သူ့ကို ဘာဖြစ်လို့ ထားရစ်ခဲ့ရတာလဲ''

''မေးသင့်တာပေါ့ မြေးလေးရယ်...''

သို့သော်လည်း ဘိုးဘိုးက အဖြေမပေးခဲ့ပါ။

''ပြီးတော့ သူ အသက်ရှင်လျက်ရှိနေတုန်းပဲလို့ ဘိုးဘိုးက ဘာလို့ ထင်တာလဲ၊ အသက်ကရော ဘယ်လောက် ရှိပြီလဲ''

ဘိုးဘိုး၏ 'သူ'က အသက်ကိုးဆယ်စွန်းစွန်းခန့် ရှိမည်ဟု အီဗာက တွေးဆနေမိသည် ။

ဘိုးဘိုးက သေချာပေါက်သိထားဟန်ဖြင့် ခေါင်းညိတ် ပြလာသည် ။

''သူသာ သက်ရှိထင်ရှား မရှိတော့ဘူးဆိုရင် ဘိုးဘိုး သိကိုသိမှာ ထင်တာပဲ မြေးလေးရဲ့ ''

လေယာဉ်ပြတင်းမှန်မှ တစ်ဆင့် ကြည့်နေရင်းပင် ရောင်နီတို့ ပျို့အန် လာပြီး ထွက်ပြူစ နေအလင်းရောင်က တိမ်တိုက်များကို လွှမ်းခြုံထိုးဖောက်လာသည် ။

ဤသည် ကား ဗမာပြည်ပင်။ 'ဗမာပြည်သည် သင် သိသမျှ မည်သည့် နေရာဒေသနှင့် မျှမဆို လုံးဝကွဲပြား ခြားနားသော ဒေသဖြစ်သည် ' ဟု ကဗျာဆရာကြီး ရုဒ်ယာ့ဒ် ကစ်ပလင်က အမွှမ်းတင်ခဲ့သည့် ဗမာပြည်သည် လေတံခွန် စွန်တစ်ချပ်၏ အသွင်ဖြင့် မြေပြင်တွင် တည်ရှိနေပေပြီ။ ဗမာပြည်သည် အံ့အားသင့်ဖွယ်ကောင်းလောက်အောင်ပင် စိမ်းစိုလွန်းလှသည် ။ မိုးက စဲဟန် မရှိသေး။ ရစ်ခွေစီးဆင်း နေကြသော မြစ်ရေအလျဉ်တို့ က လေတံခွန်တစ်ချပ်ကို ထိန်းသိမ်းစေစားပေးသည့်

ကြိုးများ နှယ်ရှိသည် ။ အကြေဘက်၊ မြစ်ဝှမ်းဒေသတွင် မြစ်လက်တက်များ စွာတို့ ခွဲဖြာစီးဆင်းနေကြသည် ။ အီဗာက ထိုင်ခုံကျောမှီကို မတ်မတ် ပြုလိုက်ပြီး ရှေ့ဆီမှ မြေပုံကို အနီးသို့ ဆွဲယူကြည့်ကာ မြင်တွေ့ရသမျှတို့ ကို ခံစားကြည့်ရန် အသင့်ပြင်ထားလိုက် သည် ။ နံနက်ခင်း အလင်းဖွေးဖွေးအောက်တွင် ရွှံ့ရောင် ပေါက်နေသော ဧရာဝတီမြစ်ကို မြင်တွေ့ရသည် ။ ဗမာပြည်သည် ကား ပီဘိ အခြားကမ္ဘာလေးတစ်ခုပင်။

ဘွားဘွားဟယ်လင် ဆုံးပါးခဲ့ပြီးနောက် ဘိုးဘိုးနှင့် အီဗာ၏ မိခင် ရို့စ်မာရီတို့ အကြား ဆက်ဆံရေးအက်ကြောင်းက တစ်စထက်တစ်စ နက်ရှိုင်းလာခဲ့သည် ။ အီဗာနှင့် သူ့မိခင်အကြားမှ ဆက်ဆံရေးအနေအထားကလည်း အလားတူပင်။ ဘိုးဘိုးနှင့် မေမေ၊ မေမေနှင့် အီဗာကိုယ်တိုင် အကြားရှိ ဆက်ဆံရေးနှစ်ရပ်က မျဉ်းပြိုင်နှစ်ကြောင်းအလား ရွေ့လျားနေခြင်းဖြစ်သည် ။ ရို့စ်မာရီက မိခင်ဟယ်လင်ကို ပျော်ရွှင်မှု မပေးခဲ့သည့် အတွက် သူ၏ ဖခင်ကို အပြစ်တင် စွပ်စွဲခဲ့လေသလား။ သည် အချက်ကရော အမှန်တကယ် ဟုတ်ပါရဲ့ လား။ အီဗာ၏ အတွေးတို့ အဆုံးမရှိတော့။ သည် အတွေးစတို့ ၏ အဖြေများကို ပြတင်းမှန်မှ တစ်ဆင့် မြင်တွေ့နေရသော ဗမာပြည်က ပေးကောင်းပေးနိုင်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ဘိုးဘိုးသည် လူကောင်းတစ်ဦးသာလျှင်ဖြစ်၍ မှန်သည် ၊ မှားသည် အပထား။ ဘိုးဘိုးတတ်နိုင်သမျှ အကောင်းဆုံး လုပ်ပေးခဲ့ခြင်းဖြစ်မည်ဟု သာ အီဗာက ယုံကြည်သည် ။

အီဗာက ဆံပင်ကို လက်တစ်ဖက်ဖြင့်သိမ်းရင်း လေယာဉ်မယ်လေး ကမ်းပေးထားသော ပူနွေးသည့် ရေမွှေးမျက်နှာသုတ်ပဝါကို လည်ကုပ်ပေါ်သို့ ခဏမျှတင်ထားလိုက်ကာ မျက်လုံးအစုံမှိတ်၍ အတွေးနယ်ပြန်ချဲ့နေမိသည် ။ အီဗာ၏ အီးမေးလ်ကို မိခင်ဖြစ်သူ ပြန်ကြားလာသည့်စာက တိုတိုရှင်းရှင်းနှင့် သူ့ထုံးစံအတိုင်း လိုရင်းကိုသာ ရေးသားထားသ

ည် ။ 'ဘာစကားလက်ဆောင်မှ ပါးမနေပါနဲ့ တော့ မေမေရယ်' အီဗာစိတ်ထဲမှ ပြောမိနေခြင်းသာဖြစ်သည် ။

မေမေက အီဗာကို ဂရုစိုက်နေရန်နှင့် ပျော်ရွှင်စေရန်မှာကြား ဆုတောင်းပေးထားသည် ။ အဲလက်၏ ကုမ္ပဏီ လုပ်ငန်းအကြောင်းလည်း အနည်းငယ် ရေးသား အသိပေးထားသေးသည် ။ နာရီအမြောက်အမြား အလုပ်လုပ်ရသည့် အကြောင်း၊ တိုးတက်မှုမြန်ဆန်လှသည့် ကွန်ပျူတာနည်းပညာလောကတွင် ဖိအားများ စွာဖြင့် အလုပ်မလုပ်နိုင်လျှင် နောက်ကျကျန်ရစ်မည်ဖြစ်ကြောင်း ရေးသားထားသည် ။ ရို့စ်မာရီက သူကိုယ်တိုင်၏ အကြောင်းကို ရေးမပြခဲ့။ မည်သည့် အချိန်တွင် အလည်တစ်ခေါက် ပြန်လာနိုင်မည်ဆို သည် ကိုလည်း ရေးမပြခဲ့ပါ။ မေတ္တာတရားဆိုသော စကားလုံးမှာ လက်နှင့် ချရေးရန် လွယ်ကူလွန်းလှသည် ။ အနမ်း တစ်ပွင့်သည် လည်း အလားတူပင်။ သို့သော် အီဗာ မျှော်လင့် ထားသည် က ထိုသို့မဟုတ်ပါ။ အထူးသဖြင့် လက်ရှိအခြေအနေမျိုးတွင် အီဗာ မျှော်လင့်ထားသည် တို့ က သီးခြား ဖြစ်နေသည် ။

'နှစ်မကုန်ခင်မှာ ယူစရာခွင့်ရက်တွေ ကျွန်မမှာ ရှိနေသေးတယ်'ဟု အီဗာက ဒေါဆက်မြို့တွင် ဘိုးဘိုးနှင့် တွေ့ဆုံခဲ့ပြီးနောက် တနင်္လာနေ့တွင် ဂျက်ကီကို ပြောခဲ့သည် ။ ထိုခွင့်ရက်များ တွင် ခရီးထွက်နိုင်ရန်အတွက် ဘိုးဘိုးက ငွေကြေးထောက်ပံ့ပေးမည်ဖြစ်ကာ သူကိုယ်တိုင်လည်း စုဆောင်းထားသည် များ ရှိနေသည် ။ ငွေရေးကြေးရေးအရ အီဗာအတွက် အခက်အခဲမရှိနိုင်ပါ။ ဂျက်ကီသာ ခွင့်ပြုခဲ့ လျှင်ဆိုပါစို့။ မြန်မာနိုင်ငံတွင် တွေ့ဆုံရမည့် လုပ်ငန်းရှင် သူဌေးတို့ က ယင်းတို့ အကျိုးအမြတ်ကို ကောင်းကောင်း ယူကြမည်ဖြစ်သည့် တိုင် အီဗာ၏ ယခုခရီးစဉ်က ဂျက်ကီ ၏ အရောင်းပြခန်းလုပ်ငန်းအတွက် အမြတ်အစွန်း ကောင်းစွာ ရရှိစေမည်ဖြစ်သည် ကို အီဗာက သတိပြုမိထားသ

ည် ။

''ဘယ်နှရက်လောက် ကြာမှာ လဲ''

ဂျက်ကီက မေးလာသဖြင့် မိသားစုအရေးကိစ္စ အချို့နှင့် ဆက်နွှယ်မှု ရှိနေပုံကို အီဗာက ရှင်းပြလိုက်သည် ။

''သီတင်းသုံးပတ်လောက် ရနိုင်မလား''

ဂျက်ကီက ချက်ချင်းပင်...

''ဘာလို့ မရနိုင်မှာ လဲ''

ဟု တုံ့ပြန် အဖြေပေးလာသည် ။

''ဟိုမှာ ရှိနေတုန်း အီးမေးလ်အဆက်အသွယ် တောက်လျှောက် လုပ်ထားမယ်ဆိုရင် ဒီခရီးစဉ်က အသုံး ဝင်လာနိုင်မှာ ပါ အီဗာ''

''ဟုတ်ကဲ့ပါ''

အီဗာက လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး လေယာဉ်ခရီးရှည်ကြောင့် ဖြစ်ပေါ်လာသည့် စိတ်ဖိစီးမှုနှင့် ပင်ပန်းနွမ်းနယ်မှုတို့ ကို ဖြေလျှော့လိုက်သည် ။ အီဗာက ဘိုးဘိုး၏ အခြားဘဝတစ်ခုကို ရှာဖွေဖော်ထုတ်ရမည် ဖြစ်သည် ။ ထိုဘဝသည် ဘိုးဘိုး၏ ဇနီးနှင့် သမီးတို့ မပါဝင်သောဘဝ ဖြစ်သည် ။ မည်သည့် အကြောင်းအရာတို့ ကို ရှာဖွေတွေ့ရှိမည် မသိရသေးသော်လည်း မိခင်ဖြစ်သူက နှစ်သက်မည် မဟုတ်ပေ။ ကိုယ်နှင့် မရင်းနှီးသေးသော မျက်နှာစိမ်းဒေသတစ်ခုဆီသို့ အဖော်မပါ တစ်ကိုယ်တည်း သွားရောက်ရမည့် ခရီးစဉ်ဖြစ်ကာ ဂျက်ကီက အလုပ်ကိစ္စ အတွက် အချိတ်အဆက်ပြုလုပ်ပေးထားသည့် ရာနှုန်းပြည့် ယုံကြည်ရန်ခက်ခဲသော အဆက်အသွယ်အချို့မှ တစ်ပါးအားကိုးရန်မရှိဘဲ ကိုယ်တစ်ဦးတည်းအစွမ်းအစဖြင့်

ဆောင်ရွက်ရမည်ဖြစ်သည် ။

အီဗာက မျက်လုံးအစုံကို ပြန်ဖွင့်ကြည့်မိပြန်သည် ။ လေယာဉ် ပြတင်းမှန်မှ တစ်ဆင့် မြင်တွေ့နေရသော ကြီးမားသည့် မြစ်ကြောင်းကြီးက ရွှံ့နွံတောထဲတွင် ကွေ့ဝိုက်ရစ်ခွေ စီးဆင်းနေရင်း အချို့နေရာများ တွင် လက်တက်များ အဖြစ် ခွဲထွက်ကာ အောက်ဘက်တွင် ပြန်လည်ပေါင်းဆုံ စီးဆင်းသွားကြပြန်သည် ကို မြင်တွေ့နေရသည် ။ စုပေါင်းစည်းရုံးနေထိုင်ခြင်းက တစ်ကိုယ်တည်း အထီးကျန်နေသည် ထက် ကြံ့ခိုင်အားကောင်းသည် လေ။ ဖခင်ဖြစ်သူ ဆုံးပါးပြီးစဉ်ကပင် ထိုသို့သော စည်းလုံးမှုမျိုး အီဗာနှင့် သူ့မိခင်တို့ အကြား ရှိမနေခဲ့တော့။ သူတို့ နှစ်ဦးစလုံးသည် လည်း စိတ်ဓာတ်ကြံ့ခိုင်မှု ကျဆင်းခဲ့ရသည် ။ အီဗာ အသက်အရွယ်က ငယ်ရွယ်လွန်းလှသေးသဖြင့် ထိုအချိန်က နားမလည်ခဲ့ နိုင်သော်လည်း ထိုအကြောင်းကို စေ့စေ့တွေးကြည့်ရန် အီဗာတွင် အချိန်များ စွာ ရရှိခဲ့ပြီးဖြစ်ပါသည် ။

ဤသို့ဖြင့် အီဗာက ဘိုးအေဖြစ်သူဘက်သို့ ရောက်ရှိသွားခဲ့ရခြင်း ဖြစ်သော်လည်း သူ၏ မိခင်က တစ်ကိုယ်တည်းနေရသည် ကို ပိုမို နှစ်သက်လေ့ရှိသူအဖြစ် အီဗာက နားလည်လက်ခံထားခဲ့သည် ။

''လေယာဉ်ဆင်းဖို့ သိပ်မလိုတော့ဘူးနော်''

အီဗာ၏ ဘေးခုံမှ အမျိုးသားက စကားစလာခြင်း ဖြစ်သည် ။ ထိုသူက သတင်းမီဒီယာသမားတစ်ဦးဖြစ်ကာ ခရီးသွားဖော်ကောင်း တစ်ဦးလည်း ဖြစ်သည် ။ လေယာဉ်ပေါ်တွင် သူတို့ နှစ်ဦး စကားစမြည် ပြောဆိုဖြစ်ခဲ့ကြပြီး အီဗာ တွေးတောစဉ်းစားလိုသည့် အကြောင်းအရာများကိုသာ ပြောဖြစ်ခဲ့ကြခြင်း ဖြစ်သည် ။

အီဗာက ပြန်ပြုံးပြရင်း...

''လေယာဉ်ဆင်းမှာ တောင် မစောင့်နိုင်တော့ဘူး''

ဟု ဆိုလိုက်သည် ။

ထိုင်ခုံခါးပတ်များ ပတ်ထားရန် အချက်ပြမီးများ လင်း လာပြီး လေယာဉ်မှူးက လေယာဉ် မြေသို့ဆင်းသက်ရန် လိုအပ်သည် များကို ပြင်ဆင်ဆောင်ရွက်နေသည် ။ အမြင့်ပေ လျော့ကျ လာလေ စိုက်ခင်း၊ ပျိုးခင်းများကို ပိုမို ထင်ရှားစွာ တွေ့မြင်လာရလေဖြစ်သည် ။ နံနက်ခင်း တစ်ဝက်တစ်ပျက် အလင်းရောင်ကြားမှ စိမ်းစိုနေသော စပါးခင်းများ ပေါ်သို့ မိုးရွာချထားပုံကို အီဗာ ကြည့်နေမိသည် ။ မြစ်ကမ်းနံဘေးတွင် ဟိုတစ်စု သည် တစ်စု ဆောက်လုပ်ထားသော တဲအိမ်တန်းများကိုလည်း မြင်တွေ့ရသည် ။ မြန်မာလုပ်ငန်းရှင် သူဌေးကြီးများ နှင့် သွားရောက် တွေ့ဆုံရမည့် ခရီးစဉ်ဖြစ်သော်လည်း မြန်မာနိုင်ငံနှင့် ဆင်းရဲမွဲတေမှုအကြောင်း သိထားနှင့် ပြီးဖြစ်သော အီဗာက ထိုတဲအိမ်တန်းများမှာ ဆင်းရဲသားရပ်ကွက်များ ဖြစ်မည်ဟု သတိပြုမိလိုက် သည် ။ အုန်းတောများ နှင့် ဖြောင့်စင်းတည့်မတ်စွာ ဖောက်လုပ်ထားသော လမ်းမကြီးတစ်ခုကိုလည်း မြင်တွေ့ရသည် ။

လေယာဉ်က မြေသို့ဆင်းသက်ရန် လေဆန်ဘက်သို့ လှည့်ကာ အသင့်ပြင်ထားသည် ။ အီဗာ ခေါင်းအနည်းငယ် မူးဝေလာသည် ။ ခရီးပမ်းခြင်းကြောင့် ပင် ဖြစ်မည်ဟု ထင်သည် ။ မြန်မာ့ရေမြေနှင့် မရင်းနှီးသေးသည် လည်း ပါမည်ထင်သည် ။ သို့သော်လည်း သူ မျှော်လင့်သကဲ့သို့ သူ စိမ်းပြင်ပြင်ကြီးလည်း မဟုတ်ပါ။ အီဗာက ဘာကိုများ မျှော်လင့်ထားပါသလဲ။ သူကိုယ်တိုင်လည်း မသေချာလှပါ။ ခြေချောင်း၊ လက်ချောင်းများပင် ယားယံလာသကဲ့သို့ စိတ်လှုပ်ရှားလာကာ အီဗာ၏ နှလုံးခုန်သံတို့ မြန်ဆန် လာခဲ့တော့သည် ။

''လေယာဉ်အမှုထမ်းများ ကျေးဇူးပြု၍ မိမိထိုင်ခုံမှာ နေရာယူပေးကြပါ၊ လေယာဉ်ဆင်းတော့မှာ ဖြစ်ပါတယ်''

အသံချဲ့စက်မှ ကြေညာသံ ထွက်ပေါ်လာခြင်း ဖြစ်သည် ။

ထို့နောက် နေရောင်ခြည်အောက်တွင် ရွှေရောင် လင်းလက်နေသော စေတီတစ်ဆူကို အီဗာ မြင်တွေ့လိုက် သည် ။ အထက်သို့ စု၍ တက်သွားသော စေတီတော်အထွတ်ပိုင်းက မိုးကောင်းကင်သို့ တိုးထွက်တော့မည့် နှယ်...။ ကိုယ်လုံးတော်ကလည်း နေခြည်တွင် ရွှေရည်ဝင်းလဲ့၍ နေသည် ။ သည် မြေသည် ဗမာပြည်ပင်။ ရှေ့ဆက်ရဦးမည့် အီဗာ၏ ခရီးသည် ကား ကွေ့ကောက်ရစ်ခွေ စီးဆင်းနေသော ဧရာဝတီမြစ်ကြောင်းနှင့် အလားတူပင် ရှိချေရော့မည်။ မြန်မာ့မြေပေါ်သို့ အီဗာ ရောက်ရှိခဲ့ပါပြီ။

* * *

# အခန်း (၆)

'သူ့မျက်နှာလေးကို ပထမဆုံးအကြိမ် မြင်ခဲ့ရ...'

လောရင့်စ်က အိပ်ခန်းမီးမပိတ်မီ ခုတင်ဘေးရှိ စားပွဲငယ်သို့ လှမ်းကြည့် လိုက်သည် ။ အတိအကျဆိုရပါက ခြသေ့်ရုပ်ကလေး မရှိတော့သဖြင့် လစ်ဟာသွားသော စားပွဲပေါ်က နေရာလပ်တစ်ခုကို လှမ်းကြည့်နေမိခြင်းဖြစ်သည် ။ ခြသေ့်ရုပ်က နေရာတွင် မရှိတော့သည်တိုင် လောရင့်စ်၏ စိတ်မျက်စိထဲတွင် မူ စွဲထင်မြင်ယောင်နေဆဲပင်။ 'မင်းကို စောင့်ကြည့်နေမယ်'ဟု ပင် ဆိုနေသည့် အလား။ လောရင့်စ်က မိန်းကလေး၏ ဘဝ တစ်စိတ်တစ်ဒေသဖြစ်ခဲ့သော ခြသေ့်ရုပ်ကို သူ အိပ်ပျော်နေစဉ်တွင် ပင် အနီးဆုံးနေရာတွင် ထားရှိခြင်းဖြင့် သစ္စာဖောက်ဖျက်မိလေခြင်းဟူသော ခံစားတွေးတောမှုကို လျှော့ပါးစေမည်ဟု ထင်ကောင်းထင်ပေ မည်။ သို့မဟုတ် စိတ်ကူးယဉ်သော အဘိုးအိုတစ်ယောက်ဟု လည်း ဆိုကောင်း ဆိုနိုင်မည်ဖြစ်သည် ။ အမှန်ကမူ ကျွန်းသားခြသေ့်ရုပ်၏ အထိအတွေ့က လောရင့်စ်၏ စိတ်အလျဉ်ကို အတိတ်ဆီသို့ ပြန်လည်ရောက်ရှိ စေနိုင်စွမ်း ရှိနေခြင်းပင်။ လောရင့်စ်က နာရီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သည် အချိန်ဆို အီဗာ လေယာဉ်ဆိုက်လောက်ပြီလားဟု စဉ်းစားနေသည် ။ ဗမာပြည်သို့ အီဗာရောက်ပြီဟု ဆိုလျှင် အနည်းဆုံးအားဖြင့် လောရင့်စ်၏ အတွေးရေအလျဉ် တို့ သည် လည်း ဗမာပြည်သို့ ရောက်ရှိရမည်သာ။

လောရင့်စ်တစ်ယောက် စာအုပ်ဖတ်ရန် ဈာန်မဝင်ခဲ့ သည် မှာ ယခု ညမှ မဟုတ်ပါ။ ဇနီးသည် ဟယ်လင် ရှိစဉ်က အိပ်ရာထဲတွင် လောရင့်စ် စာအုပ်ဖတ်သည် ကို မကြိုက်တတ်။ 'မပင်ပန်းဘူးလား'ဟု ဟယ်လင် က သက်ပြင်းချရင်း ပြောတတ်သည် ။ ညဘက် အလွယ်တကူ အိပ်ပျော် စေရန် နေ့ခင်းဘက်က လှုပ်ရှားမှုကောင်းကောင်း မပြုလုပ် နိုင်ခဲ့သည် က လောရင့်စ်၏ အပြစ်ပေလား။ ဤသို့ဖြင့် လောရင့်စ်မှာ စာတစ်ပိုဒ်၊ နှစ်ပိုဒ်မျှသာ ဖတ်ဖြစ်ပြီး ဖတ်လက်စ စာအုပ်ကို ဘေးချထားလိုက်ရတော့ သည် သာ။ ဟယ်လင်ကို မည်သည့် အတွက် စိတ်ပျက်ရပါမလဲ။ သည် ကိစ္စက ဟယ်လင်၏ အမှား မဟုတ်ပါ။ ဟယ်လင်ဘက်က ဘာမျှမမှားခဲ့ ပါ။ ယခုတော့ သူတစ်ယောက်တည်း ကျန်နေရစ်ပြီ။ ယခုအချိန်တွင် ဖ တ်လိုစိတ်သာ ရှိပါက စာအုပ်တစ်အုပ်လုံးကိုပင် လောရင့်စ် ဖတ်နိုင်သ ည့် အခွင့်အရေး ရှိနေပေပြီ။ သူ့ကို ဟန့်တားမည့် သူ မရှိတော့။ လောရ င့်စ်၏ မျက်လုံးများက ပင်ပန်းမှုကြောင့် မှေးစင်း လာကြပြီ။ သည် သို့ သော ပင်ပန်းမှုမျိုးကို လောရင့်စ် ယခင်က မကြုံခဲ့ဘူးပါ။

'သူ့မျက်နှာလေးကို ပထမဆုံးအကြိမ် မြင်ခဲ့ရ…' ဆိုသည် က သီချင်း စာသားတစ်ခုဖြစ်သည် ။ ဗမာပြည်သို့ လောရင့်စ် ပထမဆုံးအကြိမ် ရောက်ရှိစဉ် က ထိုသီချင်း မရှိသေးပါ။ ၁၉၃၇ ခုနှစ်ကာလဆီက ထိုသီ ချင်းရေးပင် မရေးရလောက်သေးပါ။ လောရင့်စ်၏ 'သူ'သာလျှင် ထိုသီချင်းမျိုး မွေးဖွားလာခြင်း၏ အကြောင်းရင်း ဖြစ်နိုင် လောက်ပါသ ည် ။

* * * * *

မန္တလေးမြို့၊ ၁၉၃၇ ခုနှစ်။

လောရင့်စ်နှင့် သူငယ်ချင်း စကော့တီတို့ နှစ်ယောက် ဈေးထဲတွင် အ

ပျင်းပြေ လျှောက်လည်ကြည့်ရှုနေကြသည် ။ ငါးသည် များ ၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံရောင်းချသူများ အများ အပြား မြင်တွေ့ရသည် ။ အမျိုးသားအများ စုနှင့် အချို့ အမျိုးသမီးတို့ က ဆေးပေါ့လိပ် ခဲသူခဲ၊ ကွမ်းစားသူ စားလျက်ရှိကြသည် ။ ဝါးတဲလေးတစ်ခုတွင် ခုံတန်းရှည် ချထားသော အစားအသောက်ရောင်းချသည့် ဆိုင်တစ်ဆိုင်လည်း ရှိသည် ။ အစွန်းအထင်းများ နှင့် ညစ်ပေနေသော အင်္ကျီဝတ်ဆင်ထားသည့် ဆိုင်ရှင်ဖြစ်သူက အငွေ့တထောင်း ထောင်းထနေသော ခေါက်ဆွဲခွက်နှင့် မီးဖိုပေါ်တွင် ပွက်ပွက်ရိုက်ဆူနေသော ဟင်းရည်တို့ ကို ဆိုင်တွင် မှာကြား စားသောက်သူဆီထံ သွားချပေးနေသည် ။ ရာသီဥတုက ပူလွန်းလှသည် ။ လေထုစိုထိုင်းဆကလည်း မြင့်မားသဖြင့် မြူများ ပင် ဆိုင်းနေသည် သို့ ရှိသည် ။ ရေရေရာရာ ဦးတည်ချက်မရှိဘဲ ဈေးအတွင်း လှည့်လည်သွားလာနေကြသူ အများ စုမှာ ဗမာနှင့် အိန္ဒိယလူမျိုးများ ဖြစ်ကြပြီး ဥရောပတိုက်သားအချို့ကိုလည်း တွေ့ရှိရသည် ။ အမျိုးသားများက ခပ်ပါးပါး အပေါ်ဝတ်အင်္ကျီနှင့် လုံချည်များ ဝတ်ဆင်ထားကြပြီး အမျိုးသမီးများကမူ အထက်ဆင့်တပ် ထဘီများ ဝတ်ဆင်ထားကြကာ အရောင်တောက်ပသော ဘလောက်စ် အင်္ကျီများ ၊ ဆာရီများ ဝတ်ဆင်ထားတတ်ကြသည် ။ ဦးခေါင်းနှင့် ပခုံးပေါ်မှ ပတ်ရစ်လွှမ်းခြုံထားသော ဆာရီစက ဖုန်ထူသော မြေပြင်ပေါ်အထိ တွဲလောင်းကျနေတတ်ပါသေးသည် ။ သူတို့ အတွက် လိုအပ်သည် မှာ မိုးရေ ရဖို့ ပင် ဖြစ်မည်ဟု လောရင့်စ်က တွေးလိုက်သည် ။

''မင်း မျှော်လင့်ထားတဲ့ အတိုင်းပဲလား''

သည် ဈေးလေးအတွင်းသို့ ပထမဆုံးအကြိမ် ရောက်ရှိလာသော လောရင့်စ်ကို စကော့တီက မေးခွန်း ထုတ်လာသည် ။ 'တကယ်ရော ဟုတ်ပါရဲ့ လား…' လောရင့်စ် စဉ်းစားနေမိသည် ။

လောရင့်စ်သည် ခရီးသွားစွန့်စားရခြင်းကို ဝါသနာထုံ စွဲလမ်းသူ ဖြစ်သည် ။ အခက်အခဲ၊ အန္တရာယ်တို့ နှင့် ရင်ဆိုင်ရခြင်း၊ မိန်းမလှလေးများ နှင့် ဆုံတွေ့ရခြင်းတို့ ကြောင့် သာမက ခရီးသွားရခြင်းကိုပါ နှစ်သက်တတ်သောသူ ဖြစ်သည် ။

လောရင့်စ်သည် ကမ္ဘာလောကကြီးကို နေရာအနှံ့ သွားလာမြင်တွေ့ဖူးလိုသူ ဖြစ်သည် ။

''ဖေဖေတို့ နဲ့ ဘာများ အဆင်မပြေတာရှိလို့ လဲ''

ကမ္ဘာလောကကြီးကို လှည့်လည်ကြည့်ရှုလိုသော ရည်ရွယ်ချက်ကို မိဘများ ထံ လောရင့်စ်က သတ္တိမွေး၍ ပြောကြားလိုက်သည် တွင် ဖခင်ဖြစ်သူက ထိုသို့ မေးလာခဲ့ခြင်းဖြစ်သည် ။ မိဘနှစ်ပါး၏ အရိပ်အာဝါသက လောရင့်စ် ငယ်စဉ်ကတည်းကပင် အုပ်မိုးထားခဲ့သည် လေ။

''ဘာလို့ လျှောက်သွားရမှာ လဲ၊ မင်းကို ဒီမှာ ပဲ ရှိနေစေချင်တယ်''

ဖခင်ဖြစ်သူက ဆိုလာပြန်သည် ။

မိခင်ဖြစ်သူကတော့ အေးဆေးစွာပင်။

''သူ ပြန်လာမှာ ပါ''

ဟု ဆိုသည် ။ လောရင့်စ်၏ မိခင်က သံတမန် တစ်ဦးဖြစ်ပြီး သပ်ရပ်စွာ ဝတ်စားဆင်ယင်တတ်သည် ။

''သားကို ပေးသွားလိုက်ပါ၊ တစ်နေ့ သူ ပြန်လာပါလိမ့်မယ်''

ခင်ပွန်းဖြစ်သူနှင့် သားအကြား နှစ်ဦးစလုံး အဆင်ပြေပျော်ရွှင်စေရန် မည်သို့ ထိန်းသိမ်းရမည်ကို သူက သိနေသည် ။ သည် အလုပ်က သူ့အတွက် မခဲယဉ်းလှပါ။

လောရင့်စ်၏ ဖခင်က ဒေါသဖြစ်ဖြစ်နှင့် ဝီစကီ ပုလင်းကိုသာ လှမ်းဆွဲလိုက်တော့သည် ။ မည်သို့ပင်ဖြစ်စေ လောရင့်စ်ကို သူ့ဖခင်က အလိုလိုက်ရတော့မည်ကို သူ သိနေသည် ။ ခင်ပွန်းသည် သည် သူ့ဆန္ဒကို မည်သည့် အခါ ကမျှ ပစ်ပယ်ခဲ့ခြင်း မရှိခဲ့ပါချေ။

''ကောင်းပြီလေ၊ မင်း စိတ်ချမ်းသာရင် လုပ်ပေါ့''

ဆိုသည့် ဖခင်ဖြစ်သူ၏ စကားသံကို လောရင့်စ် တစ်ယောက် ငယ်စဉ်ဘဝကပင် ရင်းနှီးကျွမ်းဝင်နေခဲ့သည် မဟုတ်ပါလား။ မေမေ စိတ်ချမ်းသာလျှင် ဖေဖေလည်း စိတ်ချမ်းသာရမည်ပင်။ ရိုးရိုးလေးပဲ ဖြစ်ပါသည် ။ သည် ပုံသေနည်းက အလုပ်ဖြစ်သည် ။ လောရင့်စ်အတွက်ကတော့ မိန်းကလေးတစ်ဦးနှင့် သာဆိုပါက ဘယ်ဘဝကိုပင် ရင်ဆိုင်ရပါစေ၊ ရင်ဆိုင်ရဲသူ ဖြစ်သည် ။ လောရင့်စ်သည် ဤမျှနှင့် တင်းတိမ်သူ မဟုတ်ပါ။

မိခင်ဖြစ်သူ အဲလစ်ဇဘက်က လောရင့်စ်၏ ဆံပင် များကို ပွတ်သပ်ရင်း...

''ကျွန်မတို့ သူ့ကို လိုအပ်တဲ့ အခါ သားက ပြန်လာမှာ ပါ''

ဟု နှစ်သိမ့်စကားဆိုသည် ။

''သူ့အိပ်မက်တွေကနေ နိုးလာတဲ့ အခါ သူ ပြန်လာမှာ ပါ၊ အားလုံးအဆင်ပြေသွားမှာ ပါလေ၊ သူက လောကကြီးကို စူးစမ်းချင်နေတာပဲ၊ သူ့အတွက် ကောင်းပါတယ်''

လောရင့်စ်ကိုယ်တိုင်ကတော့ မသေချာလှ။ လက်တွေ့တွင် သူ ကျေနပ်စရာ ဖြစ်မလာခဲ့ပါ။ သည် အချက်ကို လောရင့်စ် ကောင်းစွာ သိထားခဲ့သည် ။ သို့ရာတွင် သူခရီးမှ ပြန်ရောက်ချိန်ကျမှ သာ သိရှိခဲ့ခြင်း ဖြစ်သည် ။ မိခင်ဖြစ်သူ၏ စကားက မှန်ပါသည် ။ 'ဘဝဆိုသည် မှာ နေရာ

သစ်များကို မြင်တွေ့ရန်ပဲလား'။ များ စွာသော အသစ်အဆန်းတို့ ကို ရင်ဆိုင်ကြုံတွေ့ရန်နှင့် ကိုယ်သိသမျှ အကြောင်းအရာ၊ ကိုယ်သိသမျှ မိတ်ဆွေသင်္ဂဟတို့ နှင့် သာ ထိတွေ့တွယ်ကပ်ထားရန် မဟုတ်ပါ။ ဖခင်ဖြစ်သူ၏ လန်ဒန်မြို့ရှိ 'ဖောက်စ်အင်ဖော့စတာ' စတော့ရှယ်ယာ ကုမ္ပဏီ ရုံးခန်းကလေးတွင် ထိုင်ကာ အကျိုးဆောင်လုပ်နေ ရုံ သက်သက်အတွက် မဟုတ်ပါ။ မိသားစုဘဝလေး၏ အပြင်ဘက်တွင် စူးစမ်းစရာ၊ အောင်နိုင်မှု ရယူစရာ များ စွာသော လောကများ ရှိနေပါသေးသည် ။ ဗြိတိသျှအင်ပါယာ ကြီးက လွန်စွာကျယ်ဝန်းလှပြီး လောရင့်စ်က အတွေ့အကြုံ ရယူလိုစိတ် ရှိနေသည် ။ မိသားစုလုပ်ငန်းငယ်လေးက သူ့ကို မည်သို့ စိတ်ကျေနပ်စေနိုင်ပါမလဲ။ ဟယ်လင်ရော စိတ်ကျေနပ်နိုင်ပါမည်လား။ သို့ရာတွင် လောရင့်စ်က ဟယ်လင့်အကြောင်းကို မစဉ်းစားခဲ့ပါ။

''အဲဒီအတွက် အချိန်တွေအများကြီး ရှိပါသေးတယ်''

ဟု မိခင်ဖြစ်သူက လောရင့်စ်ကို ပြောကြားခဲ့သည် ။ အဲလစ်ဇဘက်၏ သံတမန်မျက်ဝန်းထဲတွင် ကျေနပ်မှု အရောင်များ လင်းလက်နေခဲ့သည် ။

''အချိန်တွေ အများကြီး ရှိပါသေးတယ်။ သားလေး အတွက် အတောင်ပံတွေ ဖြန့်ပြီးဝဲပျံဖို့ အချိန်တွေအများကြီး ရှိပါသေးတယ်''

ပျံသန်းရမည်။ ပျံပြီးရင်း ပျံသန်းရမည်ဟု လောရင့်စ် က တွေးနေမိလိုက်သည် ။

* * * * *

အသားညိုလူသားတို့ နေထိုင်ရာ၊ ပြင်းပြသော အပူရှိန်နှင့် ရွှေစေတီများ တည်ရှိရာ ဗမာပြည်၏ အချို့သော နေရာများမှာ လောရင့်စ် ကြုံတ

င်မျှော်လင့်ထားသည့် အတိုင်း အတိအကျပင်ဖြစ်သည် ။ ဤဒေသကား အခြား ဒေသများ နှင့် မတူ တစ်မူကွဲပြားသည် ။ သမားရိုးကျ မဟုတ်သော စိတ်လှုပ်ရှားမှုကို ပေးနိုင်စွမ်းသည် ။ လောရင့်စ်ပင် မူးဝေသွားလောက်အောင် သင်းပျံ့ထုံအီသော မွှေးရနံ့ ရှိသည် ။ အခြားတစ်ဖက်တွင် မူ ခက်ခဲကြမ်းတမ်းမှုများက ရှိနေပြန်သည် ။ ကြမ်းတမ်း၍ သက်သောင့်သက်သာမရှိ။ အပူရှိန်ကလည်း မခံစားနိုင်လောက်ပင်။ ခြင်ကလည်း ထူပါသေးသည် ။ ဆင်းရဲမွဲတေမှုများ နှင့် ခက်ခဲကြမ်းတမ်းမှုများ တို့ ဖြင့် ပြည့်လျှမ်းနေသည် ။ အနောက်နိုင်ငံများမှ စည်းစိမ်များကို တောင့်တ၍ ရနိုင်မည့် နေရာ မဟုတ်။

အလုပ်ကလည်း လောရင့်စ်အတွက် အသစ်အဆန်းဖြစ်ပြီး အတွေ့အကြုံသစ် ရရှိစေသည် ။ အလုပ်ခန့်အပ်မှုအတွက် ကုမ္ပဏီတွင် လက်မှတ်ရေးထိုးလာရစဉ်က သစ်ထုတ်လုပ်ရေးစခန်းများ တွင် နေထိုင်လုပ်ကိုင်ရမည့် အခြေအနေ၊ နေပူပူ မိုးရွာရွာ သစ်ခုတ်လုပ်သားများကို စီမံအုပ်ချုပ်ရင်း ဖိအားများ အောက်တွင် လုပ်ကိုင်ရမည့် အခြေအနေ။ ရန်ကုန်မြို့သို့ ဧရာဝတီ မြစ်ကြောင်းများမှ တစ်ဆင့် မျှောချပေးရန် သစ်လုံးကောင်းများ ရနိုင်သမျှရအောင် စီမံခန့်ခွဲပေးရန် စသည် တို့ ကို အတော်ကြာ ခက်ခက်ခဲခဲ တွေးတော စဉ်းစားခဲ့ရသည် ။ လူအားဖြင့် အဓိက အလုပ်လုပ်ရမည်ကို တွေးပူနေခဲ့သော်လည်း လက်တွေ့တွင် လူတို့က သစ်ဆွဲဆင်များ လောက် မလုပ်ရသည် ကို မြင်တွေ့ခဲ့ရသည် ။

ထိုသို့ဆိုပါက လူတွေကရော...။ လောရင့်စ် အတွေးနယ်ချဲ့ပြန်သည် ။

''ဒီကလူတွေက တို့ ကို အထင်ကြီးကြတယ်''

စကော့တီက ဆိုလာသည် ။ သူက ဗမာပြည်တွင် မည်သို့နေထိုင် လု

ပ်ကိုင်ကြရသည် ကို ကြိုးစားရှင်းပြသည် ။ ဇိမ်ခံပစ္စည်းများ အပြည့်ရှိသော ဗြိတိသျှကလပ်များ ၊ ကောက်တေးလ်ပါတီဧည့်ခံပွဲများ နှင့် ကပွဲများက လမ်းပေါ်မှ သူဖုန်းစားအမျိုးသမီးများ ၊ တစ်စုံတစ်ခုကို လုပ်ကိုင်ရန်အတွက် မျှော်လင့်ချက် ကင်းမဲ့နေသော အင်္ကျီအစုတ်အပြဲများ ဝတ်ဆင်ထားသည့် အမျိုးသားများ အသက်ရှင်သန် နေထိုင်ရေးအတွက် ဈေးဆိုင်များ ဆီမှ ခိုးယူနေကြရသည့် ကလေးသူငယ်များ စသည် တို့ နှင့် လိုက်လျောညီထွေနေသယောင်ပင်။

ဥရောပသားများက အငြင်းပွားဖွယ်မရှိသော အရှင်သခင်များ ဖြစ်သည် ကတော့ ယုံမှားသံသယဖြစ်ရန် မရှိပါ။ နောက်ဆုံး ဗမာမင်းဆက်မှာ ပြီးခဲ့သည့် ရာစုနှစ်ကပင် ပျက်သုဉ်းခဲ့ရပြီးဖြစ်သည် ။ ဗမာဘုရင်သည် ကိုယ့်ထီးနန်းကို ကိုယ်တိုင်ပင် ပျက်စီးစေခဲ့သလား။ သို့တည်းမဟုတ် အဘက်ဘက်က သာလွန်သော ခေတ်မီလက်နက်များ ၊ အတတ်ပညာများ နှင့် အတွေ့အကြုံများကို လိုချင်သည့် အရာ အရယူရာတွင် အသုံးပြုရန် လက်မနှေးသည့် ဗြိတိသျှ အင်ပါယာကပင် ဖျက်ဆီးခဲ့လေသလား။ စကော့တီက ဗမာပြည်ဇာတ်လမ်း ဟူသမျှကို သိသူဖြစ်သည် ။ စကော့တီ၏ ဖခင်က အဆိုပါဇာတ်လမ်းအားလုံးကို မျက်မြင်ကြုံတွေ့ခဲ့ရသူ ဖြစ်သည် ။ စကော့တီနှင့် သူ၏ မိသားစုတစ်ရပ်လုံးမှာ နယ်ချဲ့ဝါဒ၏ ကိုလိုနီပိုးအိမ်အတွင်း လောရင့်စ်နှင့် အခြားသောသူများ ထက် ပိုမိုလုံခြုံစွာ နေထိုင်ခဲ့ကြရသူများ ဖြစ်ကြသည် ။ ထို့ကြောင့် ပင် စကော့တီက လောရင့်စ်ကို ဗမာပြည်တွင် မည်သို့မည်ပုံ နေထိုင်လုပ်ကိုင်ရမည်ကို ကောင်းစွာ လမ်းညွှန်ပြနိုင်ခြင်းပင် ဖြစ်သည် ။

လောရင့်စ်က ဗမာပြည်သို့ စတင်ရောက်ရှိစဉ်ကပင် ဗမာပြည်နှင့် အထာကျအောင် နေထိုင်နိုင်ခဲ့သူဖြစ်သည် ။ ဗမာပြည်၏ ရာသီဥတု၊ အရာရာကို စိုးမိုးထားသော မိုးနှင့် ပြင်းပြသည့် အပူရှိန်တို့ ကိုသာမက ဗ

မာအစားအစာများကိုပင် စားတတ်သောက်တတ်နေပေပြီ။ ထမင်းနှင့်ဟင်း တွဲဖက်စားရသည် ကို နှစ်သက်မည်ဆိုပါက ဗမာဟင်းလျာ များကလည်း အရသာမဆိုးလှပါ။ ဖေဖော်ဝါရီလမှ မေလ အထိ အပူပြင်းဆုံးသော နွေရာသီကာလဖြစ်ပြီး ဇူလိုင်လမှ ဩဂုတ်လအထိ ကာလမှာမူ မစဲတမ်း ရွာသွန်းတတ်သည့် မုတ်သုန်မိုးရာသီ ကာလပင် ဖြစ်သည် ။ မိုးတွင်းကာလတွင် သစ်ထုတ်လုပ်ရေးလုပ်ငန်း ကောင်းသောကာလ ဖြစ်သည် ။ ခုတ်လှဲထားသော သစ်လုံးများကို မြစ်ကြောင်းအတိုင်း မျှောချကာ ရန်ကုန်ရှိ ကုမ္ပဏီပိုင် သစ်ကွင်းဆီသို့ အရောက် ပို့ရသည် ။ အောက်တိုဘာလတွင် မိုးရာသီကုန်ဆုံးကာ ရုတ်တရက် ကျရောက်လာတတ်သော မုန်တိုင်းများ ဖြင့် အဆုံးသတ်သွားလေ့ ရှိသည် ။ မိုးရာသီကုန်ဆုံးသည် နှင့် လယ်ကွင်းများ ခြောက်သွေ့ကာ တိုတောင်းလှသော ဆောင်းရာသီက လေပြေညင်းကလေးများ နှင့် အတူ ဝင်ရောက်လာသည့် အခါ ကျေးလက်ဒေသများ ရှိ စားကျက်မြက်ခင်းစိမ်းများ ထက်တွင် အရိုင်းပန်းလေးများ ပွင့်လန်းလာပုံက ရှေးဖြစ်ဟောင်းများကို အောက်မေ့ဖွယ်ပင်။ စပါးပင်များ ရင့်မှ ည့်လာချိန်တွင် အထက်အညာဒေသ၌ ညအပူချိန်ကျဆင်း လာပြီး တောင်ကြားဒေသများ နှင့် တောင်ကုန်း များ ထက်တွင် မြူခိုးတို့ မှိုင်းဝေနေတတ်ပေသေးသည် ။

လောရင့်စ်၏ ကုမ္ပဏီက အားလပ်ရက်ခွင့်ပေးရာတွင် ရက်ရောလှသည် ။ လူငယ်သွေးသစ်များကို ကျန်းမာရေးနှင့် ညီညွတ်စေရန် ခွင့်ပြုပေးထားခြင်း ဖြစ်ဟန်တူသည် ။ အခြားသောဝန်ထမ်းများကဲ့သို့ပင် လောရင့်စ်သည် လည်း ရန်ကုန်သို့ အလည်အပတ်သွားရသည် ကို နှစ်သက်ပါသည် ။ သစ်စခန်းတွင် တစ်ယောက်တည်း နေထိုင်ရသည့် ရှည်လျားလှသော ညနေခင်းများကို အဖော်ပြုကျော်ဖြတ်ရန် အင်္ဂလိပ်စာအုပ်ဆိုင်မှ စာအုပ်များ အထပ်လိုက်ယူလာ တတ်သည် ။ ဂျင်နှင့် တောနစ်

အားဖြည့်အချိုရည်တို့ ကို ရေခဲစိတ်ကြိုက်ထည့်၍ သောက်နိုင်သည့် ညစာစားပွဲများ ၊ တောင်စခန်းမြို့တစ်မြို့ဖြစ်သော မေမြို့ရှိ ထင်းရှူးမြိုင် လူပျိုဆောင်တွင် အပေါင်းအဖော်များ နှင့် စိတ်အေးချမ်းသာစွာ အပန်းဖြေနေရသည် များကို လောရင့်စ်က နှစ်သက်ပါ သည် ။ ထင်းရှူးမြိုင် လူပျိုဆောင်မှာ ကုမ္ပဏီပိုင်ဖြစ်ပြီး လူပျိုဝန်ထမ်းများ နေခွင့်ပြုထားသည့် အဆောင်ဖြစ်သည် ။ သို့ရာတွင် ဗြိတိသျှကလပ်များက လောရင့်စ် ဘဝင်တွေ့စေမည့် အရာတစ်ခုကို ပေးထားပါသေးသည် ။

''ဘယ်သူက အရှင်သခင်ဆိုတာ ဒီကလူတွေ သိကြတယ်''

ဟု စကော့တီက ဆိုသည် ။ သို့တိုင်အောင် ရံဖန်ရံခါ လောရင့်စ် အံ့ဩမိရသည် ။ 'သူတို့ ' နှင့် 'ကိုယ်တွေ' ဟူသော စကားလုံးနှစ်လုံးအကြား ခြားနားမှုက ဤမျှ လွယ်ကူသည် လား။ လောရင့်စ် မစဉ်းစားတတ်တော့။ စင်စစ်တွင် သည် အချက်က ဂရုဓမ္မ မဲ့လွန်းလှသော လူမျိုး ရေးခွဲခြားမှုဝါဒပင်။ သည် အချက်က ထင်မြင်ချက် သက်သက်ထက် မကပါ။ ထိုသို့သော ထင်မြင်ချက်မျိုးကို အမှန် ယူနိုင်ပါမည်လား။ 'သူတို့ '၏ မျက်ဝန်းများ ထဲတွင် တစ်စုံတစ်ခု ရှိနေသည် ဟု လောရင့်စ်စိတ်တွင် ထင်နေမိသည် ။

ဈေးဆိုင်တစ်ဆိုင်အနီးတွင် မတ်တတ်ရပ်လျက်ရှိသော မိန်းကလေး၏ မျက်ဝန်းအစုံတွင် လည်း တစ်စုံတစ်ခု ရှိနေပါသည် ။ လောရင့်စ်က မိန်းကလေးကို ဘေးတိုက် မြင်ကွင်းဖြင့် ကောင်းစွာမြင်တွေ့နေရသည် ။ လူလုံးလူဖန် ငယ်သော်လည်း သပ်သပ်ရပ်ရပ်နှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချပုံပေါ်သည် ။ မိန်းကလေးက လှမ်းကြည့်လိုက်သည် တွင် လောရင့်စ်တစ်ယောက် နေမထိ ထိုင်မသာ ဖြစ်ရသည် ။

ဆိုင်ရှင်က အိန္ဒိယလူမျိုးတစ်ယောက်ဖြစ်ပြီး

လက်ရက်ကော်ဇောကြမ်းနှင့် စောင်များ ရောင်းသည့် ဆိုင် ဖြစ်သည် ။ မိန်းကလေးက ပိတ်စတစ်စကို ကိုင်တွယ် ကြည့်ရှုနေသည် ။ ပိတ်စမှာ မိန်းကလေး၏ သွယ်လျသော လက်ချောင်းလေးများကြားတွင် ပေါ့ပါးစွာ ရှိနေသည် ။ သူက လိမ္မော်ရောင် တောက်တောက်နှင့် အဝါရောင်တို့ ရောယှက်ထားသော ထဘီကို ဝတ်ဆင်ထားသည် ။ ထဘီ အဆင်အသွေးက နေညိုချိန်အလင်းတန်းများ ဖြာကျနေ သည် သို့ပင်။ နက်မှောင်သောဆံပင်တို့ က ပခုံးကို ကျော်၍ ကျနေသည် ။ ဆံကေသာတို့က ငှက်တစ်ကောင်၏ ဆီလူးထားသည့် တောင်ပံလို နက်မှောင်တောက်ပြောင် နေသည် ။ လက်သည်းခွံလေးများက ပန်းနုရောင်ဖျော့ဖျော့ ပြေးနေလိုက်သည် မှာ ဖြူလုလုနီးပါး။ နှုတ်ခမ်းဖူးဖူးလေးများကလည်း အမှ ည့်နာနေသည့် ဆီးသီးလေးတစ်လုံးနှယ် ရှိသည် ။ မျက်ခုံးရိုးထက်တွင် သေးသွယ်သော မျက်ခုံးတွန့်လေး တစ်စုံက နေရာယူထားပြန်သည် ။ လူငယ်သလောက် သူ၏ အလှက ပြီးပြည့်စုံလှပါသည် ။

စကော့တီက လောရင့်စ် ေးမောရာဆီသို့ လိုက် ကြည့်လိုက်သည် ။ လောရင့်စ်ရှေ့သို့ ကိုယ်ကိုကိုင်းရင်း...

''မင်း ဘာတွေ တွေးနေတာလဲ၊ ငါ သိတယ်နော်''

ဟု စကော့တီက ဆိုသည် ။

လောရင့်စ်က စကော့တီ၏ ပြုံးဖြီးဖြီး စကားသံကို လျစ်လျူရှု ထားလိုက်သည် ။

''သူလေးက ေးယူရလောက်အောင် လှတာကိုး''

မိန်းကလေးရှိရာ ဈေးဆိုင်ဘက်ဆီသို့ လောရင့်စ်၏ ခြေလှမ်းများက အလိုလိုပင် ရွေ့လျားသွားကြသည် ။ မိန်းကလေးက ဆွဲဆောင်နိုင်စွမ်း ရှိလှသည် ။ မိန်းကလေး အများ အပြားက သူ့ကဲ့သို့ပင်

ဆွဲဆောင်နိုင်စွမ်း ရှိကြသည် မှာ မှန်ပါသည် ။ ဟယ်လင်သည် လည်း ဆွဲဆောင်နိုင်စွမ်းရှိသူ ဖြစ်သည် ။ ဟယ်လင်၏ အလှက မိဘများ သတိပေးသကဲ့သို့ပင် ထိရှလွယ်သော အင်္ဂလိပ်အလှမျိုးဖြစ်သည် ။ ထို့ထက်ပို၍ ထူးခြားသည် က ဟယ်လင်သည် လောရင့်စ် ဖခင်နှင့် လုပ်ငန်းဘက်လည်း ဖြစ်၊ အရင်းနှီးဆုံးသော မိတ်ဆွေလည်း ဖြစ်သူ၏ တစ်ဦးတည်းသောသမီး ဖြစ်နေခြင်းပင်။ သို့ပေမည့် ဟယ်လင်၏ သွင်ပြင်က လောရင့်စ်၏ ရင်ကို လှုပ်ခတ်စေရုံသာမက ရင်သို့ ထိချက်ပြင်းလှသည် ။

''ဘာအလိုရှိပါသလဲ ခင်ဗျာ''

ဆိုင်ရှင်က လောရင့်စ်၏ စိတ်ဝင်စားမှုကို ချက်ချင်းပင် သတိပြုမိဟန် ရှိသည် ။

''ကော်ဇောအသစ် ကောင်းကောင်း ရှိပါတယ်။ အနီရောင်၊ အပြာရောင်၊ အဝါရောင် အစုံရပါတယ်၊ ဘာအရောင်များ ကြိုက်ပါသလဲ၊ ဘယ်အရွယ်အစားများ လိုချင်ပါသလဲ''

လောရင့်စ်ကို ဆိုင်ရှင်က ဈေးကြိုစကား ဆိုလိုက် သည် ။

''စောင်တစ်ထည်လောက်...''

လောရင့်စ်က ဆိုင်ရှင်ကို ပြန်ဖြေလိုက်သော်လည်း သူ့အကြည့်တို့က မိန်းကလေးထံတွင် သာ။

လောရင့်စ်၏ စကားသံကြားသွားသည့် မိန်းကလေးက တစ်ချက် လှမ်းကြည့်လာသော်လည်း ချက်ချင်းပင် မျက်လွှာပြန်ချသွားသည် ။ ဗမာလူမျိုးတို့ ကား ထိုနည်းနှင်နှင် ပင်။ သူတို့ သည် တည်ငြိမ်အေးချမ်းပြီး တစ်ပါးသူ အလိုကို အလွယ်လက်ခံလေ့ရှိသူများ မဟုတ်ကြဘဲ ကိုယ့်ကို

ယ်ကိုယ် အများ အာရုံမစိုက်မိစေရန် နေတတ်ကြသည် ။ သူ၏ မိခင်နှင့် ဟယ်လင်ကဲ့သို့သော မိန်းမသားမျိုးပင်ဖြစ်သည် ဟု လောရင့်စ်က တွေးမိသည် ။

''သူတို့ သွားရမယ့်နေရာကို သူတို့ သိတယ်''

ဟု စကော့တီကတော့ ပြောမည်ပင်။ လောရင့်စ်ကမူ သည် ထက်မက သူတို့ သိထားမည်ဟု သံသယဖြစ် သည် ။ ထိုသို့ သိထားသည် ကို မဖော်ပြမိစေရန် ဂရုတစိုက် ရှိကြမည်ကိုလည်း သံသယဖြစ်စရာ မရှိပါ။

''ဘယ်လို စောင်အမျိုးအစားထဲက လိုချင်ပါသလဲ ခင်ဗျာ၊ သိုးမွေးစောင်လား၊ ချည်စောင်လား၊ ပိုးစောင်လား။ ကျွန်တော့်မှာ မျိုးစုံရှိပါတယ်၊ ဘယ်အရောင် ယူပါမလဲ၊ အနီရောင်လား၊ အဝါရောင်လား၊ အညိုရောင်လား''

ဆိုင်ရှင်က စောင်တစ်ထည်ကို ကျင်လည်စွာ ဆွဲထုတ်လိုက်သည် ။ ထို့နောက် တစ်ထည်ပြီးတစ်ထည် ထပ်ထုတ်ကာ လောရင့်စ်၏ ရှေ့တွင် စိတ်ကြိုက်ရွေးနိုင်ရန် ခင်းကျင်းပြသလာသည် ။ တဒင်္ဂအတွင်းမှာ ပင် အရောင်အသွေးစုံ စောင်တို့ ဖြင့် ဆိုင်တစ်ခုလုံး ဖရိုဖရဲဖြစ်သွားရသည် ။

စကော့တီက ဆိုင်ဘေးတစ်ဖက်တွင် ရပ်နေပြီး စီးကရက် တစ်လိပ်ကို ပင်ပန်းနွမ်းလျစွာဖြင့် မီးညှိနေသည် ။

မိန်းကလေးက ဆိုင်မှ ထွက်သွားမည့် ဟန်ပြင်နေ သည် ။

''ဟောဟိုတစ်ထည်...''

လောရင့်စ်က မိန်းကလေး၏ လက်ထဲတွင် ဆုပ်ကိုင်ထားဆဲဖြစ်သော စောင်ကို လက်ညှိုးညွှန်ကာ ကမန်းကတန်း ပြောချလိုက်သည် ။

''အဲဒီတစ်ထည် ကြည့်ပါရစေ''

''ရတာပေ့ါခင်ဗျာ၊ ရွေးတာ တော်လိုက်တာ''

ဆိုင်ရှင်ကဆိုရင်း မိန်းကလေး၏ လက်ထဲက စောင်ကို ဆွဲယူလိုက်သည် ။

မိန်းကလေးက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး လှပတင့်တယ်စွာပင် နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားသည် ။ အနီရောင်ပိုးသား ခြေညှပ်ဖိနပ်စီးထားသော မိန်းကလေး၏ သေးသွယ်သော ခြေအစုံကို လောရင့်စ်က သတိပြုလိုက်မိသည် ။

''စိတ်မရှိနဲ့ နော်''

လောရင့်စ်က မိန်းကလေးအား စကားစလိုက်သည် ။

''မိန်းကလေးက အရင်ရောက်တာပဲ''

မိန်းကလေးက ခေါင်းယမ်းပြရင်း နောက်သို့ ခြေတစ်လှမ်း ထပ်ဆုတ်သွားပြန်သည် ။

'သူ အင်္ဂလိပ်စကား ပြောတတ်ရဲ့ လား' လောရင့်စ် စိတ်ထဲတွင် အံ့သြတကြီး တွေးနေမိသည် ။ ဗမာလူမျိုး အများ စုက အင်္ဂလိပ်စကား သာမက ဟိန္ဒူစတန်နီဘာသာ စကားကိုပါ တတ်ကျွမ်းကြသည် လေ။

စကော့တီက ဗမာစကားကို ကျင်လည်စွာ ပြောတတ်သူဖြစ်သည် ။ မိန်းကလေးသာ အင်္ဂလိပ်စကား မပြောတတ်ပါက စကော့တီကိုပင် စကားပြန်လုပ်ခိုင်းရလေမလား တွေးနေမိသည် ။ သူကိုယ်တိုင်ကမူ ဗမာစကားကို အချိန်ပေးသင်ယူ နိုင်ခြင်း မရှိသေးပါ။

''တကယ် စိတ်မကောင်းပါဘူး၊ ကျွန်တော် ရိုင်းသလို ဖြစ်သွားလားဟင်''

လောရင့်စ်က မိန်းကလေးကို တောင်းပန်စကားဆိုရင်း နူးညံ့လှသော သိုးမွေးစောင်ကို ဆွဲယူလိုက်ကာ မိန်းကလေးထံ ကမ်းပေးလိုက်သည် ။

''ဒီစောင်က ကောင်းတယ်မဟုတ်လား''

လောရင့်စ်၏ အသံက သူ့နားနှင့် သူပင်လျှင် သိမ်မွေ့ နူးညံ့လွန်းနေသည် မှာ အံ့အားသင့်စရာပင်။

မိန်းကလေးက မော့ကြည့်လာသည် ။ နက်မှောင်သော မျက်ဝန်းအစုံက အေးချမ်းလှပြီး ရွှင်ပျသည့် အရိပ် အယောင် ထင်ဟပ်နေခြင်းက လောရင့်စ်အတွက် မျှော်လင့်ချက် တစ်ရပ်ပေပဲလား။ လောရင့်စ်၏ အတွေး မှန်ပါသည် ။ မိန်းကလေးက နိမ့်ကျနွမ်းပါးသော အစေခံမိန်းကလေး ဖြစ်ပုံမရ။ အထက်တန်းလွှာက အမျိုးကောင်းသမီးငယ် တစ်ယောက်ပင် ဖြစ်သည် ။ သူ့အပေါ် မိန်းကလေးက နားလည်ပေးမည်ဟု လောရင့်စ်က အတပ်ပြောနိုင်ပါသည် ။

''စောင်က အရမ်းကောင်းပါတယ်''

ပီသသော အင်္ဂလိပ်လေယူလေသိမ်းဖြင့် မိန်းကလေးက စကားပြန်လာသည် ။ အသံက နူးညံ့ပျော့ပျောင်းပြီး သိမ်မွေ့လှသည် ။ လောရင့်စ်၏ အာရုံတို့ ကို ရိုက်ခတ်လိုက် သည့် နှယ်ပင်။ လောရင့်စ်က လက်ထဲမှ စောင်ကို မိန်းက လေးထံ ထပ်မံကမ်းပေးပြန်ရာတွင် မိန်းကလေးက စောင်ကို ယူထားလိုက်သည် ။

''လောရင့်စ်ဖောက်စ်ပါ''

ဦးခေါင်းကို မသိမသာညွှတ်ရင်း သူ့ကိုယ်သူ မိတ်ဆက်လိုက်သည် ။

''ကျွန်တော့်အပြုအမူ ရိုင်းသွားတာ ခွင့်လွှတ်ပေးပါ၊ နေက ပူလွန်း

တာကိုပဲ အပြစ်တင်ရတော့မယ်ထင်ပါရဲ့ ''

သူ့ပြက်လုံးက ရယ်စရာမကောင်းလှကြောင်း လောရင့်စ် သိသော်လည်း ယခုအချိန်တွင် သူပြောနိုင်သမျှ ထဲက အကောင်းဆုံးပင်ဖြစ်သည် ။

စကော့တီက လည်ချောင်းရှင်းသံပြုရင်း...

''ဂျင်မီစကော့တ်ပါ''

ဟု မိတ်ဆက်လာသည် ။

''ကျွန်တော်တို့ နှစ်ယောက်စလုံးက မိန်းကလေးကို ဧည့်ဝတ်ပြုဖို့ အဆင်သင့်ပါ''

လောရင့်စ်က ခပ်ပြုံးပြုံးပင် ပြောလိုက်သည် ။

မိန်းကလေးက နားလည်သည့် ဟန်ဖြင့် ခေါင်း တစ်ချက်ညိတ်ပြသော်လည်း အပြန်အလှန် မိတ်ဆက်စကား ပြောကြားလာခြင်း မရှိပေ။

ဘာဆက်ပြောရမလဲ...။ လောရင့်စ် စကားမဆက်တတ်တော့။ စင်စစ်တွင် လောရင့်စ်သည် မိန်းကလေးများကျအောင် စကားပြောကောင်းသူတစ်ဦးဖြစ်ပြီး ရယ်စရာ မောစရာများ ပြောကြားကာ မိန်းကလေးများကို နွေးထွေး ရွှင်ပျစေရန် ဖန်တီးရာတွင် ကျွမ်းကျင်လှသူ ဖြစ်သည် ။ မိန်းကလေးများကို ဆွဲဆောင်ပြောကြားရာတွင် အတွေ့အကြုံ မနည်းလှသူဖြစ်သော်လည်း တစ်နေ့တွင် ဟယ်လင်ဖော်စတာနှင့် သာ ပေါင်းဆုံရမည်ဆိုသော အသိက လောရင့်စ်ကို မြှာပွေသူ မဖြစ်စေခဲ့ပါ။ သို့ရာတွင် ယခုမြင်တွေ့နေရသော မိန်းကလေးက အခြားမိန်းကလေးများ နှင့် မတူပါချေ။ သည် မိန်းကလေးက အင်္ဂလိပ်တစ်ယောက် မဟုတ်ပါ။ မည်သို့ ရှေ့ဆက်ရမည်ကို လောရင့်စ် မတွေးတတ်တော့။

''နာမည်လေးများ သိလို့ ရမလား''

လောရင့်စ်က မိန်းကလေးကို အနှောင့်အယှက် မဖြစ်စေရန် ညင်သာစွာ မေးလိုက်ခြင်းဖြစ်သည် ။ အနည်းဆုံးတော့ သူ့အမေးကြောင့် မိန်းကလေး ထွက်ခွာမသွား ဖြစ်သေးပါ။

''မိုးမြ''

မိန်းကလေးက ပြန်ဖြေလာသည် ။

''မိုးမြ''

လောရင့်စ်က သံယောင်လိုက် ရေရွတ်ကြည့်မိသည် ။ တိုတောင်းသော အသံလုံးတို့ က မိန်းကလေးနှယ်ပင် သေးငယ်သေသပ်မှု အပြည့်ရှိသည် ။

''တချို့ကတော့လည်း 'မရ' လို့ ခေါ်ကြပါတယ်''

ဟု မိန်းကလေးက ဆိုသည် ။ သူ့နှုတ်ခမ်းအစုံက မဆိုစလောက် တင်းတင်း စေ့သွားသည် ။

လောရင့်စ်စိတ်ထဲတွင် မိန်းကလေး၏ နှုတ်ခမ်းအစုံ ကို တပ်မက်စိတ်နှင့် တွေးနေရင်း...

''မန္တလေးမှာ ပဲ နေတာလား''

ဟု အပြုံးစွက်ကာ မေးလိုက်သည် ။

''ဟုတ်ကဲ့၊ ဖေဖေနဲ့ အတူ ဒီမှာ နေတာ များ ပါ တယ်''

'တခြားအချိန်တွေမှာ ရော ဘယ်မှာ နေလဲ၊ အမျိုးသားရော ရှိနေလား' စိတ်ထဲမှ တွေးရင်း လောရင့်စ်တစ်ယောက် သိလိုစိတ် ပြင်းပြနေခဲ့သည် ။

''တစ်ခါတလေတော့ မေမြို့မှာ နေပါတယ်၊ ဖေဖေ က မေမြို့မှာ အိ

မ်တစ်လုံးရှိတယ်လေ''

လောရင့်စ်က ခေါင်းတစ်ချက်ညိတ်ကာ နားလည်ဟန်ပြုလိုက်သည် ။ တောင်ပေါ်စခန်းမြို့ဖြစ်သော မေမြို့၏ အေးမြသော ရာသီဥတုက အင်္ဂလန်နှင့် အလားတူဖြစ်သည် ဟု အချို့က ဆိုကြသည် ။ ဒေါင်းနင်းလမ်း၊ သစ်တောလမ်း အစရှိသည့် လမ်းအမည်တို့ ကလည်း ဇာတိမြေမှ လမ်းများ အတိုင်း အမည်ပေးထားခြင်းဖြစ်သည် ။ သူ၏ အင်္ဂလိပ် ပီသမှုက မြန်မာလူမျိုးတို့ အပေါ် နားလည်ရခက်ခဲစေသည် ဟု လောရင့်စ်က သိထားသည့် တိုင် အရိုင်းပန်းလေးများ ဖူးပွင့်ဝေဆာနေကြသည့် ပန်းခြံတစ်ခုအကြောင်းကိုပင် နားလည်ရ ခက်ခဲနေခဲ့ရသည် ။ မေမြို့သို့ လာရောက်ကြ သူများမှာ ဗြိတိသျှလူမျိုးများ ချည်း သက်သက်တော့ မဟုတ်ကြပါ။ မန္တလေးမြို့ရှိ ကြေးရတတ်မိသားစုတိုင်း လိုလိုပင် မေမြို့တွင် အိမ်တစ်လုံး ပိုင်ဆိုင်ထားလေ့ရှိကြပြီး အားလပ် ရက်များ နှင့် သီတင်းပတ်ကုန်ရက်များ တွင် အပန်းဖြေအဖြစ် လာရောက်လေ့ရှိကြသည် ။ မိန်းကလေး၏ ဖွင့်ဟပြောကြား ချက်က သူနှင့် ပတ်သက်သည့် လောရင့်စ်၏ ထင်မြင်ချက် ကို ကျားကန်ပေးသကဲ့သို့ ရှိသည် ။ မိန်းကလေးသည် ဆင်းရဲနွမ်းပါးသော သာမန်ဒေသခံတစ်ယောက် မဟုတ်ပါ။ သူသည် အထက်တန်းလွှာမှ မိန်းကလေးတစ်ဦးသာဖြစ်မည် သေချာလှသည် ။

''ဆင်ဘိုရွာမှာ လည်း ကျွန်မရဲ့ ကြီးတော် တစ်ယောက် ရှိတယ်လေ၊ အဲဒီရွာလေးက ဧရာဝတီ မြစ်ကမ်းဘေးမှာ မြစ်ကြီးနားမြို့နဲ့ နီးပါတယ်''

မိန်းကလေးက ပိုးဖိနပ်နီရဲရဲ စီးနင်းထားသော သူ့ခြေထောက် သူ ငုံ့ကြည့်ရင်း ပြောလာသည် ။

''ကြီးတော်က တစ်ယောက်တည်းနေတာ၊ တစ်ခါတလေ သူ့ကို အကူအညီပေးဖို့ သွားနေပေးရတတ်ပါ တယ်''

သည် တစ်ချက်က လောရင့်စ်အတွက် ပို၍ ပင် စိတ်ဝင်စားဖွယ်ရာ ဖြစ်ခဲ့ရသည် ။ လောရင့်စ် အလုပ်ဝင်ရ သည့် မြစ်ကြီးနားမြို့အနီးမှ သစ်ထုတ်လုပ်ရေးစခန်းမှာ ဆင်ဘိုရွာနှင့် မိုင်အနည်းငယ်မျှသာ ကွာလှမ်းသည် ။

မိန်းကလေးက သူ၏ မျက်တောင်ကော့များကြားမှ လောရင့်စ်ကို တိတ်တခိုး ကြည့်ပြန်သည် ။ 'သည် မိန်းကလေး သူ့ကိုများ အသည်းယားအောင် လုပ်နေရော့သလား' ဟု လောရင့်စ်က တွေးနေမိသည် ။ မိန်းကလေး တစ်ယောက် ဆီမှ သည် သို့ တုံ့ပြန်ပုံမျိုးနှင့် အကျွမ်းတဝင် မရှိသော်လည်း မိန်းကလေး၏ မျက်ဝန်းထဲတွင် လောရင့်စ်ကို ရှေ့ဆက်တိုးစေရန် ဆွဲဆောင်နေသည့် တစ်စုံတစ်ခုကို မြင်တွေ့နေရ သည် ။ စကော့တီက စီးကရက်တိုကို မြေသို့ချကာ ဘွတ်ဖိနပ်ဖနောင့်ဖြင့် နင်းချေလိုက်သည် ကို လောရင့်စ် မြင်လိုက်သည် ။ စကော့တီတစ်ယောက်တည်း ပျင်းရိလာ နေပုံကိုလည်း လောရင့်စ်က သတိပြုမိလိုက်သည် ။

''ကလပ်မှာ ပြန်ဆုံမလား လောရင့်စ်ရေ...''

စကော့တီက ပြောလာသည် ။

''အေး...အေး...ကောင်းတာပေါ့''

ဟု ဆိုရင်း မိန်းကလေးကို မည်သို့ လောကွတ်ပြုရ မလဲဟု တွေးနေသည် ။ ကလပ်က ဘားဆိုင်ကို ခေါ်သွား ရမှာ ကောင်းမလား။ မိန်းကလေးကို ခေါ်လို့ ကောင်းပ့ါ မလား။ အမျိုးစုံ တွေးတောသော်လည်း လောရင့်စ် တစ်ယောက် အဖြေမရ။ တစ်နေရာရာသို့ ဖိတ်မန္တကပြုကာ ညေ့ဝတ်ပြုရန် ပြောရမည့် အစား...

''ဆက်ပြောပါဦး''

ဟု သာ ပြောလိုက်မိသည် ။

''ဘာတွေ ထပ်ပြောရဦးမှာ လဲ''

မိန်းကလေး၏ မျက်ဝန်းများက အပြစ်ကင်းစင်လွန်း လှသည် ။

''မန္တလေးအကြောင်းတွေပေါ့၊ ပြီးတော့ မန္တလေးမှာ နေရတဲ့ မင်းရဲ့ ဘဝအကြောင်း ဆိုပါတော့''

ကလပ်သို့ ဖိတ်ခေါ်ခြင်းမပြုရန် လောရင့်စ်က ဆုံးဖြတ်လိုက်သည် ။ မိန်းကလေးသည် ကလပ်နှင့် မအပ်စပ် ပါ။ သူ့ကို စော်ကားသကဲ့သို့ မဖြစ်ရန် လောရင့်စ်က ထိုသို့ စိတ်ပိုင်းဖြတ်လိုက်ခြင်း ဖြစ်သည် ။

မိန်းကလေးက ပခုံးကို အသာအယာတွန့်ပြလာ သည် ။ ဥရောပ သားများက ထိုမေးခွန်းမျိုး ချဉ်းကပ်မေးမြန်း လေ့ရှိသည့် ဟန်ပင်။

''မန္တလေးအကြောင်း ကောင်းကောင်း သိမှာ ပေါ့''

လောရင့်စ်က စကားဆက်သည် ။

''ကျွန်မတို့ မိသားစုက မန္တလေးမှာ ပဲ နေတာလေ၊ ဘွားဘွားက နန်းတွင်းအပျိုတော်ပါ''

မိန်းကလေး၏ ပါးလျလျကျောပြင်က ပင်ကိုကပင် ခပ်မတ်မတ် ဖြစ်သည့် တိုင် သူ၏ အဘွားအကြောင်း ပြောပြ လာသည့် အခါ ရှိရင်းစွဲထက်ပင် ပို၍ မတ်သွားသယောင် ရှိသည် ။

''တကယ်လား...''

လောရင့်စ်က ပြန်မေးရင်း မိန်းကလေး၏ လက်ကို အရဲစွန့်ကာ ဆွဲကိုင်လိုက်သည် ။

''တကယ်ပေါ့၊ အမှန်အတိုင်းပဲ ပြောတာ''

''စောင်ယူလိုက်မှာ လားခင်ဗျာ''

ဆိုသည့် ဆိုင်ရှင်၏ ကြားဖြတ်မေးမြန်းသံက မကျေနပ်ဟန် စွက်နေသည် ။

''ဒီစောင်ကို ကြိုက်တယ်မဟုတ်လားခင်ဗျာ''

''လမ်းတစ်ပတ်လောက် လျှောက်ရအောင်လား''

လောရင့်စ်က ဆိုင်ရှင်ကို ပြန်မဖြေဘဲ မိန်းကလေး ကိုသာ မေးမြန်းလိုက်ခြင်းပင်။

မိန်းကလေးက ဘေးပတ်ဝန်းကျင်သို့ တစ်ချက် ကြည့်လိုက်သည် ။ သည် အနီးအနားတွင် လမ်းလျှောက် ထွက်ရန် နေရာမရှိသည်ကလည်း အမှန်ပဲ ဖြစ်သည် ။

''ကျုံးဘေး သွားကြမလား၊ မဝေးပါဘူး''

သူ၏ စကားသံမှာ မဆင်မခြင်နိုင်လွန်းလှသည် ဟု ပင် လောရင့်စ် ကိုယ်တိုင် ခံစားနေမိသည် ။ သို့ရာတွင် ထိုစကား သံ၌ တစ်စုံတစ်ခုသော အကြောင်းရှိနေပြီး မိန်းကလေး ကိုယ်တိုင်လည်း ထိုတစ်စုံတစ်ရာကို စိတ်တွင်းမှ ခံစား သိရှိကောင်း သိရှိနေမည်ဖြစ်ပါသည် ။

''စောင်က ယူမှာ လားခင်ဗျာ''

ဆိုင်ရှင်၏ အသံက ထပ်မံ ထွက်ပေါ်လာသည် ။

''ကျွန်တော် ယူမှာ ပါ''

လောရင့်စ်က ဆိုရင်း ပိုက်ဆံအိတ်ဆီသို့ လက်လှမ်း လိုက်သည် ။

မိန်းကလေးက...

''ရှင် ဈေးမပြောရသေးဘူးလေ''

ဟု ကမန်းကတန်း ဝင်ပြောလာသည်။

လောရင့်စ်က ပြုံးဖြီးဖြီးဖြစ်သွားကာ...

''ဘယ်လောက် ကျမှာ လဲ''

ဟု ဆိုင်ရှင်ကို မေးလိုက်သည်။

''ဈေးမှန်ပဲ ပြောနော်၊ အများကြီးပြောရင် ကျွန်တော် စိတ်ပြောင်းသွားနိုင်တယ်''

ဆိုင်ရှင်က ဈေးပြောလာသည် တွင် မိန်းကလေးက ဈေးဝင်ဆစ်ပေးပြီး နောက်ဆုံး၌ သဘောတူညီမှု ရသွား ဟန်ဖြင့် ဆိုင်ရှင်က ပခုံးတွန့် ခေါင်းညိတ်ကာ စောင်ကို သပ်သပ်ရပ်ရပ် ပြန်ခေါက်ပေး နေသည်။

ဆိုင်ရှင်ကို ကျသင့်ငွေ ကမ်းပေးရင်း အဖွင့်လှခဲ့ သော မိန်းကလေးနှင့် ဆက်ဆံရေးအတွက် ပီတိဖြစ်နေမှု တို့ ကို လောရင့်စ်က ကြိုးစား ဖုံးကွယ်ထားလေသည်။

မိန်းကလေးက စောင်ကို လောရင့်စ်ထံ ကမ်းပေး ရင်း...

''သူတို့ တောင်းသမျှ ပေးမယ်ဆိုရင် ရှင့်ကို အလေး ထားမှာ မဟုတ်တော့ဘူး''

ဟု ညင်သာစွာ ပြောကြားလာသည်။

စောင်ကမ်းပေးရန် အနားတိုးကပ်လိုက်သော မိန်းက လေး၏ ပူနွေးသော ထွက်သက်လေက လောရင့်စ်၏ လည်တိုင်သို့ ထိတွေ့လာသည်။

အုန်းဆီမွှေးနံ့က သင်းပျံ့လှ သည် ။ သည် တစ်ကြိမ်တွင် မိန်းကလေး၏ သာမန်ဒေသခံ ဗမာလူမျိုးများ နှင့် မတူညီသည့် အချက်ကို ပထမဆုံး မြင်တွေ့လိုက်ရသည် ။ မိန်းကလေးသည် ဥရောပသား တစ်ယောက်ဖြစ်သော လောရင့်စ်ကို တန်းတူရည်တူ ဆက်ဆံ လာလေသလား။ စကော့တီ၏ အပြောအရ သိရှိ ထားသည့် 'ကိုယ်တွေ'နှင့် 'သူတို့ 'အကြား အလွှာနှစ်ရပ် ကွဲပြားမှုသည် မိန်းကလေးအတွက် မသက်ဆိုင်တော့ပြီလား။ လောရင့်စ်ကိုယ်တိုင်လည်း နားမလည်တော့။

သို့ရာတွင် သည် အချက်က မကောင်းသည့် အချက် မဟုတ်ဟု သာ လောရင့်စ် မှတ်ယူလိုက်သည် ။

'အပေးအယူတော့ ရှိရမယ်၊ ဒါက ကစားပွဲ စည်းမျဉ်းပဲ...' လောရင့်စ် တွေးမိသည် ။

''ကျေးဇူးတင်တယ်နော်''

လောရင့်စ်က ဆိုရင်း...

''အခု ဘယ်သွားကြမလဲ''

ဟု မေးလိုက်သည် ။

''ကျုံးဘေး လမ်းလျှောက်ကြမယ်လေ...၊ ပြီးတော့ မန္တလေးအကြောင်းတွေ ပြောပြမှာ ပေါ့''

* * *